# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်   ၂၀၁၆ ခုနှစ်၊ မတ် ၁၂ ရက်၊ စနေနေ့   အတွဲ [၅၅]၊ အမှတ် [၁၆၄]


## မေတ္တာ အာနိသင်

မေတ္တာတရားကို ပွားများခြင်းသည် အကျိုးစီးပွားကို အလိုရှိသူတို့အတွက် လည်းကောင်း၊ အလိုမရှိသူတို့အတွက် လည်းကောင်း၊ ကုသိုလ်ကျေးဇူးကို ဆောင်ရွက်နိုင်၏။

လူတိုင်း လူတိုင်းသည် အာနိသင်ကြီးမားလှသော မေတ္တာပွားများခြင်းကို ကောင်းစွာမှီဝဲအပ်၏။

(မိလိန္ဒပဉှာ၊ မေတ္တာဘာဝနာနိသံသ-၁၉၇)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်အတွင်း ဧရာဝတီမြစ်ရေတိုက်စားမှုမှ ကာကွယ်နိုင်ရန် ရေလွှဲဖြတ်မြောင်းတူးဖော်နေမှုစစ်ဆေး



နေပြည်တော်   မတ်   ၁၁

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ် ဝါသလ-မေဒုံရွာအနီး မြစ်ကမ်းစားခြင်းနှင့် ရေဘေးအန္တရာယ်ကာကွယ်ခြင်းလုပ်ငန်းစီမံကိန်းနှင့် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ စင်ကာပူ-မြန်မာသက်မွေးပညာသင်တန်းကျောင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးမြင့်လှိုင်၊ ဦးခင်မောင်စိုး၊ ဦးဇေယျာအောင်၊ ဦးဉာဏ်ထွန်းအောင်၊ ဦးရဲထွဋ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်မင်းနောင်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှတစ်ဆင့် ရဟတ်ယာဉ်များဖြင့် ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ရေလယ်သောင်ကျေးရွာသို့ ရောက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဟင်္သာတခရိုင် ဇလွန်မြို့နယ် ဝါသလနှင့် မေဒုံရွာများအနီး မြစ်ကမ်းစားခြင်းနှင့် ရေဘေးအန္တရာယ်ကာကွယ်ခြင်းလုပ်ငန်း စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဒုတိယဝန်ကြီး ဦးခင်ဇော်က လုပ်ငန်းစီမံကိန်းနှင့် စပ်လျဉ်းသည့် အချက်အလက်များ၊ ဖြတ်မြောင်းတူးဖော်နေမှု၊ လုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက ပြန်လည်သုံးသပ်ဆွေးနွေးပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် စီမံကိန်းနယ်မြေအတွင်း စက်ယန္တရားကြီးများအသုံးပြု၍ လုပ်ငန်းဆောင်ရွက်နေမှု၊ ရေလွှဲဖြတ်မြောင်းတူးဖော်နေမှု၊ လုပ်ငန်းပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

***စာမျက်နှာ ၈ ကော်လံ ၁*** ✻

**နိုင်ငံတော်သမ္မတဦးသိန်းစိန် ဟင်္သာတခရိုင် ဇလွန်မြို့နယ် ဝါသလနှင့် မေဒုံရွာအနီး မြစ်ကမ်းစားခြင်းနှင့် ရေဘေးအန္တရာယ်ကာကွယ်ခြင်းလုပ်ငန်း စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)






## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# သတင်းလွတ်လပ်ခွင့်နှင့် တိုင်းပြည်တိုးတက်ရေး

လူ့အခွင့်အရေးကော်မရှင်၏ Article 19 အရ လူတိုင်းလူတိုင်း သတင်းအချက်အလက်များကို လွတ်လပ်စွာရယူနိုင်ခွင့်ရှိမည်ဆိုခြင်းသည် မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါလျက်ရှိပါသည်။ ဒီမိုကရေစီထူထောင်ရာတွင် ပြည်သူများအနေဖြင့် သတင်းအချက်အလက်နှင့် သတင်းသိပိုင်ခွင့်သည် အရေးကြီးပါသည်။

သတင်းအမှန်ကို သိရှိခွင့်ရခြင်းကြောင့် ပြည်သူများအနေဖြင့် အသိဉာဏ်ဗဟုသုတတိုးပွားရုံမက ယင်းတို့၏ လိုလားချက်၊ အားနည်းချက်၊ အားသာချက်များကို ထောက်ပြနိုင်မည်ဖြစ်ပါသည်။ သတင်းသိပိုင်ခွင့်များမှတစ်ဆင့် ပြည်သူများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို တင်ပြခွင့်ရှိမည်ဖြစ်ပါသည်။ ဒီမိုကရေစီခေတ်တွင် သတင်းသိပိုင်ခွင့်နှင့် သတင်းလွတ်လပ်ခွင့်များကို ပိုမိုတံခါးဖွင့်ပေးရမည့် အနေအထားဖြစ်ပါသည်။ ယခုအခါ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယူနက်စကိုတို့ ပူးပေါင်းကာ သတင်းအချက်အလက်ဆိုင်ရာ အခွင့်အရေးဥပဒေကြမ်း ပေါ်ပေါက်လာနေပြီဖြစ်ပါသည်။

ဥပဒေကြမ်းအပေါ် ဆွေးနွေးအတည်ပြုနိုင်ရေး ကြိုးပမ်းနေကြပြီဖြစ်ပါသည်။ သတင်းလွတ်လပ်ခွင့်သည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ပါသည်။ သတင်းအမှန်သိပိုင်ခွင့်ကို ပိတ်ဆို့ထားခြင်းဖြင့် အချက်အလက်မှန်ကိုမရရှိနိုင်တော့သလို မှန်ကန်သောဝေဖန်ထောက်ပြမှုများကိုလည်း ပြုလုပ်နိုင်တော့မည်မဟုတ်ပေ။ ထိုအခါ အများပြည်သူအကျိုးစီးပွားအတွက် လုပ်ကိုင်ဆောင်ရွက်နေသော အမှုကိစ္စတို့အပေါ် ချွတ်ယွင်းအားနည်းချက်မရှိဟုယူဆကာ လုပ်ကိုင်ဆောင်ရွက်နေကြပေလိမ့်မည်။ ထိုအခါ မှန်ကန်သော ပြုပြင်ပြောင်းလဲမှုများဖြင့် ချဉ်းကပ်နိုင်ခြင်းမရှိ၍ တိုးတက်ပြောင်းလဲမှုများ၊ တိုးတက်အောင်မြင်မှုရရှိရန်မှာလည်း ဖြစ်နိုင်ဖွယ်မရှိချေ။ လူတိုင်းလူတိုင်းသည် မိမိတို့ လုပ်ကိုင်ဆောင်ရွက်မှုအပေါ် အမှန်ဟုယူဆကြလေ့ရှိပါသည်။ လူတို့၏သဘောမှာ အမှန်ကိုမသိလျှင် အမှန်ကို ထောက်ပြဖို့ခဲယဉ်းပေလိမ့်မည်။ ထို့ကြောင့် သတင်းမီဒီယာခေတ်တွင် မှန်ကန်သောသတင်းအချက်အလက်များကို ပြည်သူများအား များများသိပိုင်ခွင့်ပေးဖို့လိုပါသည်။

သို့သော်လည်း အချို့သောနေရာများတွင် ဝေဖန်မှုနှင့် ပြဿနာများအပေါ် ဖြေရှင်းနေရမည်ကို စိုးရိမ်နေကြ၍ သတင်းသိပိုင်ခွင့်များကို ထိမ်ချန်လျှို့ဝှက်ထားကြသဖြင့် သိပိုင်ခွင့်များ ဆုံးရှုံးကာ တိုးတက်မှုများလည်း ဆုံးရှုံးနေလျက်ရှိပါသည်။ သတင်းအချက်အလက်တိုင်းကို လူတိုင်းသိရမည်ဟု မဆိုလိုပေ။ သို့သော် သိသင့်သိထိုက်သော သတင်းအချက်အလက်များကို ပြည်သူများ သိပိုင်ခွင့်မရှိခဲ့သော် တိုးတက်ပြောင်းလဲမှုများလည်း ရရှိနိုင်တော့မည်မဟုတ်ပေ။ သို့ဖြစ်၍ တိုးတက်ပြောင်းလဲလာသော ဒီမိုကရေစီခေတ်နှင့်အညီ သတင်းအချက်အလက်လွတ်လပ်ခွင့်နှင့် သတင်းသိပိုင်ခွင့်များ ပိုမိုတံခါးဖွင့်ပေးရေးကို အလေးထားဆောင်ရွက်သင့်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


## အရာထမ်းငယ် အခြေခံသင်တန်းဆင်း

**ရန်ကုန် မတ် ၁၁**

အရာထမ်းငယ် အခြေခံသင်တန်း အမှတ်စဉ်(၆၃) သင်တန်းဆင်းပွဲကို ယနေ့နံနက် ၇ နာရီခွဲက ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၌ ကျင်းပရာ ပါမောက္ခချုပ် ဦးညီညီစိုးတက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ ဗဟိုအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများမှ ဒုတိယဦးစီးမှူး သင်တန်းသားသင်တန်းသူ ၂၆၃ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ ပတ်ကြာမြင့်ခဲ့သည်။

(သတင်းစဉ်)

## (၇၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး။

(ခ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင်ဆောင်ရွက်ရန် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရရှိအောင် ဆောင်ရွက်ရာတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## ရေမြောင်းများအတွင်း စည်းကမ်းမဲ့အမှိုက်ပစ်ခြင်း တားဆီးပေးစေလို

**ထင်သာမြင်သာပြုပြင်စရာ**



ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပန်းဆိုးတန်းလမ်းနှင့် ဒေါ်သိန်းတင်လမ်းထောင့် ဗိုလ်မင်းရောင်လမ်းဆုံရှိ ရေမြောင်းကြီးတွင် အမှိုက်များပြည့်နေပြီး ရေစီးရေလာ ကောင်းမွန်ခြင်းမရှိဘဲ ညစ်ပတ်လျက်ရှိသည်ကို ထိုနေရာမှ ဖြတ်သွားသူတိုင်းက တွေ့မြင်နေကြရသည်။

"အပြင် မြောင်းသေးတွေကနေ ဒီမြောင်းမအကျယ်ထဲကို စွန့်ပစ်ရေတွေစီးဝင်အောင် မြို့တော်စည်ပင်က စနစ်တကျတူးဖော်ထားတာပါ။ ဒါပေမယ့် ဒီပတ်ဝန်းကျင်မှာနေတဲ့သူတွေက အမှိုက်တွေကို သတ်မှတ်ထားတဲ့ အမှိုက်လှောင်ကန်တွေ၊ အမှိုက်ပုံးတွေမှာ မစွန့်ပစ်ဘဲ မြောင်းတွေထဲကိုပစ်တော့ ဒီမြောင်းမကြီးမှာလာစုပုံပြီး ရေမြောင်းပိတ်နေတာလေ၊ လူမြင်ကွင်းလည်းဖြစ်တော့ အကျည်းတန်လာပြီး ကျန်းမာရေးနဲ့လည်းမညီနိုင်ဘူး။ စည်ပင်ကလာပြီး ဆယ်ယူသန့်ရှင်းအောင် လုပ်ပေမယ့် ပြန်ပြီးအမှိုက်တွေက စုလာတာပဲဗျာ။ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်သူတွေ ရှိနေသေးတယ်"ဟု ရပ်ကွက်နေ ပြည်သူတစ်ဦးက ပြောသည်။

ထိုနေရာသို့ ဖြတ်သန်းသွားလာလေ့ရှိသူတစ်ဦးကလည်း "ရေနုတ်မြောင်းဆိုတာ စွန့်ပစ်ရေနဲ့မိုးရေတွေ လမ်းမပေါ်တက်မလာစေဖို့နဲ့ ရေစီးရေလာလွယ်ကူစေဖို့ ရေနုတ်မြောင်းတွေ တူးပေးထားတာပါ။ အခုလို အမှိုက်တွေနဲ့ဆိုတော့ ခြင်တွေ၊ ယင်တွေ ပေါက်ဖွားနိုင်တာကြောင့် ဒီလိုစည်းကမ်းမဲ့ အမှိုက်ပစ်သူတွေကိုဖော်ထုတ်ပြီး ပညာပေးစေချင်တယ်"ဟု ပြောသည်။

အထက် ပန်းဆိုးတန်းလမ်းနှင့် ဒေါ်သိန်းတင်လမ်းထောင့် ရေမြောင်းတွင် အမှိုက်များပိတ်ဆို့နေသည်ကို သတင်းမီဒီယာများတွင်လည်း ဖော်ပြခဲ့ဖူးသည်ကိုတွေ့ရပြီး ယခုအချိန်တွင်လည်း အမှိုက်များပြည့်နေလျက်သာရှိနေကြောင်း တွေ့မြင်နေကြရသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**

## ပြည်သူ့ဈေးမီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်

**ကျိုက်ထို မတ် ၁၁**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ပူပြင်းခြောက်သွေ့သော နွေရာသီသို့ ရောက်ရှိနေပြီဖြစ်သောကြောင့် မြို့နယ်အတွင်းရှိဈေးများ မီးဘေးအန္တရာယ်ကင်းဝေးစေရန် မြို့နယ်ပြည်သူ့ဈေး၌ မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်မှုကို မတ် ၉ ရက် နံနက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ မီးဘေးသရုပ်ပြလေ့ကျင့်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်စည်ပင်သာယာရေးနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့မှ ကြီးကြပ်ကာ သနွေမီးသတ်ဖွဲ့ဝင်များ၊ အရန်မီးသတ်ဖွဲ့ဝင်များ၊ ဈေးသီးသန့်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးကော်မတီများပူးပေါင်း၍ မီးသတ်ယာဉ်သုံးစီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီးနှင့် အပေါ့စားမီးသတ်စက်ငါးလုံးတို့ဖြင့် မီးငြိမ်းသတ်မှုများကို သရုပ်ပြလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၁-၃-၂၀၁၆

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၁၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၈၅၀၀ |

### စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၆၀/၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀/၅၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၇၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၀၀/၅၂၀ ကျပ် |

### စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)

| | |
|---|---|
| ဒီဇယ် | ၈၅၀၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၉၄၀၀၀/ ၉၅၀၀၀ ကျပ် |

### သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀ | - ၅၇၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၆၅၀၀ | - ၁၅၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - ၃၅၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - ၁၃၀၀၀ |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၁၉.၀ |
| ဥရောပ | တစ်ယူရို | ၁၃၆၃.၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၂.၅၀ |
| ထိုင်း | တစ်ဘတ် | ၃၄.၆၀၁ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၁၀၈ |
| တရုတ် | တစ်ယွမ် | ၁၈၇.၂၉ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၅.၅၂ |

ခင်ရတနာ-စုစည်းသည်။

# နိုင်ငံတော်အကြီးအကဲတာဝန် လွှဲပြောင်းမှုစနစ်တကျရှိစေရေးနှင့် ဝန်ကြီးဌာနများလွှဲပြောင်းမှု ချောမွေ့အဆင်ပြေရေး စတုတ္ထအကြိမ်ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်အကြီးအကဲ တာဝန်လွှဲပြောင်းမှုအထောက်အကူပြုကော်မတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အသွင်ကူးပြောင်းရေးအဖွဲ့တို့အကြား စတုတ္ထအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် သမ္မတအိမ်တော်၌ကျင်းပမည့် နိုင်ငံတော်အကြီးအကဲ တာဝန်လွှဲပြောင်းသည့်အခမ်းအနား၊ အမျိုးသားအဆင့် အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု မဟာဗျူဟာမူဘောင်ဖြစ်ပေါ်လာရေး ဆောင်ရွက်ချက်များနှင့် လုပ်ငန်းစဉ်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများ ပေါ်ပေါက်လာချိန်တွင် အမြဲတမ်းအတွင်းဝန်များက ရှင်းလင်းတင်ပြမည့် အစီအစဉ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးကို မတ်လလယ်တွင် ကျင်းပရန်သဘောတူညီကြသည်။

အစည်းအဝေးသို့ နိုင်ငံတော်အကြီးအကဲ တာဝန်လွှဲပြောင်းမှု အထောက်အကူပြုကော်မတီမှ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အုန်းနှင့် နိုင်ငံတော်သမ္မတရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ တက်ရောက်ခဲ့ကြပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ အသွင်ကူးပြောင်းရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းထိန်၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာမျိုးအောင်နှင့် ဒေါက်တာ အောင်သူတို့ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# ငမိုးရိပ်တံတား(ဗိုလ်ဗထူး)မကြာမီ ပြီးစီးတော့မည်

**ရန်ကုန် မတ် ၁၁**

လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်ချောမွေ့စေရန်နှင့်ယာဉ်ကြောပိတ်ဆို့မှုများ လျော့ကျစေရန် အထောက်အကူပြုရေးတို့အတွက် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)တို့ကိုဆက်သွယ် တည်ဆောက်လျက်ရှိသည့် ငမိုးရိပ်တံတား(ဗိုလ်ဗထူး)မှာ မကြာမီပြီးစီးကာ ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်း/တံတား)မှသိရသည်။

တံတားတည်ဆောက်ရေးအပြီးသတ်လုပ်ငန်းများ နေ့စဉ်ဆောင်ရွက်နေသော ငမိုးရိပ်တံတား (ဗိုလ်ဗထူး)သည် မြောက်ဥက္ကလာပမြို့နယ် မြောက်ဥက္ကလာအပိုင်းနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ဗိုလ်ဗထူးလမ်းတို့အား ငမိုးရိပ်ချောင်းကို ဖြတ်ကျော်ကာ တည်ဆောက်နေခြင်းဖြစ်သည်။ လောလောဆယ်တွင် တံတားကြမ်းခင်းခြင်း လုပ်ငန်းများကို အပြီးသတ်ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

ငမိုးရိပ်တံတား(ဗိုလ်ဗထူး)သည် တံတားအရှည်မှာ ချဉ်းကပ်လမ်းအပါအဝင် ပေ ၆၀၀ရှိပြီး အကျယ် ၁၁ မီတာရှိကာ နှစ်လမ်းသွား သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်သည်။ တံတား၏ ရေလမ်းကင်းလွတ်အမြင့် ၁၁ မီတာကျော်ရှိပြီး ယခုမတ်လအတွင်း တံတားတည်ဆောက်မှုလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးကာ တံတားပေါ်မှ မော်တော်ယာဉ်များ ဖြတ်သန်းမောင်းနှင်ခွင့်ပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။



လောလောဆယ်တွင် တံတားလက်ရန်းများတပ်ဆင်နေပြီးကျန်ရှိနေသောလုပ်ငန်းများကို အပြီးသတ်တပ်ဆင်နေကာ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို အပြီးသတ်ဆောင်ရွက်လျက်ရှိသည်။ ငမိုးရိပ်တံတား(ဗိုလ်ဗထူး)၏ ပင်မတံတားလုပ်ငန်းများပြီးစီးနေပြီး တံတားတစ်စင်းလုံး၏ လုပ်ငန်းဆောင်ရွက်မှုများမှာ ၈၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်သည်။

လောလောဆယ်တွင် မြောက်ဥက္ကလာပ မြို့နယ်ဘက်ခြမ်း၌ လမ်းခင်းခြင်း လုပ်ငန်းများအပြီးသတ်ဆောင်ရွက်နေသကဲ့သို့မြောက်ဒဂုံမြို့နယ်ဘက်ခြမ်းတွင်လည်း တံတားနှင့် ဆက်စပ်နေသည့်လမ်းလုပ်ငန်းများကို ပြုလုပ်လျက်ရှိသည်။ တံတားတည်ဆောက်ရေးလုပ်ငန်းအားလုံးယခုမတ်လအတွင်း အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

တံတား တည်ဆောက်ပြီးစီးသွားပါက မြောက်ဒဂုံမြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့ သာမကအခြားနေရာများသို့ မော်တော်ယာဉ်သွားလာရေး လွယ်ကူချောမွေ့သွားမည်ဖြစ်သည်။ တစ်ဖန် ရန်ကုန်မြို့တွင် ကြုံတွေ့နေရသော ယာဉ်ကြောပိတ်ဆို့မှုကိုလည်း အထိုက်အလျောက် လျော့ကျသွားစေရန် အထောက်အကူပြုနိုင်မည် ဖြစ်သည်။

**သတင်း-မိုးမြင့်လင်းလက်**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ငွေချေးသက်သေခံလက်မှတ်များ တစ်ဆင့်ခံ ဖြန့်ချိရောင်းချမည့် ကုမ္ပဏီများအား လိုင်စင်ထုတ်ပေး

**နေပြည်တော် မတ် ၁၁**

မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်သည် မြန်မာနိုင်ငံတွင် ငွေအရင်းအနှီးဈေးကွက် တိုးတက် ဖော်ဆောင်ရေး၏ အစိတ်အပိုင်း အဖြစ် ရန်ကုန်စတော့အိတ်ချိန်းကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် တည်ထောင်ဖွင့်လှစ်ခဲ့သည်။ ရန်ကုန်စတော့အိတ်ချိန်းတွင် စတော့ရှယ်ယာ ရောင်းချခြင်းများကို ယခုလအတွင်း စနစ်တကျဆောင်ရွက်နိုင်ရန်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ စတော့ရှယ်ယာများ ရောင်းဝယ်ရာတွင် အထောက်အပံ့ဖြစ်စေရန်အတွက် ငွေချေးသက်သေခံလက်မှတ်များကို တစ်ဆင့်ခံ ဖြန့်ချိရောင်းချမည့် ကုမ္ပဏီများအား သတ်မှတ်ချက် စံများနှင့်အညီ အမှတ်ပေးစနစ်ဖြင့် ရွေးချယ်ခဲ့ပြီး ယင်းကုမ္ပဏီ ၁၀ ခုအနက် လုပ်ငန်းဆောင်ရွက်ရန် အသင့်ဖြစ်သည့် ကုမ္ပဏီများကို လိုင်စင်များထုတ်ပေးလျက်ရှိသည်။

ထိုသို့ ကုမ္ပဏီများကို လိုင်စင်ထုတ်ပေးရာတွင် KBZ SC Securities Co.,Ltd နှင့် Myanmar Securities Exchange Centre Securities Co.,Ltd တို့အား ဖေဖော်ဝါရီ ၂၆ ရက်တွင် လည်းကောင်း၊ Aya Trust Securities Co.,Ltd ၊ CB Securities Co.,Ltdနှင့် KTZ Ruby Hill Securities Co.,Ltd တို့အား မတ် ၁ ရက်တွင် လည်းကောင်း၊ ငွေချေး သက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေ၊ အခန်း (၃) ပုဒ်မ၇(က)နှင့်အညီ ငွေချေးသက်သေခံလက်မှတ်များကို တာဝန်ခံ၍ တစ်ဆင့်ခံဖြန့်ချိရောင်းချသည့် လိုင်စင်များ ထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ သုတေသနအဆိုပြုစာတမ်းဖတ်ပွဲ ကျင်းပ

**နေပြည်တော် မတ် ၁၁**

မြန်မာနိုင်ငံ၏ သားငါးကဏ္ဍနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေမည့် သုတေသန အဆိုပြုစာတမ်းဖတ်ပွဲ အခမ်းအနားကို မတ် ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် နေပြည်တော်၊ ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပါရဂူ (PhD)၊ တိရစ္ဆာန်မဟာဆေးသိပ္ပံ (MVSc) နှင့် တိရစ္ဆာန်ဆေးပညာ မဟာ (MVM) သင်တန်းသား၊ သင်တန်းသူများက ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် သုတေသန အဆိုပြုစာတမ်း ၂၉ စောင်ကို တင်သွင်းဖတ်ကြားကြရာ တက်ရောက်လာကြသူများက မေးမြန်းဆွေးနွေးအကြံပြုကြကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

# တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးသစ်ဖွင့်

**တောင်ငူ မတ် ၁၁**

တောင်ငူခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးသစ်ဖွင့်ပွဲကို မတ် ၈ ရက်က တောင်ငူမြို့ ရန်ကုန်- မန္တလေး လမ်းဟောင်း ဘုရင့်နောင်ရပ်တုအနီး အဆိုပါ ရုံးနေရာ၌ ကျင်းပရာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ တိုင်းဦးစီးမှူး ဦးသိန်းလွင်၊ ခရိုင်ဦးစီးမှူး ဦးအောင်သန်းလွင်နှင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။ အဆိုပါ ရုံးသစ်ဖွင့်ပွဲကို ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ တိုင်းဦးစီးမှူး ဦးသိန်းလွင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးနှင့် မြို့နယ်ဖွံ့/ထောက် ကော်မတီဥက္ကဋ္ဌ ဦးမြင့်ညိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး ရုံးသစ်ဆိုင်းဘုတ်ကို တိုင်းဒေသကြီးဝန်ကြီး ဦးတင်စိုးက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**သူရ(တောင်ငူ)**



# ရီပတ်ဘလစ်ကန်သမ္မတ အမည်စာရင်းတင်သွင်းပွဲကို သောသောညံကစားခုန်စားပွဲတစ်ခုအဖြစ် အိုဘားမားဝေဖန်

ဝါရှင်တန် မတ် ၁၁

ရီပတ်ဘလစ်ကန်သမ္မတအမည်စာရင်းတင်သွင်းပွဲကို အမေရိကန်သမ္မတ ဘားရတ်အိုဘားမားက သောသောညံကစားခုန်စားပွဲတစ်ခုအဖြစ် ဝေဖန်လိုက်သည်။ အမေရိကန်သမ္မတသည် အိမ်ဖြူတော်တွင် ကြာသပတေးနေ့က ကနေဒါဝန်ကြီးချုပ် ဂျက်စတင် ထရူးဒိုးနှင့်တွေ့ဆုံပြီးနောက် ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

၎င်းအဆိုပြုထားသော နိုင်ငံ၏မူဝါဒတိုင်းကိုဆန့်ကျင်ပြီး ညှိနှိုင်းစေ့စပ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကို သူရဲဘောကြောင်သည့်လုပ်ရပ်အဖြစ် ပြောဆိုနေသော ရီပတ်ဘလစ်ကန်ခေါင်းဆောင်များကို အိုဘားမားက ပြစ်တင်လိုက်ခြင်းဖြစ်သည်။ ဒေါ်နယ်ထရမ့်ကဲ့သို့သောပုဂ္ဂိုလ်များ နိုင်စေမည့်အခြေအနေများကို ၎င်းတို့က ဖန်တီးလုပ်ဆောင်နေကြောင်း အိုဘားမားက ပြောဆိုလိုက်သည်။ အိမ်ခြံမြေလုပ်ငန်းရှင် ထရမ့်သည် ရီပတ်ဘလစ်ကန်ရွေးကောက်ပွဲတွင် အငြင်းပွားဖွယ်ရာ ပြောဆိုမှုများနှင့် ရင်ဆိုင်ရသည့်တိုင် ၎င်း၏ဦးဆောင်မှုများကို ချဲ့ထွင်လုပ်ဆောင်နေကြောင်း သိရသည်။

ထို့ပြင် ထရမ့်နှင့် အခြားရီပတ်ဘလစ်ကန်ပြိုင်ဘက်တို့သည် အပြုသဘောမဆောင်သည့် စည်းရုံးလှုံ့ဆော်မှုများဖြင့် မဲဆွယ်စည်းရုံးနေကြောင်း အိုဘားမားက ပြောကြားခဲ့သည်။

(အင်န်အိတ်ချ်ကေ)

# အိုင်အက်စ်ဓာတုလက်နက်အကြီးအကဲ ဖမ်းဆီးရမိဟုဆို

ဝါရှင်တန် မတ် ၁၁

အိုင်အက်စ် ဓာတုလက်နက်အကြီးအကဲကို ဖေဖော်ဝါရီလက အီရတ်နိုင်ငံ၌ စစ်ဆင်ရေးဆောင်ရွက်စဉ်အတွင်း ဖမ်းဆီးမိထားကြောင်း ပင်တဂွန်ကကြာသပတေး နေ့တွင် ပြောသည်။

အဘူဒါဝတ်ဟု လူသိများသော ဆူလ်မန်ဒါဝတ် အယ်ဘာကာကို အိုင်အက်စ် အိုင်အယ်လ်စစ်မြေပြင်ခေါင်းဆောင်အဖြစ်မှ ဖယ်ရှားလိုက်ကြောင်းပင်တဂွန် ကြေညာချက်တွင် ဖော်ပြသည်။ ၎င်းအား ကြာသပတေးနေ့အစောပိုင်းက အီရတ်အစိုးရအကျဉ်းထောင်သို့ လွှဲပြောင်းပေးလိုက်သည်ဟု ဆိုသည်။ ပင်တဂွန်က အိုင်အက်စ်တို့၏ ဓာတုလက်နက် အဆောက်အအုံများနှင့် ထုတ်လုပ်မှုကိုဒါဝတ်အပါအဝင် လေ့လာမှုများ ပြုလုပ်နေခဲ့ကြောင်း ပင်တဂွန်က ပြောသည်။ အိုင်အက်စ်တို့၏ ဓာတုလက်နက် အဆောက်အအုံများကို အမေရိကန် ညွှန့်ပေါင်းအဖွဲ့က လေကြောင်းမှ တိုက်ခိုက်စဉ်အတွင်း ၎င်းအား ဖမ်းဆီးခဲ့သည်ဟု ဆိုသည်။

(ရိုက်တာ)

# ရုရှားဒုံးပျံကာကွယ်ရေးစနစ် အီရန်သို့ပေးပို့မည်



မော်စကို မတ် ၁၁

အီရန်နိုင်ငံသို့ ရုရှားနိုင်ငံ၏ ပထမဆုံး S-300 ဒုံးပျံကာကွယ်ရေးစနစ်ကို ယခုနှစ် ဩဂုတ် သို့မဟုတ် စက်တင်ဘာလအတွင်း ပေးပို့သွားမည်ဖြစ်ကြောင်း ရုရှားစက်မှုဆိုင်ရာအကြီးအကဲ ဆာဂျီရှာမီဇော့ဗ်၏ ပြောကြားချက်ကို ကိုးကားလျက် အာအိုင်အေသတင်းအေဂျင်စီက သောကြာနေ့တွင် ကိုးကားဖော်ပြသည်။

ပထမဆုံး S-300 ဒုံးပျံများကို ဖေဖော်ဝါရီလက အီရန်သို့ပေးပို့သွားဖွယ်ရှိကြောင်း အမည်မဖော်လိုသော သတင်းရပ်ကွက်ကို ကိုးကားလျက် အာအိုင်အေက ဖော်ပြသည်။

(ရိုက်တာ)

# မြောက်ကိုရီးယား၏ ဒုံးလက်နက်အစွမ်းသည် အမေရိကန်ထိအောင်ပင် ရောက်ရှိနိုင်

ဝါရှင်တန် မတ် ၁၁

အမေရိကန်စစ်ဘက်ဆိုင်ရာထိပ်တန်းအရာရှိတစ်ဦးက မြောက်ကိုရီးယား၏ နျူကလီးယားထိပ်ဖူးတပ်လက်နက်ငယ်များ ပိုင်ဆိုင်ခြင်းသည် အမေရိကန်ကို တိုက်ခိုက်ရန်ရည်ရွယ်ခြင်းဖြစ်သည်ဟုယူဆကြောင်း ပြောကြားခဲ့သည်။

အမေရိကန်ကို ကာကွယ်ရန်တာဝန်ရှိကြောင်း အဆိုပါအရာရှိအက်ဒ်မီရယ်ဘီလ်ဂေါ့တ်နေးက ကြာသပတေးနေ့တွင် အထက်လွှတ်တော်ကြားနာမှုတစ်ခုတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။ မြောက်ကိုရီးယား၏ ဒုံးလက်နက်များသည် အမေရိကန်နိုင်ငံအတွင်းပိုင်းထိအောင် ရောက်ရှိနိုင်စွမ်းရှိကြောင်း ၎င်းက သုံးသပ်ပြောကြားခဲ့သည်။

မြောက်ကိုရီးယားသည် ၎င်းပိုင်ဆိုင်သော နျူကလီးယားလက်နက်များဖြင့် အမေရိကန်ကိုပစ်မှတ်ထားတိုက်ခိုက်နိုင်ကြောင်း သတိထားစဉ်းစားဖွယ်ရာ အချက်တစ်ချက်အဖြစ် ထပ်လောင်းပြောကြားခဲ့သည်။

ထိပ်တန်းအရာရှိတစ်ဦးအနေနှင့် တိုင်းပြည်ကာကွယ်ရန်တာဝန်အပြည့်ရှိပြီး ဖြစ်နိုင်ခြေအားလုံးကိုထည့်သွင်းစဉ်းစားရခြင်းမှာ သဘာဝကျကြောင်း ကာကွယ်ရေးဌာနသတင်းထုတ်ပြန်ရေး အတွင်းရေးမှူးပီတာကွတ်က သတင်းထောက်များကို ပြောကြားခဲ့သည်။ အမေရိကန်အစိုးရအနေအထားသည် မြောက်ကိုရီးယားက ဒုံးလက်နက်နည်းပညာပိုင်ဆိုင်ခြင်းကို အတည်ပြုလက်ခံရပြီဖြစ်ကြောင်း ၎င်းကထပ်မံပြောဆိုခဲ့သည်။

(အင်န်အိတ်ချ်ကေ)

# အရေးပေါ်အကူအညီ ယူရိုသန်း ၇၀၀ပေးရန် အီးယူအဖွဲ့ဝင်များ သဘောတူ

ဘရပ်စ်ဆဲလ် မတ် ၁၁

အီးယူအဖွဲ့ဝင်နိုင်ငံများက ဗုဒ္ဓဟူးနေ့တွင် ဖြစ်ပွားခဲ့သော ဒုက္ခသည်အကျပ်အတည်းတွင် လူသားချင်းစာနာနားလည်မှုဆိုင်ရာအကူအညီပေးရေး အခြေအနေများကို တုံ့ပြန်ရန် အရေးပေါ်အကူအညီပေးရေးတစ်ရပ်ကို သဘောတူခဲ့သည်။

ယူရိုသန်း ၇၀၀ (အမေရိကန်ဒေါ်လာ ၇၆၈ ဒသမ ၀၉ သန်း) ပမာဏရှိ ရန်ပုံငွေအသစ်သည် လာမည့်သုံးနှစ်အတွင်းတွင် အီးယူနိုင်ငံများ၌ အရေးပေါ်အခြေအနေတစ်ရပ်ကြုံတွေ့ခဲ့ပါက သုံးစွဲနိုင်ရန် ရည်ရွယ်ကြောင်း သိရသည်။

အရေးပေါ် ကူညီထောက်ပံ့မှုရန်ပုံငွေသည် အီးယူအဖွဲ့ဝင်နိုင်ငံများတွင် လိုအပ်လျက်ရှိသော အစားအစာ၊ အဆောက်အအုံ၊ ရေ၊ ဆေးနှင့် အခြားလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက်ဖြစ်ကြောင်း သိရသည်။

(ဆင်ဟွာ)

# ဒါဖာ၌ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်မှုအပေါ် ကုလသမဂ္ဂအပြစ်တင်

နယူးယောက် မတ် ၁၁

ဒါဖာ၌ အာဖရိကပေါင်းစည်းရေး ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်မှုအပေါ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီ မွန်းက ကြာသပတေးနေ့တွင် ပြစ်တင်ပြောကြားလိုက်သည်။

အဆိုပါတိုက်ခိုက်မှုအတွင်း တောင်အာဖရိကငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည်။ ဒါဖာမြောက်ပိုင်း၌ ၎င်းတို့သည် လူသားချင်းစာနာသော စောင့်ရှောက်ရေးအဖွဲ့ယာဉ်တန်းဖြင့် ကူတန်မှ ဒီဂျရီဒိုသို့သွားရာလမ်း၌ ဗုဒ္ဓဟူးနေ့က လက်နက်ကိုင်တပ်ဖွဲ့တစ်စု၏ တိုက်ခိုက်မှုကို ခံရခြင်းဖြစ်သည်။

မစ္စတာဘန်ကီမွန်းနှင့် အာဖရိကသမဂ္ဂကော်မရှင်ဥက္ကဋ္ဌတို့က ကွယ်လွန်သူ၏မိသားစုနှင့် တောင်အာဖရိကအစိုးရကို ဝမ်းနည်းကြောင်းစကားပေးပို့ခဲ့ကြောင်း ကြာသပတေးနေ့ထုတ် သတင်းများတွင် ဖော်ပြထားသည်။ ဒဏ်ရာရရှိသူများကိုလည်း အမြန်ပြန်လည်ကျန်းမာလာစေရန် ဆန္ဒပြုခဲ့ကြကြောင်း သိရသည်။

ထို့ပြင် ဒါဖာ၌ ပဋိပက္ခဖြစ်နေကြသော အဖွဲ့များကိုခေါ်၍ ပြန်လည်ပေါင်းစည်းရေး ငြိမ်းချမ်းရေးတပ်ဖွဲ့ကို လေးစားလိုက်နာမှုရှိရန် ဆွေးနွေးကြပြီး အာဏာပိုင်များကိုလည်း တိုက်ခိုက်သူများအပေါ် စုံစမ်းစစ်ဆေးရန်နှင့် တရားမျှတမှုရှိအောင် ဆောင်ရွက်ပေးသင့်ကြောင်း တိုက်တွန်းခဲ့သည်။

ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းသည် နိုင်ငံတကာဥပဒေပါ ရာဇဝတ်မှုချိုးဖောက်ခြင်းပင်ဖြစ်ကြောင်း လုံခြုံရေးကောင်စီကလည်း တိုက်ခိုက်မှုအပေါ် ပြင်းပြင်းထန်ထန် ပြစ်တင်ပြောဆိုခဲ့သည်။

(ဆင်ဟွာ)

# နျူကလီးယားလက်နက်စမ်းသပ်မှုများကို ပိုမိုလုပ်ဆောင်ရန် ကင်ပြောကြား

ပြုံယမ်း မတ် ၁၁

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက ဒုံးလက်နက်စမ်းသပ်ခြင်းကို ကြည့်ရှုပြီး နျူကလီးယားစွမ်းရည် ဖွံ့ဖြိုးတိုးတက်မှုရှိစေရန်အတွက် စမ်းသပ်မှုများပိုမိုပြုလုပ်ရန် နိုင်ငံအား တိုက်တွန်းလိုက်ကြောင်း နိုင်ငံပိုင် ကေစီအန်အေသတင်းအေဂျင်စီက ပြောကြားလိုက်သည်။

အစီရင်ခံစာတွင် ဒုံးလက်နက်စမ်းသပ်ခြင်းကို မည်သည့်နေရာတွင် ပြုလုပ်ကြောင်း မဖော်ပြသော်လည်း တာတိုပစ်ဒုံးကျည်နှစ်စင်းအား ကြာသပတေးနေ့က ၅၀၀ ကီလိုမီတာ (မိုင် ၃၀၀)ဝေးသော ပင်လယ်ထဲသို့ပစ်လွှတ်လိုက်ကြောင်း သိရသည်။

မြောက်ကိုရီးယားက ၎င်း၏ လေးကြိမ်မြောက် နျူကလီးယားဒုံးကျည်စမ်းသပ်ခြင်းကို ဇန်နဝါရီလက ပြုလုပ်ခဲ့ပြီးနောက် ကိုရီးယားကျွန်းဆွယ်အရေး တင်းမာမှုမှာ သိသိသာသာ မြင့်တက်လျက်ရှိသည်။ ယင်းဒုံးကျည် စမ်းသပ်ပစ်လွှတ်မှုကြောင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် မြောက်ကိုရီးယားအား ပိတ်ဆို့အရေးယူမည့် ဆုံးဖြတ်ချက်အသစ်တစ်ခုကို ချမှတ်ရမည့် အနေအထားကို ဖြစ်ပေါ်စေခဲ့သည်။

နျူကလီးယား စမ်းသပ်မှုများကို ပိုမိုလုပ်ဆောင်နေသောကြောင့် မြောက်ကိုရီးယား နိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏ ပိတ်ဆို့အရေးယူမှုများကို သိသိသာသာချိုးဖောက်နေသည်မှာ ထင်ရှားသည်။ မြောက်ကိုရီးယားနိုင်ငံကလည်း ထိုသို့မပြုလုပ်ကြောင်း ငြင်းဆိုထားသည်။

တောင်ကိုရီးယားနှင့် မဟာမိတ် အမေရိကန်တို့သည် ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို လုပ်ဆောင်ခဲ့သောကြောင့် အခုရက်ပိုင်းနေ့စဉ် အစီရင်ခံစာတွင် မြောက်ကိုရီးယားခေါင်းဆောင်အနေဖြင့် တောင်ကိုရီးယားနှင့် အမေရိကန်ကို တိုက်ခိုက်မည့်အရိပ်အယောင်များကို ဖော်ပြလျက်ရှိသည်။

(ရိုက်တာ)



## နယ်စပ်ဒေသအေးချမ်းသာယာရေးလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဆွေးနွေး

**နေပြည်တော် မတ် ၁၁**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဗိုလ်ချုပ်ကြီး ပရီချာဂျန်အိုချာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ့တပ်မတော်နှင့် ထိုင်းတပ်မတော်တို့အကြား စစ်ဘက်ဆိုင်ရာ သင်တန်းများ အပြန်အလှန် စေလွှတ်နိုင်မည့်အခြေအနေ၊ နှစ်နိုင်ငံနယ်စပ်ဒေသ အေးချမ်းသာယာရေးအတွက် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအတွက် နှစ်နိုင်ငံတပ်မတော်အကြား အပြန်အလှန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မည့်အခြေအနေနှင့် ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ကူညီစောင့်ရှောက်ပေးမည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲများကို မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ စာစစ်ဌာန ၁၀ ခု ဖွင့်လှစ်၍ကျင်းပလျက်ရှိရာ မတ် ၁၁ ရက်က သင်္ချာဘာသာရပ်ဖြေဆိုအပြီး ပျော်ရွှင်နေသော ကျောင်းသားကျောင်းသူများကို တွေ့ရစဉ်။**

(ကျောက်ပန်းတောင်းမြို့နယ်တွင် ယနေ့ဖြေဆိုသူ စုစုပေါင်း ကျား ၂၁၈၆ ဦး၊ မ ၃၁၆၈ ဦး စုစုပေါင်း ၅၃၅၄ ဦး ဝင်ရောက်ဖြေဆို လျက်ရှိရာ ဖြေဆိုမှု ရာခိုင်နှုန်း ၉၆ ဒသမ ၇၀ ရှိကြောင်း သိရသည်။)

**နေအောင်(ပြန်/ဆက်)**



## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ် အသစ်လျှောက်ထားခြင်း၊ သက်တမ်းတိုးလျှောက်ထားခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူအမည်ပြောင်း လျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့ရာ ၁၁-၃-၂၀၁၆ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ထုတ်ဝေခြင်းလုပ်ငန်းအတွက် အထွေထွေသက်တမ်းတိုး တစ်ဦး၊ ပုံနှိပ်လုပ်ငန်း အသစ်လျှောက်ထားသူ ရှစ်ဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့်သုံးဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် တစ်ဦး၊ အထွေထွေထုတ်ဝေခွင့် ခုနစ်ဦး၊ ပေါင်းလုပ်ငန်းအသစ် ၁၁ ဦးတို့အား အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။ ထုတ်ဝေသူအမည်ပြောင်းတစ်ဦးကိုလည်း ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၁၀၄၃ ဦးနှင့် အသစ်လျှောက်ထားသူ ၂၈၀ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၉၉၂ ဦးနှင့် အသစ်လျှောက်ထားသူ ၇၅၃ ဦး၊ သတင်းအေဂျင်စီလုပ်ငန်းအသစ် လျှောက်ထားသူ ၂၈ ဦး၊ စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ၃၀၉၆ စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။

ပုံနှိပ်သက်တမ်းတိုး လျှောက်ထားသူတစ်ဦးနှင့် မဂ္ဂဇင်းအသစ်လျှောက်ထားသူ သုံးဦးတို့အား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (သင်္ချာ)ဘာသာရပ်တွင် ဖြေဆိုသူပေါင်း ၆၃၄၈၃၇ ဦးရှိ

**နေပြည်တော် မတ် ၁၁**

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ(သင်္ချာ)ဘာသာကို ယနေ့ ဖြေဆိုကြရာ မြန်မာနိုင်ငံတစ်ဝန်း တိုင်းဒေသကြီး/ ပြည်နယ်များနှင့် နိုင်ငံခြားစာစစ်ဌာန စုစုပေါင်း ၁၄၆၇ ခုတွင် ကျောင်းသား ကျောင်းသူများ စည်းကမ်းတကျ ဖြေဆိုကြသည်ကို တွေ့ရသည်။

ယခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် စာရင်းရှိ ကျောင်းသား ကျောင်းသူ ၆၇၁၆၇၀ တွင် ယနေ့ ဖြေဆိုသူပေါင်း ၆၃၄၈၃၇ ဦးရှိသည့်အတွက် ဖြေဆိုရန် ပျက်ကွက်သူပေါင်း ၃၆၈၃၃ ဦးဖြစ်သည်။ သို့ဖြစ်၍ ယနေ့ဖြေဆိုသူစုစုပေါင်း ၉၄ ဒသမ ၅၂ ရာခိုင်နှုန်းနှင့် ပျက်ကွက်သူစုစုပေါင်း ၅ ဒသမ ၄၈ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး စာစစ်ဌာနတွင် လူနာဖြေဆိုသူနှစ်ဦးထပ်မံတိုးလာ၍ စုစုပေါင်း ၁၀ ဦးတွင် ကိုးဦးမှာ ကိုယ်တိုင်ဖြေဆိုကြပြီး တစ်ဦးမှာကိုယ်စား ဖြေဆိုကြောင်း သိရသည်။ မြောက်ဥက္ကလာပဆေးရုံကြီး စာစစ်ဌာနတွင် လူနာစာဖြေနှစ်ဦး ဖြေဆိုလျက်ရှိပြီး ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)စာစစ်ဌာန၌ လူနာစာဖြေသူ တစ်ဦးနှင့် မြောက်ဥက္ကလာပ (ဝေဘာဂီ) ကူးစက်ရောဂါကု ဆေးရုံစာစစ်ဌာနတို့၌ ဖြေဆိုသူမရှိကြောင်း သိရသည်။

အင်းစိန်ဗဟိုအကျဉ်းထောင်စာစစ်ဌာနတွင် အကျဉ်းသား/အချုပ်သား ၁၉ ဦးမှာ ယမန်နေ့ကအတိုင်း ဖြေဆိုလျက်ရှိကြောင်း သိရသည်။

မတ် ၁၂ ရက်(စနေနေ့)တွင် ဖြေဆိုမည့် စိတ်ကြိုက်(မြန်မာစာ)ဘာသာရပ်တွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌တစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်၌ တစ်ဦးနှင့် နေပြည်တော်၌ တစ်ဦး စုစုပေါင်း မြန်မာတစ်နိုင်ငံလုံး၌ သုံးဦးသာဖြေဆိုကြမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနမှ သိရသည်။ **ရီရီမြင့်၊ ဥမ္မာသန့်(သတင်းစဉ်)**

## ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမှု အခြေပြဇယား

ဘာသာ-သင်္ချာ

ရက်စွဲ၊ ၁၁-၃-၂၀၁၆

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် | | | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | ကျား | မ | ပေါင်း | | |
| ၁။ | ကချင် | ၅၉ | ၁၁၀၀၇ | ၁၇၆၅၇ | ၂၈၆၇၄ | ၁၀၁၈၈ | ၁၆၉၇၇ | ၂၇၁၆၅ | ၉၄. ၇၄ | ၈၂၉ | ၆၈၀ | ၁၅၀၉ | ၅. ၂၆ | |
| ၂။ | ကယား | ၁၄ | ၁၇၅၈ | ၃၁၁၉ | ၄၈၇၇ | ၁၆၃၁ | ၃၀၀၀ | ၄၆၃၁ | ၉၄. ၉၆ | ၁၂၇ | ၁၁၉ | ၂၄၆ | ၅. ၀၄ | |
| ၃။ | ကရင် | ၃၃ | ၅၂၈၆ | ၉၁၃၀ | ၁၄၄၁၆ | ၄၈၂၉ | ၈၇၂၅ | ၁၃၅၅၄ | ၉၄. ၀၂ | ၄၅၇ | ၄၀၅ | ၈၆၂ | ၅. ၉၈ | |
| ၄။ | ချင်း | ၂၃ | ၄၆၇၂ | ၆၅၁၆ | ၁၁၁၈၈ | ၄၀၀၅ | ၅၇၈၄ | ၉၇၈၉ | ၈၇. ၅၀ | ၆၆၇ | ၇၃၂ | ၁၃၉၉ | ၁၂. ၅၀ | |
| ၅။ | စစ်ကိုင်း | ၁၇၈ | ၃၅၈၄၉ | ၄၉၂၄၀ | ၈၅၀၈၉ | ၃၃၉၅၁ | ၄၇၇၆၁ | ၈၁၇၁၂ | ၉၆. ၀၃ | ၁၈၉၈ | ၁၄၇၉ | ၃၃၇၇ | ၃. ၉၇ | |
| ၆။ | တနင်္သာရီ | ၃၈ | ၅၉၂၂ | ၁၀၆၄၀ | ၁၆၅၆၂ | ၅၅၀၆ | ၁၀၂၅၇ | ၁၅၇၆၃ | ၉၅. ၁၈ | ၄၁၆ | ၃၈၃ | ၇၉၉ | ၄. ၈၂ | |
| ၇။ | ပဲခူး | ၁၁၇ | ၂၂၉၈၂ | ၃၁၆၂၄ | ၅၄၆၀၆ | ၂၁၁၆၅ | ၃၀၃၅၀ | ၅၁၅၁၅ | ၉၄. ၃၄ | ၁၈၁၇ | ၁၂၇၄ | ၃၀၉၁ | ၅. ၆၆ | |
| ၈။ | မကွေး | ၁၂၀ | ၂၇၆၉၇ | ၃၅၁၅၂ | ၆၂၈၄၉ | ၂၆၀၇၉ | ၃၄၂၄၈ | ၆၀၃၀၇ | ၉၅. ၉၆ | ၁၆၁၈ | ၉၀၄ | ၂၅၄၂ | ၄. ၀၄ | |
| ၉။ | မန္တလေး | ၁၆၅ | ၄၂၅၉၄ | ၅၃၀၆၂ | ၉၅၆၅၆ | ၄၀၀၃၉ | ၅၁၄၄၅ | ၉၁၄၈၄ | ၉၅. ၆၄ | ၂၅၅၅ | ၁၆၁၇ | ၄၁၇၂ | ၄. ၃၆ | |
| ၁၀။ | မွန် | ၄၈ | ၇၈၆၈ | ၁၂၈၆၁ | ၂၀၇၂၉ | ၇၂၉၃ | ၁၂၃၇၂ | ၁၉၆၆၅ | ၉၄. ၈၇ | ၅၇၅ | ၄၈၉ | ၁၀၆၄ | ၅. ၁၃ | |
| ၁၁။ | ရခိုင် | ၁၀၄ | ၁၈၁၂၂ | ၁၉၀၈၉ | ၃၇၂၁၁ | ၁၆၅၈၉ | ၁၈၀၀၇ | ၃၄၅၉၆ | ၉၂. ၉၇ | ၁၅၃၃ | ၁၀၈၂ | ၂၆၁၅ | ၇. ၀၃ | |
| ၁၂။ | ရန်ကုန် | ၂၁၃ | ၅၀၉၆၈ | ၅၈၂၂၈ | ၁၀၉၁၉၆ | ၄၆၂၉၀ | ၅၅၀၉၂ | ၁၀၁၃၈၂ | ၉၂. ၈၄ | ၄၆၇၈ | ၃၁၃၆ | ၇၈၁၄ | ၇. ၁၆ | |
| ၁၃။ | ရှမ်း | ၁၁၀ | ၁၆၄၅၅ | ၂၇၁၆၂ | ၄၃၆၁၇ | ၁၅၂၀၅ | ၂၆၀၇၉ | ၄၁၂၈၄ | ၉၄. ၆၅ | ၁၂၅၀ | ၁၀၈၃ | ၂၃၃၃ | ၅. ၃၅ | |
| ၁၄။ | ဧရာဝတီ | ၁၉၆ | ၃၀၆၂၄ | ၃၇၇၉၇ | ၆၈၄၂၁ | ၂၈၁၅၂ | ၃၆၂၉၆ | ၆၄၄၄၈ | ၉၄. ၁၉ | ၂၄၇၂ | ၁၅၀၁ | ၃၉၇၃ | ၅. ၈၁ | |
| ၁၅။ | နေပြည်တော် | ၃၃ | ၈၁၅၈ | **၁၀၃၂၄** | ၁၈၄၈၂ | ၇၅၄၄ | ၉၉၀၁ | ၁၇၄၄၅ | ၉၄. ၃၉ | ၆၁၄ | ၄၂၃ | ၁၀၃၇ | ၅. ၆၁ | |
| ၁၆။ | * နိုင်ငံခြားစာစစ်ဌာန | ၁၆ | ၄၃ | ၅၄ | ၉၇ | ၄၃ | ၅၄ | ၉၇ | ၁၀၀. ၀၀ | ၀ | ၀ | ၀ | ၀. ၀၀ | |
| | စုစုပေါင်း | ၁၄၆၇ | ၂၉၀၀၁၅ | ၃၈၁၆၅၅ | ၆၇၁၆၇၀ | ၂၆၈၄၈၉ | ၃၆၆၃၄၈ | ၆၃၄၈၃၇ | ၉၄.၅၂ | ၂၁၅၂၆ | ၁၅၃၀၇ | ၃၆၈၃၃ | ၅.၄၈ | |

မှတ်ချက်။ ။ * သံရုံးများမှ စာရင်းပေးပို့မှုကို လက်ခံရရှိပါက ဆက်လက်တင်ပြပါမည်။

# ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူတို့၏ ကိုယ်ရေးအချက်အလက်အကျဉ်း

**နေပြည်တော် မတ် ၁၁**

မတ်လ ၁၁ ရက်တွင် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယသမ္မတအဖြစ် ဦးထင်ကျော်အား လည်းကောင်း၊ ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယသမ္မတအဖြစ် ဦးဟင်နရီဗန်ထီးယူအားလည်းကောင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့က ဒုတိယသမ္မတအဖြစ် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ(အငြိမ်းစား)အားလည်းကောင်း ရွေးချယ်တင်မြှောက်ခဲ့ကြပြီး ၎င်းတို့၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်နာယကထံ အသီးသီးတင်သွင်းမည်ဖြစ်ကြောင်း သိရှိရသည်။

### ဦးထင်ကျော်

ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူတစ်ဦးဖြစ်သည့် ဦးထင်ကျော်မှာ ဦးဝန်(စာရေးဆရာကြီး မင်းသုဝဏ်)-ဒေါ်ကြည်ကြည်တို့၏ သားဖြစ်ပြီး ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်တွင် ကွမ်းခြံကုန်းမြို့၌ မွေးဖွားသည်။ ဦးထင်ကျော်သည် ၁၉၆၂ ခုနှစ်တွင် စီးပွားရေးတက္ကသိုလ်သို့ တက်ရောက်ခဲ့ပြီး ၁၉၆၇ ခုနှစ်တွင် စီးပွားရေးပညာဘွဲ့နှင့် ၁၉၆၈ ခုနှစ်တွင် မဟာဘွဲ့ရရှိခဲ့သည်။ ထို့နောက် ဗြိတိန်နိုင်ငံတွင် ပညာဆည်းပူးခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် အစိုးရဝန်ထမ်းတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူးအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့ကာ ၁၉၉၂ ခုနှစ်တွင် နုတ်ထွက်ခဲ့သည်။ ဦးထင်ကျော်သည် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၏ အလုပ်အမှုဆောင်အဖွဲ့ဝင်ဖြစ်ပြီး အိမ်ထောင်ရှင်တစ်ဦးဖြစ်ကာ ၎င်း၏ဇနီးမှာ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်စုစုလွင်ဖြစ်သည်။

### ဦးဟင်နရီဗန်ထီးယူ

ထို့ပြင် ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူ တစ်ဦးဖြစ်သည့် ဦးဟင်နရီဗန်ထီးယူသည် ချင်းတိုင်းရင်းသားတစ်ဦး ဖြစ်ပြီး ဦးလျံတလုံး-ဒေါ်ငွန်ပါးရ်တို့၏ သားဖြစ်ကာ ၁၉၅၈ ခုနှစ် ဩဂုတ်လ ၉ ရက်တွင် ချင်းပြည်နယ် ထန်တလန်မြို့နယ် သီကီးရ်ကျေးရွာ၌ မွေးဖွားသည်။ ဦးဟင်နရီဗန်ထီးယူသည် ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့တွင် ပညာဆည်းပူးခဲ့ပြီး B.A (Dip in Law)ဘွဲ့ ရရှိခဲ့သည်။ တပ်မတော်အရာရှိတစ်ဦးဖြစ်ပြီး တပ်မတော်မှ အမှတ်(၁) စက်မှုဝန်ကြီးဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်၍ ထိုမှ အငြိမ်းစားယူခဲ့သည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး ဇနီးမှာ ဒေါက်တာ ဆွေလွမ်းဖြစ်ကာ သားနှစ်ဦး၊ သမီးတစ်ဦး ထွန်းကားသည်။

### ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ(အငြိမ်းစား)

ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူ နောက်တစ်ဦးမှာ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ(အငြိမ်းစား) ဖြစ်သည်။ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ (အငြိမ်းစား)သည် ဦးကြီးမောင်-ဒေါ်ကြည်တို့၏ သားဖြစ်ပြီး ၁၉၅၁ ခုနှစ် ဇွန်လ ၂၄ ရက်တွင် မန္တလေးမြို့၌ မွေးဖွားသည်။ စစ်တက္ကသိုလ်အမှတ်စဉ် (၁၅)သို့ ၁၉၇၁ ခုနှစ်တွင် တက်ရောက်ခဲ့ပြီး တပ်မတော်တွင် ဒုတိယဗိုလ်ချုပ်ကြီးအဆင့်ထိ တာဝန်ထမ်းဆောင်ခဲ့ကာ ၂၀၁၀ ပြည့်နှစ်တွင် တပ်မတော်မှ အငြိမ်းစားယူခဲ့သည်။ လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပြီး အိမ်ထောင်ရှင်တစ်ဦးဖြစ်ကာ သားတစ်ဦး၊ သမီးတစ်ဦး ထွန်းကားသည်။

# တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယသမ္မတအဖြစ် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ(အငြိမ်းစား)အား ရွေးချယ်တင်မြှောက်

**နေပြည်တော် မတ် ၁၁**

နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအရ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယသမ္မတရွေးချယ်ရေးအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဆင်ဖြူရှင်ခန်းမ၌ကျင်းပရာ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၁၆၆ ဦး စုံလင်စွာတက်ရောက်ကြသည်။ **(ယာပုံ)**

အစည်းအဝေးတွင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်ချုပ်တောက်ထွန်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အမှာစကားပြောကြားသည်။

ထို့နောက် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်သန်းလွင်က ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ(အငြိမ်းစား)အား ဒုတိယသမ္မတလောင်းအဖြစ် အဆိုပြုတင်သွင်းပြီး တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင်စန်းနိုင်က ထောက်ခံသည်။

ယင်းအဆိုတင်သွင်းမှုအပေါ် ကန့်ကွက်သူမရှိသဖြင့် သဘာပတိက ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ(အငြိမ်းစား)အား တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဒုတိယသမ္မတအဖြစ် အတည်ပြုခဲ့ကြောင်းနှင့် ၎င်းအမည်ကို ပြည်ထောင်စုလွှတ်တော်နာယကထံ တင်သွင်းသွားမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**(သတင်းစဉ်)**



# သံတမန်ရေးရာ သင်တန်းဖွင့်

**ရန်ကုန် မတ် ၁၁**

နိုင်ငံခြားရေးဝန်ကြီးဌာန အရာထမ်းငယ်များအတွက် ရက်သတ္တ ၁၂ ပတ်ကြာ ဖွင့်လှစ်ပို့ချခဲ့သည့် သံတမန်ရေးရာသင်တန်း အမှတ်စဉ်(၅/၂၀၁၅) သင်တန်းဆင်းပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ယင်းသင်တန်းကို နိုင်ငံခြားရေးဝန်ကြီးဌာနတွင် အသစ်ခန့်အပ်လိုက်သော ဌာနစုမှူး-၂ အရာထမ်းငယ်များ၏ အရည်အသွေးမြှင့်တင်စေရန်နှင့် ဗဟုသုတကြွယ်ဝစေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

*✻ ကျောဖုံးမှ*

ဦးထင်ကျော်အား ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်သည်။

ထို့အတူ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့၌ ဆန္ဒမဲပေးသူ ၁၆၇ ဦးအနက် ဦးဟင်နရီဗန်ထီးယူက ထောက်ခံမဲ ၁၄၈ မဲနှင့် ဦးခင်အောင်မြင့်က ထောက်ခံမဲ ၁၃ မဲရရှိကြပြီး ပယ်မဲမှာ ခြောက်မဲရှိသဖြင့် မဲအများဆုံးရရှိသော ဦးဟင်နရီဗန်ထီးယူအား ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်သည်။

အဆိုပါ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့နှင့် ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့တို့မှ ရွေးချယ်တင်မြှောက်ခဲ့သော ဒုတိယသမ္မတအမည်များကို ပြည်ထောင်စုလွှတ်တော် နာယကထံ ဆက်လက်တင်သွင်းမည်ဖြစ်သည်။

ထို့အတူ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေများအရ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့က ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဆင်ဖြူရှင်ခန်းမ၌ ဒုတိယသမ္မတ ရွေးချယ်ရေး အစည်းအဝေးကို ကျင်းပရာ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ၁၆၆ ဦး စုံလင်စွာ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ချုပ်တောက်ထွန်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် သန်းလွင်က ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ(အငြိမ်းစား)အား ဒုတိယသမ္မတလောင်းအဖြစ် အဆိုပြုတင်သွင်းပြီး တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် တင်စန်းနိုင်က ထောက်ခံသည်။

ယင်းအဆို တင်သွင်းမှုအပေါ် ကန့်ကွက်သူမရှိသဖြင့် သဘာပတိက ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ(အငြိမ်းစား)အား တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဒုတိယသမ္မတအဖြစ် အတည်ပြုခဲ့ပြီး ၎င်းအမည်ကို ပြည်ထောင်စုလွှတ်တော်နာယကထံ တင်သွင်းမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# နေပြည်တော် ခုတင်(၁၀၀၀)၌ တပ်မတော်နေ့ဂုဏ်ပြု စုပေါင်းသွေးလှူဒါန်း



**နေပြည်တော် မတ် ၁၁**

မတ် ၂၇ ရက်တွင် ကျရောက်မည့် (၇၁)ကြိမ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့ နံနက် ၉ နာရီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁၁) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲမှူးဇာနည်လတ် ဦးစီး၍ အခြားအဆင့် တပ်ဖွဲ့ဝင် ၅၀ တို့သည် နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲသို့ အမှတ်(၂)လုံခြုံရေး ရဲကွပ်ကဲမှု အဖွဲ့ခွဲမှူး ရဲမှူးကြီးမိုးသန်းအောင် လာရောက်ကြည့်ရှုအားပေးခဲ့ပြီး **(ဝဲပုံ)** သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များအား အာဟာရဖြည့်စားသောက်ဖွယ်ရာများ ကျွေးမွေးခဲ့သည်။ **(သတင်းစဉ်)**

# အထွေထွေရောဂါကုဆရာဝန်ညီလာခံအတွက် ဆေးကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမည်

**ရန်ကုန် မတ် ၁၁**

မြန်မာနိုင်ငံဆရာဝန်အသင်း အထွေထွေရောဂါကုဆရာဝန်များအဖွဲ့၏ (၁၈)ကြိမ်မြောက် အထွေထွေရောဂါကုဆရာဝန်ညီလာခံကို ရန်ကုန်မြို့ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမဆောင်၌ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၇ ရက်မှ ၉ရက်ထိကျင်းပမည်ဖြစ်ပြီး ညီလာခံတွင်ခင်းကျင်းပြသမည့် ဆေးနှင့် ဆေးပစ္စည်းကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးလိုပါသဖြင့် မတ် ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)သို့ ဆေးနှင့် ဆေးပစ္စည်း ကိုယ်စားလှယ်များအားလုံး တက်ရောက်ကြရန် ဖိတ်ကြားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## တိမ်အသင့်အတင့်ဖြစ်ထွန်း

**နေပြည်တော် မတ် ၁၁**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ **(မိုး/ဇလ)**

# နိုင်ငံတော်သမ္မတအရည်အချင်းနှင့် ပြည့်စုံမှု ရှိ မရှိ စိစစ်ရေးအဖွဲ့ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်ရုံး**
**အမိန့်ကြော်ငြာစာအမှတ်(၃၃/၂၀၁၆)**
**၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်**
**(၂၀၁၆ ခုနှစ် ၊ မတ်လ ၁၀ ရက်)**

**နိုင်ငံတော်သမ္မတ အရည်အချင်းနှင့်ပြည့်စုံမှု ရှိ မရှိ စိစစ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၂၆ နှင့်အညီ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဒုတိယသမ္မတများအား နိုင်ငံတော်သမ္မတအရည်အချင်းနှင့် ပြည့်စုံမှု ရှိ မရှိ စိစစ်နိုင်ရန် စိစစ်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးဝင်းမြင့် | ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် |
| (ခ) | မန်းဝင်းခိုင်သန်း | ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် |
| (ဂ) | ဦးတီခွန်မြတ် | ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် |
| (ဃ) | ဦးအေးသာအောင် | ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် |
| (င) | ဒေါက်တာမျိုးအောင် | ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် |
| (စ) | ဦးဘမျိုးသိန်း | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် |
| (ဆ) | ဗိုလ်ချုပ်သန်းစိုး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |

၂။ စိစစ်ရေးအဖွဲ့သည် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၂၇၊ ၂၈ တို့နှင့်အညီ စိစစ်ဆောင်ရွက်ရန်ဖြစ်ပါသည်။

(ပုံ) **မန်းဝင်းခိုင်သန်း**
**နာယက**

## သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ တွင်ပါဝင်သော ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး ဒုတိယနေ့ကျင်းပ

**နေပြည်တော် မတ် ၁၁**

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတလောင်းများ အမည်စာရင်းကြေညာခြင်း၊ ဆန္ဒမဲလက်မှတ်ဖြင့် လျှို့ဝှက်ဆန္ဒမဲပေး၍ ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ခြင်း၊ ရွေးချယ်တင်မြှောက်ခံရသော ပုဂ္ဂိုလ်၏ အမည်ကြေညာခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ခြင်းကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြီးကြပ်ဆောင်ရွက်သည်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် လျှို့ဝှက်ဆန္ဒမဲပေးရန် ဆန္ဒပြုမဲလက်မှတ် ထုတ်ယူစဉ်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးပထမနေ့တွင် ကိုယ်စားလှယ်များက ဒုတိယသမ္မတလောင်းအဖြစ် အဆိုတင်သွင်းထားသည့် ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးထင်ကျော်နှင့် လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်းတို့သည် ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ခြင်း နည်းဥပဒေအရစိစစ်ရာ ပြည့်စုံမှုရှိသည့်အတွက် ဒုတိယသမ္မတလောင်း (၂)ဦးအနက်မှ ဒုတိယသမ္မတ(၁)ဦး ရွေးချယ်တင်မြှောက်နိုင်ရန် လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်တင်မြှောက်မည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအပါအဝင် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၁၇ ဦးတို့က လျှို့ဝှက်ဆန္ဒမဲပေးစနစ်ဖြင့် ဆန္ဒမဲပေးကြရာ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးထင်ကျော်က ထောက်ခံမဲ ၂၇၄ မဲနှင့် လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်းက ထောက်ခံမဲ ၂၉ မဲရရှိကြပြီး ပယ်မဲမှာ ၁၄ မဲ ဖြစ်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ထောက်ခံဆန္ဒမဲ ၂၇၄ မဲ ရရှိသည့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးထင်ကျော်အား ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း ကြေညာပြီး ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဒုတိယသမ္မတ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော် နာယကထံ တင်ပြသွားမည်ဖြစ်ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

## သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ တွင်ပါဝင်သော ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေး ဒုတိယနေ့ကျင်းပ

**နေပြည်တော် မတ် ၁၁**

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတလောင်းများ အမည်စာရင်းကြေညာခြင်း၊ လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်တင်မြှောက်ခြင်းနှင့် ရွေးချယ်တင်မြှောက်ခံရသော ပုဂ္ဂိုလ်၏ အမည်ကြေညာခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေး၌ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ခြင်းကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြီးကြပ်ဆောင်ရွက်သည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးပထမနေ့တွင် ကိုယ်စားလှယ်များက ဒုတိယသမ္မတလောင်းအဖြစ် အဆိုတင်သွင်းထားသည့် **မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ** ဦးခင်အောင်မြင့်နှင့် **ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ** ဦးဟင်နရီဗန်ထီးယူတို့မှာ ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ **နည်းဥပဒေအရ စိစစ်ရာ ပြည့်စုံမှုရှိသည့်အတွက်** ဒုတိယသမ္မတလောင်းနှစ်ဦးအနက်မှ ဒုတိယသမ္မတတစ်ဦးကို ရွေးချယ်တင်မြှောက်နိုင်ရန် လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်တင်မြှောက်မည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဒုတိယသမ္မတ ရွေးချယ် တင်မြှောက်ရန်အတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ အပါအဝင် ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၇ ဦးက လျှို့ဝှက်ဆန္ဒမဲပေးစနစ်ဖြင့် ဆန္ဒမဲပေးကြရာ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဟင်နရီဗန်ထီးယူက ထောက်ခံဆန္ဒမဲ ၁၄၈ မဲနှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးခင်အောင်မြင့်က ထောက်ခံဆန္ဒမဲ ၁၃ မဲရရှိကြပြီး ပယ်မဲမှာ (၆)မဲဖြစ်သည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ထောက်ခံဆန္ဒမဲ ၁၄၈ မဲရရှိသည့် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဟင်နရီဗန်ထီးယူကို ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း ကြေညာပြီး ရွေးကောက်ခံ



ရွေးကောက်ခံကိုယ်စားလှယ်များ ဆန္ဒပြုမဲလက်မှတ်များ ထုတ်ယူပြီး မဲပုံးထဲထည့်စဉ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့၏ ဒုတိယသမ္မတ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်နာယကထံ တင်ပြသွားမည်ဖြစ်ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

## လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် မတ် ၁၁**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်သုံးဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင် ၁၈၉ ဦး၊ ကျောင်းသား ကျောင်းသူ ၉၃ ဦး၊ အခြားပါတီ၊ အဖွဲ့အစည်းနှင့် ပြည်သူလူထု ၁၂၃ ဦး၊ နိုင်ငံခြားသားတစ်ဦး စုစုပေါင်း ၄၀၉ ဦးတို့သည် သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေး ဒုတိယနေ့ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်း(ရန်ကုန်) အလုပ်ရုံများနှင့် စာသင်ခန်းများကို ကြည့်ရှုစဉ်။** (သတင်းစဉ်)

❊ *ရှေ့ဖုံးမှ*

အဆိုပါစီမံကိန်းလုပ်ငန်းများမှာ အလျား ၅ ဒသမ ၅ မိုင်၊ ထိပ်ဝအကျယ်ပေ ၂၂၀၊ ပျမ်းမျှအနက် ၄၆ ပေ၊ ခန့်မှန်းမြေကြီးကျင်းပေါင်း ၁၂ သိန်းရှိသည့် ဖြတ်မြောင်း ဖောက်လုပ်ခြင်း၊ ရေလမ်းထိန်းအဆောက်အအုံများဖြစ်သည့် အလျားပေ ၈၆၀၀ ရှိ ကျောက်ဖြည့်ရေလွှဲတန်းလေးခု၊ အလျားပေ ၄၀၀၀ ရှိ ကျောက်ဖြည့်ရေကြောင်းပိတ် တမံနှစ်ခု၊ ဧရိယာစတုရန်းပေ ၁၂၀၀၀၀ရှိ ကမ်းထိန်းဝါးကဒစ်ကွက်နှစ်ခုနှင့် အလျားပေ ၆၈၀၀၊ ပျမ်းမျှအမြင့် ၁၈ ပေ၊ မြေကြီးကျင်းပေါင်း ၁၂၀၀၀၀ ရှိသည့် မေဒုံပန်းတာတည်ဆောက်ခြင်း၊ မြစ်ကမ်းထိန်းခြင်းလုပ်ငန်းများဖြစ်သည့် အလျားပေ ၃၀၀၀ ရှိ ကွန်ကရစ်တိုင်အစုအဖွဲ့ဖြင့် ရေရှိန်သတ်ခြင်း နှစ်ခု၊ အလျားပေ ၄၀၀၀ ရှိ ကျောက်ဖြည့်ရေလွှဲတန်း ရှစ်ခု၊ အလျားပေ ၅၅၀၀ ရှိ ကျောက်ဖြည့်အခြေထိန်းတန်းတစ်ခု၊ ဧရိယာစတုရန်းပေ ၅၅၀၀၀၀ ရှိ မြစ်ကမ်းအလျှောထိန်းခြင်းတစ်ခုတို့ ဖြစ်သည်။

ဇလွန်မြို့နယ် ဝါသလနှင့် မေဒုံရွာများအနီး မြစ်ကမ်းစားခြင်းနှင့် ရေဘေးအန္တရာယ် ကာကွယ်ခြင်းလုပ်ငန်းများဖြစ်သည့် ရေလွှဲဖြတ်မြောင်းတူးဖော်ခြင်း၊ မေဒုံပန်းတာတည်ဆောက်ခြင်းနှင့် ဗျည့်စဉ်ကုန်းမြစ်ကမ်းကာကွယ်ခြင်း လုပ်ငန်းများဆောင်ရွက်ရန် မြေတူးစက် ၂၂၇ စီး၊ ကုန်း/ရေနှစ်သွယ်မြေတူးစက် ငါးစီး၊ မြေထိုးစက် ၃၅ စီးနှင့် မြေသယ်ယာဉ် ၁၂၁ စီး စုစုပေါင်းစက်ယန္တရား ၃၈၈ စီးဖြင့် လုပ်ငန်းများဆောင်ရွက်နေပြီး ဖြတ်မြောင်းတူးဖော်မှုကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ မတ် ၁၀ ရက်အထိ ဖြတ်မြောင်းတူးဖော်ခြင်းလုပ်ငန်း၏ မြေကြီးပမာဏ ၄၅၅၈၈၅ ကျင်း ဆောင်ရွက်ပြီးဖြစ်၍ လုပ်ငန်းတစ်ခုလုံး၏ ၃၈ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။

မေဒုံပန်းတာ တည်ဆောက်ခြင်းကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ် မတ် ၁၀ ရက်အထိ မြေဖို့ခြင်းလုပ်ငန်းများ၏ မြေကြီးပမာဏ ကျင်း ၁၉၇၀၀ ဆောင်ရွက်ပြီးဖြစ်၍ လုပ်ငန်း၏ ၃၀ ရာခိုင်နှုန်း ပြီးစီးခဲ့ပြီး မြစ်ကမ်းထိန်းလုပ်ငန်းများကိုလည်း ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ လုပ်ငန်း၏ ၅၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်သည်။

သီးနှံနှင့် မြေယာလျော်ကြေး ပေးအပ်ပြီးစီးမှုအခြေအနေမှာ ရေဝတီ ရေလွှဲဖြတ်မြောင်းအူကြောင်း၌ကျရောက်သည့် မြေယာနှင့်သီးနှံလျော်ကြေးငွေကျပ်သိန်း ၂၀၀၀ ကို ၂၀၁၆ ခုနှစ် မတ် ၃ ရက်တွင်လည်းကောင်း၊ ကျပ်သိန်း ၅၀၀၀ ကို ၂၀၁၆ ခုနှစ် မတ် ၁၀ ရက်တွင်လည်းကောင်း စုစုပေါင်းကျပ်သိန်း ၇၀၀၀ ကို အပြည့်အဝ ပေးအပ်ပြီးဖြစ်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြပြီး စင်ကာပူအစိုးရနှင့် မြန်မာအစိုးရတို့ပူးပေါင်း၍ နိုင်ငံတကာအဆင့်မီ သက်မွေးပညာရပ်များ သင်ကြားပေးလျက်ရှိသည့် ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်းသို့ သွားရောက်၍ သင်တန်းကျောင်းဝင်းအတွင်းရှိ အလုပ်ရုံ၊ စာသင်ခန်းများနှင့် လက်တွေ့သင်တန်းပို့ချနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အဆိုပါသင်တန်းကျောင်းရှိ Multipurpose Hall ၌ကျင်းပသည့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ရာ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး Mr. Robert Chua က နှုတ်ခွန်းဆက်စကား ပြောကြားပြီး သင်တန်းကျောင်း ကျောင်းအုပ်ကြီး Mr. Chong Chon Hsien က သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မိမိတို့အစိုးရလက်ထက်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်မှုများ၊ ကျေးလက်နေပြည်သူများ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုအခြေအနေ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ၊ နည်းပညာများလိုအပ်သကဲ့သို့ လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားကုမ္ပဏီများ၏ လိုအပ်ချက်နှင့် ကိုက်ညီသည့် အတတ်ပညာရှင်များမွေးထုတ်ရန်လိုအပ်မှု၊ စီးပွားရေးကဏ္ဍအလိုက် လိုအပ်နေသည့် အလုပ်အကိုင် လိုအပ်ချက်များနှင့် ကိုက်ညီသည့် ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးနိုင်ရန်အတွက် သက်မွေးပညာသင်တန်းကျောင်းများကို နိုင်ငံအနှံ့ဖွင့်လှစ်ရန် စီမံဆောင်ရွက်နေမှု၊ SMVTI ကျောင်းကို စင်ကာပူနိုင်ငံသမ္မတကြီး၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း ဆွေးနွေးသဘောတူခဲ့ပြီးနောက် ဖွင့်လှစ်နိုင်ရေးအတွက် အဆင့်ဆင့် စီမံဆောင်ရွက်ခဲ့မှုအခြေအနေ၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ရရှိလာသည့်အခွင့်အလမ်းကောင်းများကို အသုံးချပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်မှုတို့ကို ရှင်းလင်းမှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံရုံးမှ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ၊ သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် နည်းပြများ၊ သင်တန်းသား သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်း (Singapore - Myanmar Vocational Training Institute - SMVTI) တည်ဆောက်ရေးအတွက် နားလည်မှုစာချွန်လွှာကို ၂၀၁၄ ခုနှစ် မေ ၇ ရက်က သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၌ နည်းပညာ

*စာမျက်နှာ ၉ ကော်လံ ၁ သို့*



**ဟင်္သာတခရိုင် ဇလွန်မြို့နယ် ဝါသလနှင့် မေဒုံကျေးရွာများအနီး မြစ်ကမ်းစားခြင်းနှင့် ရေဘေးအန္တရာယ်ကာကွယ်ခြင်းလုပ်ငန်းစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။** (သတင်းစဉ်)

**“စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်းကို သက်မွေးဝမ်းကျောင်းဆိုင်ရာ ဆရာ ဆရာမများကို လေ့ကျင့်သင်ကြားပေးနိုင်ရန်၊ နိုင်ငံတကာဈေးကွက်နှင့် ယှဉ်ပြိုင်လာနိုင်မည့် သက်မွေးပညာရပ်ဆိုင်ရာ ကျွမ်းကျင်လုပ်သား လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၆ ရက်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်”**




ဧရာဝတီမြစ်ဖြတ်မြောင်း ဖောက်လုပ်ခြင်းနှင့် မြစ်ကမ်းထိန်းလုပ်ငန်းများပြပုံ။

စာမျက်နှာ ၈ မှ

နှင့် သက်မွေးပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီးတို့ လက်မှတ်ရေးထိုးခဲ့ပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် စင်ကာပူသမ္မတနိုင်ငံ Senior Minister of State for Education and Law မှ H.E. Ms. Indrance Rajah တို့ ဦးဆောင်သော Board of Institute (BOI) အစည်းအဝေးကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်က ကျင်းပခဲ့သည်။ ထို့အပြင် SMVTI အောင်မြင်စွာ ဖွင့်လှစ်နိုင်ရေးအတွက် ၂၀၁၄ ခုနှစ် စက်တင်ဘာမှစတင်၍ Task Force Meeting ၁၅ ကြိမ်နှင့် Management Committee လေးကြိမ် ကျင်းပခဲ့သည်။

စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်းကို သက်မွေးပညာရပ်ဆိုင်ရာ လုပ်ငန်းနယ်ပယ်များကို အထောက်အကူပြုနိုင်စေရန် လိုအပ်လျက်ရှိသော ကျွမ်းကျင်လုပ်သားများအဖြစ် မွေးထုတ်ပေးနိုင်ရန်အတွက် မြန်မာနိုင်ငံရှိ လူငယ်လူရွယ်များအား လေ့ကျင့်သင်ကြားပေးနိုင်ရန်၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းကဏ္ဍများ၏ အရည်အသွေးနှင့် စွမ်းဆောင်ရည်များ တိုးမြှင့်နိုင်ရန်အတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဆရာ ဆရာမများကို လေ့ကျင့်သင်ကြားပေးနိုင်ရန်၊ နိုင်ငံတကာဈေးကွက်နှင့် ယှဉ်ပြိုင်လာနိုင်မည့် သက်မွေးပညာရပ်ဆိုင်ရာ ကျွမ်းကျင်လုပ်သား လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၆ ရက်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ သင်တန်းကျောင်း၌ ပို့ချလျက်ရှိသော သင်တန်းများသည် လုပ်ငန်းခွင်အခြေအနေအတိုင်း ဖန်တီးသင်ကြားပေးသော လက်တွေ့ဦးစားပေး အချိန်ပြည့်သင်တန်းများဖြစ်ပြီး သင်တန်းကာလမှာ ခြောက်လကြာမြင့်မည်ဖြစ်သည်။ တန်းခွဲတစ်ခုလျှင် ကျောင်းသားဦးရေ ၄၀ ဖြင့် စုစုပေါင်းကျောင်းသားဦးရေ ၄၀၀ တက်ရောက်နိုင်ပြီး တစ်နှစ်လျှင် ကျောင်းသားဦးရေ စုစုပေါင်း ၈၀၀ သင်ယူနိုင်မည်ဖြစ်သည်။

တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး၍ အသက် ၁၆ နှစ်ပြည့်ပြီးဖြစ်သော သက်မွေးပညာ သင်ကြားလိုသူများ တက်ရောက်နိုင်ပြီး သင်တန်းပြီးဆုံးအောင်မြင်ပါက မြန်မာနိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အသိအမှတ်ပြုသည့် သက်မွေးပညာကျွမ်းကျင်လက်မှတ် (SMVTI Certificate of Compentency) ပေးအပ်မည်ဖြစ်သည်။

ထို့အပြင် ပြင်ပလုပ်ငန်းများနှင့် မျက်ခြည်မပြတ်စေရန် လုပ်ငန်းခွင်လေ့လာရေး သွားရောက်ခြင်းများ၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် နားလည်မှုစာချွန်လွှာ ချုပ်ဆိုနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ယခုသင်တန်းများသည် ပထမအကြိမ်ဖွင့်လှစ်ခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ် နှစ်လယ်တွင် မြန်မာ-စင်ကာပူ နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှုနှစ်(၅၀)ပြည့် အထိမ်းအမှတ်အဖြစ် ကျောင်းဖွင့်ပွဲအခမ်းအနားပြုလုပ်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်း(ရန်ကုန်) အလုပ်ရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

# ဒေါနဘွားအဝေးပြေးယာဉ် ရပ်နားစခန်းဖွင့်လှစ်

**မန္တလေး မတ် ၁၁**

မန္တလေးတိုင်းဒေသကြီး အဝေးပြေးယာဉ်လုပ်ငန်း ကော်မတီမှ ကချင်ပြည်နယ်သို့ပြေးဆွဲသော အဝေးပြေးယာဉ်များ ပြောင်းရွှေ့ဖွင့်လှစ်ခြင်းကို မတ် ၁၁ နံနက် ၈ နာရီ က မန္တလေးအောင်မြေသာစံမြို့နယ် မန္တလေးတောင်အရှေ့ဘက်ရှိ ဒေါနဘွား အဝေးပြေးခရီးသည်တင်ယာဉ် ရပ်နားစခန်းကို မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်း၊ မန္တလေးတိုင်းဒေသကြီး အဝေးပြေးယာဉ်ကြီးကြပ်ရေး ဥက္ကဋ္ဌ ဦးအောင်ကျော်လင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီဝင် ဦးဟန်စိုးတို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးက ကချင်ပြည်နယ်သို့ထွက်ခွာသော ခရီးသည်တင်ယာဉ်အသင်း ၄၅ သင်းရှိပြီး ကားကြီးကားငယ် ၄၅၀ အတွက် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။ ယခင်ယာဉ်နားစခန်းဖြစ်တဲ့ သီရိမန္တလာကားကွင်းသည် ဧရိယာ နှစ်ဧကခွဲသာရှိပြီး ယာဉ်အသင်း ၁၃၈ သင်း၊ ယာဉ်အစီးရေ ၈၆၈၀ ပြေးဆွဲနေရပြီး နေရာကျပ်တည်းခြင်း ယာဉ်ကြောရှုပ်ထွေးခြင်းများကြောင့် ဧရိယာ ၄ ဒသမ ၃၈၃ ဧကရှိတဲ့ ဒေါနဘွားယာဉ်ရပ်နားစခန်းကို ပြောင်းရွှေ့ဖွင့်လှစ်ရခြင်းဖြစ်ကြောင်းနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း သီရိမန္တလာကားကွင်း၊ ချမ်းမြရွှေပြည်ကားကွင်း ပြည်ကြီးမြတ်ရှင်ကားကွင်း၊ မဟာအောင်မြေကားကွင်းနှင့် ဒေါနဘွားကားကွင်းတို့၌ အဝေးပြေးယာဉ်များ ရပ်နား၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး သွားလာရေး လွယ်ကူစေရန် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများက ယာဉ်ရပ်နားစခန်းအတွင်းရှိ မြစ်ကြီးနား ဗန်းမော်-ဖားကန့် ပြေးဆွဲသည့် ယာဉ်ကြီး ယာဉ်ငယ်များကို ကြည့်ရှုခြင်း အရောင်းကောင်တာဂိတ်များအား ကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးနိုင်ရန် စာရင်းကောက်ခံခဲ့ကြောင်း သိရသည်။

**ကျော်ထူး(မန္တလေး)**

# ဒုတိယအကြိမ် ဖလားဝါးဟွန်း အလှမွေးငါးပြိုင်ပွဲကျင်းပ



**ရန်ကုန် မတ် ၁၁**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ကကြီးမှူး၍ အလှမွေးငါးလုပ်ငန်းရှင်များအသင်း (2nd Flower horn Competition Myanmar 2016) မြန်မာနိုင်ငံ ဖလားဝါးဟွန်း အလှမွေးငါးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက အဆိုပါရုံးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အကြီးတန်း ဒုတိယဥက္ကဋ္ဌ (၂) ဦးနှင်းဦး မင်းဦးကအမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အလှမွေးငါးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးလုံကင်ဆိုင်က ပြိုင်ပွဲအကြောင်း ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

ပြပွဲတာဝန်ခံ ကိုငြိမ်းချမ်းက "နိုင်ငံတကာနဲ့ ရင်ပေါင်တန်းယှဉ်ပြိုင်နိုင်ဖို့ ဈေးကွက်ဖန်တီးပေးတာဖြစ်တယ်။ အိမ်တွင်းငါးအလှမွေးခြင်းမဟုတ်၊ မိသားစုတစ်ပိုင်တစ်နိုင် စီးပွားဖြစ်လုပ်ကိုင်နိုင်ဖို့ ရည်ရွယ်ပါတယ်။ ပြိုင်ပွဲက မတ် ၁၁ ကနေ ၁၃ ရက်ထိပါ။ ပထမရက်မှာ (Super Red Dragon) SRD အလှငါး၊ မတ် ၁၂ ရက်မှာ (Corss Breed ) အလှငါး၊ မတ် ၁၃ ရက်မှာ (Kamta) အလှငါးများပြိုင်ပွဲဝင်ရမှာ ဖြစ်တယ်။ ပထမဆုငွေကျပ် နှစ်သိန်း၊ ဒုတိယဆု တစ်သိန်း၊ တတိယဆု ငါးသောင်းအပြင် တန်ဖိုးမြင့်ငါးများ မဲနှိုက်ပေးမှာဖြစ်ပါတယ်။ နောက်ဆုံးရက်မှာ ပထမရတဲ့သူအတွက် အသင်းက ငွေကျပ် ၁၀ သိန်း ထပ်မံချီးမြှင့်မှာဖြစ်ပါတယ်" ဟု ပြောသည်။

ပြပွဲဖွင့်ပွဲလာ ကိုဇော်က "ကျွန်တော့်ဝါသနာအရ လာကြည့်တာပါ။ ပထမအကြိမ် ၂၀၁၅ ခုနှစ်ကလည်း လာကြည့်ဖြစ်ပါတယ်။ သဘောကျပါတယ်။ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ ဗန်ကောက်ရောက်တုန်းက အလှငါးမွေးပြပွဲ ပြိုင်ပွဲကြုံကြိုက်လို့ ကြည့်ဖြစ်ပါတယ်။ ဒါက ကမ္ဘာနဲ့ ရင်ပေါင်တန်းနိုင်တဲ့ အနာဂတ်ရလဒ်ပါတန်ဖိုးရှိတယ်။ စင်ကာပူနိုင်ငံမှာ အလှမွေးငါးတစ်ကောင်ကို အမေရိကန်ဒေါ်လာ နှစ်သိန်းကျော်ပါတယ်။ ကျွန်တော်က သဘော်သားဆိုတော့ သဘော်လိုက်ရင်း ဒီအလှငါးမွေးပြီး စီးပွားရေးဖောက်ချဖို့ စိတ်ကူးရှိပါတယ်" ဟု ပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# အမ်းမြို့နယ် ဒါးလက်ချောင်းတံတား ပြန်လည်ပြင်ဆင်ဆောင်ရွက်ပြီးစီး

**စစ်တွေ မတ် ၁၁**

ရခိုင်ပြည်နယ်အတွင်း ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရန်ကုန် - စစ်တွေလမ်း၊ အမ်း -စစ်တွေအပိုင်း မိုင်တိုင် (၂၇/၀) ရှိ ဒါးလက်ချောင်းတံတား ရေလယ်တိုင်(P6) ပြိုလဲသွားခဲ့ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ယာယီတည်ဆောက်ပေးခဲ့ရာ ယခုအခါ ဆောက်လုပ်ရေး ဝန်ကြီးဌာန လက်အောက်ရှိ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၇)မှ ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အဆိုပါတံတား၏ ရေလယ်တိုင် (P6) ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ နေ့/ည ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၉ ရက်တွင် ပြီးစီးခဲ့သည်။

ထို့နောက် အဆိုပါတံတားကို မတ် ၇ ရက်တွင် လူစီးမော်တော်ယာဉ်ငယ်များ ဖြတ်သန်းသွားလာနိုင်ခဲ့ပြီး မတ် ၁၅ ရက်မှစ၍ ကုန်တင်ယာဉ်များအပါအဝင် ယာဉ်များအားလုံး ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# မြတ်မော်တင်စွန်းဗုဒ္ဓပူဇနီယပွဲတော် ဘုရားဖူးညီသည်များပြား ရေယာဉ်များ၊ မှန်လုံယာဉ်များ တိုးချဲ့ပြေးဆွဲပေးနေရ

**ပုသိမ် မတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးမြို့ မြတ်မော်တင်စွန်း(ခ) သရဏတောင်ထွတ်၌ တည်ရှိသော မြတ်စွာဘုရားရှင်၏ ဆံတော်နှစ်ဆူကို ဇေယျသေနနဂါးမင်းတည်ထားကိုးကွယ်ခဲ့သည့် မဟာမကုဋ္ဌရံသီဆံတော်ရှင် ဗုဒ္ဓပူဇနီယပွဲတော်ကို ယခုနှစ် တပို့တွဲလပြည့်နေ့မှ တပေါင်းလပြည့်နေ့အထိ ရက်ပေါင်း ၃၀ တိုင် ကျင်းပလျက်ရှိသည်။ မြန်မာနိုင်ငံ တစ်နံတစ်လျား၌ ဘုရားဖူးများပြားလာသည်။



ထို့ကြောင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်း ဦးဆောင်သော ကျင်းပရေးအဖွဲ့က တိုင်းဒေသကြီး ရေယာဉ်များစနစ်တကျ ပြေးဆွဲရေးကော်မတီနှင့် မော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီဝင်များ ညှိနှိုင်း၍ ဘုရားဖူးများ ငွေကုန်ကြေးကျသက်သာစွာဖြင့် အဆင်ပြေချောမွေ့စေရန် ပုသိမ်မြို့ ကမ်းနားလမ်းတော်ဝင်သဘော်ဆိပ်မှ ရွှေစင်ကြယ်၊ စိုးလင်းကျော် နှစ်ထပ်ရေယာဉ်ကြီးများ၊ ပုသိမ်သူ ၁/၂၊ ပိုလာရှပ်ပြေးမော်တော်ယာဉ်များက နေ့စဉ် နံနက် ၁၀ နာရီနှင့် ည ၈ နာရီတို့တွင် လူတစ်ဦးလျှင် ငွေကျပ် ၃၂၀၀ နှုန်းဖြင့် တဒဂ်မြို့တော် ခမောက်မှော်ဆိပ်ကမ်းသို့လည်းကောင်း၊ ခမောက်မှော်ဆိပ်ကမ်းမှ မြတ်မော်တင်တောင်ခြေအရောက်သို့ တစ်ဦးလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ခရီးသည်တင်လိုင်းကားများဖြင့် လည်းကောင်း ပို့ဆောင်ပေးလျက်ရှိသည်။

ထို့အတူ အပြန်ခရီးစဉ်၌ မြတ်မော်တင် တောင်ခြေရင်းမှ နေ့စဉ် နံနက် ၁၀ နာရီနှင့် ည ၈ နာရီတို့တွင် ငွေကျပ် ၃၂၀၀ နှုန်းဖြင့် ပုသိမ်သို့ ပြန်လည်ပို့ဆောင်ပေးသည်။

ထို့အတူ ကုန်းလမ်းခရီးဖြင့်လည်း ပုသိမ်ဆိပ်ကမ်း ရှုခင်းသာရင်ပြင်အနီးမှ မြတ်မော်တင်ရင်ပြင်သို့ အရောက်မြတ်ဇင်ယော်မှန်လုံယာဉ်ဂိတ်နှင့် မြို့မမှန်လုံယာဉ်ဂိတ်တို့မှ မော်တော်ယာဉ်များကလည်း နေ့စဉ် နံနက် ၁၀ နာရီနှင့် မွန်းတည့် ၁၂ နာရီတို့တွင် လူတစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ပို့ဆောင်ပေးလျက်ရှိသည်။

ဘုရားဖူးများ တည်းခိုနိုင်ရန် တောင်ပေါ်နှင့် တောင်ခြေတို့၌လည်း တည်းခိုခန်းများ၊ လုံခြုံရေးဌာနများ၊ ကျန်းမာရေး၊ လူမှုရေးအဖွဲ့အစည်းများဖြင့်လည်း အေးချမ်းသာယာစွာ အနားယူကြရင်း ဘုရားဖူးနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

# မင်းလှမြို့နယ် ကျောက်တံခါးကပ်ကျော်ကုန်းမြေပေါ်၌ ဉာဏ်တော် ၄၅ တောင်ရှိ ဗုဒ္ဓရုပ်ပွားတော်တည်လျက်ရှိ

**မင်းလှ မတ် ၁၁**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်အရှေ့ဘက် ကျောက်တံခါးစေတီတော်အနီးရှိ ကပ်ကျော်သာသနာ့နယ်မြေ ကုန်းတော်ပေါ်၌ ဉာဏ်တော်အမြင့် ၄၅ တောင်ရှိ ရပ်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တည်ထားလျက်ရှိကြောင်း သိရသည်။

မဟာမြိုင်ဆရာတော် ဦးဥတ္တမ ဦးဆောင်မှုဖြင့် ဘုရားကြီးတည်ထားရာ၌ တပို့တွဲလဆန်း ၇ ရက်တွင် ပန္နက်ရိုက်ပြီး တပို့တွဲလပြည့်နေ့တွင် အုတ်မြစ်တော်စီမင်္ဂလာအခမ်းအနား ကျင်းပသည်။ မြတ်စွာဘုရား၏ဝါတော်(၄၅)ဝါ အထိမ်းအမှတ်အဖြစ် တည်ထားခြင်းဖြစ်ပြီး ရပ်ဝေးရပ်နီးမှ အလှူရှင်များလည်း ကုသိုလ်ပါဝင်နိုင်ရန် နှိုးဆော်ထားကြောင်း အကျိုးတော်ဆောင် ကျောက်တံခါးစေတီမှ ဦးပဋ္ဌင်း ဦးဇဝနက မိန့်ကြားသည်။

ကပ်ကျော်ဘုရားသာသနာ့နယ်မြေသည် မင်းလှမြို့အရှေ့ဘက် အင်တိုင်းတောင်တန်းတောင်စွယ်များပေါ်၌ တည်ရှိပြီး ရာနှင့်ချီသော ရဟန္တာရုပ်တုတော်များကို တောင်တန်းများပေါ်၌ အတန်းလိုက်ထုလုပ်ပူဇော်ထားသည်ကို ကြည်ညိုဖွယ်ရာတွေ့မြင်ရသည်။ ကပ်ကျော်ကုန်းမြေအနီးတွင် ဉာဏ်တော် ၁၀၁ တောင်ရှိ သမိုင်းဝင်ကျောက်တံခါး ဂေါတမစေတီတော်ကြီးကို ဖူးတွေ့နိုင်သည်။

**ကိုသက်(ဇီးကုန်း)**

## မြန်မာ့ရုပ်မြင်သံကြား

**News Channel**

**၁၂-၃-၂၀၁၆ (စနေနေ့)**

**နံနက်ပိုင်း**

၆ း ၀၀ - တောင်တန်း သာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်

၁၀ း ၃၅ - အယ်နီညိုသက်ရောက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးဆိုင်ရာများနဲ့ပတ်သက်ပြီး ဆွေးနွေးချက်

၁၃ း ၁၀ - တစ်ပတ်အတွင်း လွှတ်တော်သတင်း

**ညပိုင်း**

၁၅ း ၁၅ - Ooredoo MNL-1 2016 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ဇေယျာရွှေမြေအသင်းနှင့် ဧရာဝတီယူနိုက်တက်)

၂၀ း ၀၀ - ပြည်တွင်းသတင်း
- ဂီတတံခါးလေးဖွင့်ပါဦး

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

# မိတ္ထီလာမြို့ ရွှေစစ်သည်ကျေးရွာအုပ်စု သဲတောလေးကျေးရွာပြည်သူများ သောက်သုံးရေအခက်အခဲ ယခင်နှစ်များထက်ပို၍ ကြုံတွေ့နေရ

**မိတ္ထီလာ မတ် ၁၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရွှေစစ်သည် ကျေးရွာအုပ်စု သဲတောလေး ကျေးရွာဒေသခံပြည်သူများမှာ နှစ်စဉ်နွေရာသီရောက်ချိန်တိုင်း သောက်သုံးရေအခက်အခဲကြုံတွေ့ခဲ့ရပြီး ယခုနှစ်တွင် အယ်နီညိုရာသီဥတုနှင့်ရင်ဆိုင်ရသဖြင့် ယခင်နှစ်များထက် သောက်သုံးရေအခက်အခဲကို ပို၍ကြုံတွေ့ခံစားနေရကြောင်း ဒေသခံများထံက သိရသည်။

"သဲတောလေးကျေးရွာမှာ ရှေးတုန်းကတည်းက ရေချိုမထွက်ဘူး။ ရေငန်ဘဲ ထွက်တယ်။ ရေငန်ထွက်တဲ့ရေတွင်းတွေတော့ရှိတယ်။ ရေမရှားပေမယ့် သောက်သုံးရေအတွက်တော့ နွေရောက်တိုင်း အခက်အခဲကြုံတွေ့ရတယ်။ မိုးရာသီမှာ မိုးရေစုပြီး မိုးရာသီနဲ့ ဆောင်းရာသီမှာ မိုးရေနဲ့ ရေငန်ကို ရောသောက်ရတယ်။ လူတွေလည်း အဲဒီလို သောက်ရသလို မွေးထားတဲ့ နွား၊ ဆိတ်၊ ခွေး၊ ကြက်ကအစ ရေငန်ပဲသောက်ရတယ်။ နွေရာသီဆိုရင်တော့ ရွာအနီးက ဒီချောင်းထဲမှာ အခုလို လက်ယက်တွင်းတူးပြီး သောက်သုံးရေအတွက် မနက်အစောကြီးကတည်းက အလှည့်ကျ ခပ်ကြရတယ်။ ဒီနှစ်က အယ်နီညိုရာသီဥတုကြုံတွေ့ရတဲ့ နှစ်ဆိုတော့ ခါတိုင်းနှစ်တွေလောက် လက်ယက်တွင်းက ရေမရဘူး။ ဒါကြောင့် သောက်သုံးရေအတွက် ခါတိုင်းနှစ်တွေထက်ပိုပြီး အခက်အခဲကြုံတွေ့နေရတယ်"ဟု သဲတောလေးကျေးရွာ ဒေသခံအမျိုးသမီးတစ်ဦးက ပြောသည်။



သဲတောလေးကျေးရွာတွင် အိမ်ခြေ ၈၀ ခန့်နှင့် လူဦးရေ ၂၀၀ ကျော် နေထိုင်လျက်ရှိပြီး ရှေးယခင်က ကျေးရွာအတွင်းတူးဖော်ခဲ့သည့် ရေတွင်းများနှင့် လက်ရှိတူးဖော်ထားသည့် စက်ရေတွင်းများမှ ထွက်ရှိသည့်ရေမှာ တစ်နှစ်ထက်တစ်နှစ် အငန်ဓာတ်ပိုမိုများပြားလာ၍ မိုးရေဖြင့် ရောစပ်သောက်သုံးရန်ပင် မကောင်းမွန်တော့ကြောင်း၊ ယင်းရေငန်များဖြင့် အိုးခွက်ပန်းကန်များဆေးကြောသည့်အခါ မှိုကဲ့သို့ အဖြူပွင့်ပြောက်များ (ဆားဓာတ်ပေါက်များ)ဖြစ်ပေါ်သည်ကို ကြုံတွေ့ရကြောင်း ဒေသခံအဘွားတစ်ဦးက ပြောသည်။

"အဘွားတို့ ငယ်ငယ်တုန်းက ရွာထဲက ရေတွင်းက ရေငန်ကို မိုးရေနဲ့ရောစပ်သောက်သုံးလို့ရသေးတယ်။ အငန်ဓာတ်သိပ်မသိသာဘူး။ အခု ရွာထဲက ထွက်တဲ့ ရေတွေက ပိုငန်လာတယ်။ မိုးရေနဲ့စပ်ပြီး သောက်လည်း အငန်ဓာတ်ကများနေတယ်။ အိုးခွက်ပန်းကန်တွေကို ဆေးကြောတော့လည်း အဖြူပွင့်ပြောက်တွေ ဖြစ်လာတယ်"ဟု ၎င်းအဘွားက ပြောသည်။

သဲတောလေးကျေးရွာ၌ ကြုံတွေ့နေရသည့် သောက်သုံးရေအခက်အခဲကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များထံ တင်ပြအကူအညီတောင်းခံရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



# မော်လူးရဲစခန်းပိုင် နယ်မြေအတွင်း စစ်ကျန်ဗုံးသီးဟောင်းများ တွေ့ရှိ

**မော်လူး မတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးရဲစခန်းပိုင်နယ်မြေအတွင်း မတ် ၁၁ ရက် မွန်းတည့် ၁၂ နာရီခန့်က စစ်ကျန်ဗုံးသီးဟောင်းများကို တွေ့ရှိရကြောင်း သိရသည်။

မော်လူးရဲစခန်းပိုင်နယ်မြေမှ စခန်းမှူး ရဲအုပ်မင်းနိုင် တာဝန်ထမ်းဆောင်နေစဉ် မတ် ၁၁ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်က ရွှေဘို-မြစ်ကြီးနား မီးရထားသံလမ်းမိုင်တိုင်အမှတ် ၆၀၇/၁နှင့် ၆၀၆/၂၄ ကြားဟဲနုကျေးရွာရှိ ဒေါ်ခင်နုအိမ်နှင့် မီးရထားသံလမ်းကြား၌ အရှည် ၁၄ လက်မ လုံးပတ်ခုနစ်လက်မရှိ စစ်ကျန်ဗုံးသီးဟောင်း ၁၉ လုံးကို ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းရေးအဖွဲ့က တူးဖော်တွေ့ရှိခဲ့သည်။

အဆိုပါ ရှေးဟောင်းအမွေအနှစ်တူးဖော်ရာ နေရာသို့ မော်လူးနယ်မြေရဲစခန်းမှစခန်းမှူး ရဲအုပ်မင်းနိုင်၊ နယ်ထိန်းခေါင်းဆောင် တပ်ကြပ်သန့်ဇင်နှင့် တပ်ဖွဲ့ဝင်များ၊ မော်လူးအုပ်စုအုပ်ချုပ်ရေးမှူး ဦးဝင်းစိန်နှင့်အဖွဲ့၊ ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းရေးအဖွဲ့အတွင်းရေးမှူးနှင့်အဖွဲ့၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များက မလိုလားအပ်သော အန္တရာယ်မဖြစ်ပေါ်နိုင်စေရေးအတွက် ခေတ္တထိန်းသိမ်းစောင့်ရှောက်လျက်ရှိပြီး နယ်မြေခံတပ်ရင်း၏ အကူအညီဖြင့် ဆက်လက်တူးဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ညိုမင်းထက်(မြန်မာစာ)**

# မိုင်ရှည်အပြေးပြိုင်ပွဲ ကသာမြို့၌ ကျင်းပ

**ကသာ မတ် ၁၁**

ကသာမြို့၌ မတ် ၂၇ ရက်တွင် ကသာခရိုင် အား/ကာမှ ဦးစီး၍ မိုင်ရှည်အပြေးပြိုင်ပွဲ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု ငါးဆုအပြင် ပန်းဝင်သူတိုင်း တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ရန် ခရိုင် အား/ကာသို့ မည်သူမဆိုလာရောက် စာရင်းပေးနိုင်ကြောင်းလည်း သိရသည်။

**လှအောင်(ကသာ)**




## ထိုင်းနိုင်ငံချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ၁၇၉ ဦး တနင်္သာရီမြို့သို့ ဖြတ်သန်းရောက်ရှိ

**တနင်္သာရီ မတ် ၁၁**

ထိုင်းနိုင်ငံ ပရာကျွတ်ခရီခရမ် ခရိုင်ဝန်(အငြိမ်းစား) Mr. Weera Sriwattma traku ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ၁၇၉ ဦးသည် တူညီအင်္ကျီများ ဝတ်ဆင်ကြလျက် မော်တော်ယာဉ် ၄၉ စီးနှင့်အတူ မတ် ၁၁ ရက် မွန်းလွဲ ၁၂ နာရီခွဲက တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့ ရွှေနှင်းဆီ စားသောက်ဆိုင်သို့ ရောက်ရှိကြရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းနိုင်နှင့် ဌာနဆိုင်ရာ ဦးစီးမှူးများက ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား တနင်္သာရီတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်ဝင်း၊ မြိတ်ခရိုင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းတာဝန်ခံ ဦးမိုးကျော်တို့ ဦးဆောင်လျက် AKM Tourism ခရီးသွားကုမ္ပဏီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ထိုင်းနှင့်မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးပိုမိုခိုင်မြဲစေရန်နှင့် ခရီးသွားလုပ်ငန်းများ ပိုမိုတိုးတက်ပူးပေါင်းဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ယခုကဲ့သို့ လာရောက်လည်ပတ်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းချစ်ကြည်ရေးအဖွဲ့သည် အများပိုင်ကုမ္ပဏီမှ ဖွင့်လှစ်ထားရှိသော ရွှေနှင်းဆီစားသောက်ဆိုင်၌ နေ့လယ်စာသုံးဆောင်ကြပြီး မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် တနင်္သာရီမြို့တည်ရှင်မအောင်သာ ကျောက်တိုင်ကို ပူဇော်ကန်တော့ကြကာ မြိတ်မြို့သို့ ဆက်လက်ထွက်ခွာသွားကြသည်။

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မြိတ်မြို့၌ နှစ်ညအိပ်ရပ်နားပြီး မြိတ်မြို့၏ အထင်ကရဖြစ်သော တောကျောင်း၊ မင်းကျောင်း၊ အရှေ့သိမ်ကျောင်း၊ မြိတ်မြို့ကုန်တိုက်၊ မြို့မဈေး၊ လေးကျွန်းဆီမီးသိမ်တော်ကြီးစေတီနှင့် ဘုရားကြီးလမ်းများကို သွားရောက်လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## ရန်ကုန်-ပြည်လမ်းပိုင်းပြေးဆွဲလျက်ရှိသည့် အမှတ်(၇၁)အဆန်၊ (၇၂)အစုန် အမြန်ရထားအား တွဲဆိုင်းအသစ်ဖြင့် မတ် ၁၉ ရက်တွင် အစားထိုးလဲလှယ်ပြေးဆွဲပေးမည်

**နေပြည်တော် မတ် ၁၁**

မြန်မာ့မီးရထား၏ ရန်ကုန်-ပြည်လမ်းပိုင်းပြေးဆွဲပေးလျက်ရှိသော အမှတ်(၇၁) အဆန်၊ (၇၂)အစုန် အမြန်ရထားအား ခရီးသွားပြည်သူများ သက်သောင့်သက်သာဖြင့် လိုက်ပါစီးနင်းနိုင်ရေးနှင့် ဝန်ဆောင်မှု ပိုမိုကောင်းမွန်စေရေးရည်ရွယ်၍ တရုတ်နိုင်ငံမှ အသစ်ဝယ်ယူထားသည့် စက်ခေါင်းနှင့် လေအိတ်စနစ်တပ်ဆင်ထားသည့် လူစီးတွဲများဖြင့် အစားထိုးလဲလှယ်၍ မတ် ၁၄ ရက်မှစတင်ကာ ပြေးဆွဲပေးသွားမည်ဖြစ်သည်။ အဆိုပါတွဲဆိုင်းကို ရိုးရိုးတန်းတွဲများဖြင့်သာ ဖွဲ့စည်း၍ လူစီးတွဲ ကိုးတွဲ၊ ဘရိတ်တွဲတစ်တွဲဖြင့် ဖွဲ့စည်းပြေးဆွဲပေးသွားမည် ဖြစ်သည်။ လက်မှတ်ခနှင့် အချိန်စာရင်းမှာ ပြောင်းလဲမှုမရှိဘဲ ရန်ကုန်မှ နေ့စဉ် မွန်းလွဲ ၁ နာရီတွင် ထွက်ခွာ၍ ပြည်သို့ ည ၉ နာရီခွဲတွင်ရောက်ရှိပြီး ပြည်မှ ည ၁၁ နာရီခွဲတွင် ထွက်ခွာ၍ ရန်ကုန်သို့ နောက်တစ်နေ့နံနက် ၇ နာရီ မိနစ် ၅၀ တွင် ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်းနှင့် အဆိုပါရထားတွင် ထိုင်ခုံမဲ့လက်မှတ်များ လုံးဝရောင်းချပေးမည် မဟုတ်ကြောင်း မြန်မာ့မီးရထားမှ နိုင်ငံပိုင်သတင်းစာများနှင့် ဂျာနယ်များတွင် ကြေညာခဲ့ပါသည်။

ရန်ကုန်-ပြည် ရထားလမ်းပိုင်းတွင် တွဲဆိုင်းစမ်းသပ်ပြေးဆွဲခဲ့မှု အခြေအနေအရ တွဲဆိုင်းအသေးစား ပြုပြင်မွမ်းမံမှုများနှင့် လမ်းပိုင်းကြံ့ခိုင်ကောင်းမွန်ရေး ပြင်ဆင်မွမ်းမံမှုများ ဖြည့်ဆည်းဆောင်ရွက်နေခြင်းကြောင့် မတ် ၁၉ ရက်မှသာ စတင်ပြေးဆွဲပေးမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။ **(မြန်မာ့အလင်း)**

## ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲသို့ မည်သူမဆိုဝင်ရောက်ယှဉ်ပြိုင်နိုင်

**ရန်ကုန် မတ် ၁၁**

အီတလီ-မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် အီတလီသံရုံးက ကြီးမှူးကျင်းပမည့် ရန်ကုန်မြို့၌ ရှိသည့် ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ ဓာတ်ပုံပြပွဲနှင့် ဓာတ်ပုံပြိုင်ပွဲသို့ မည်သူမဆို ဓာတ်ပုံများရိုက်ကူးပေးပို့ ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ရန်ကုန်မြို့သည် ရှေးဟောင်းအဆောက်အအုံများစွာရှိသည့် မြို့ပြအခင်းအကျင်းကို လွန်ခဲ့သည့် နှစ်တစ်ရာပတ်ဝန်းကျင်ကတည်းက ပိုင်ဆိုင်ထားခဲ့ပြီး ယင်းအဆောက်အအုံများစွာသည် ယနေ့တိုင် ကျန်ရစ်နေဆဲပင်ဖြစ်သည်။

အဆိုပါဓာတ်ပုံပြိုင်ပွဲနှင့် ပြပွဲများသို့ မည်သည့်ကင်မရာဖြင့်ဖြစ်စေ ရိုက်ကူးပေးပို့နိုင်ပြီး ပြိုင်ပွဲ၏ ခေါင်းစဉ်မှာ ယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံများနှင့် ရန်ကုန်မြို့ပြအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲကို ဧပြီလအတွင်း ကျင်းပနိုင်ရန် ရည်ရွယ်ထားပြီး ပြိုင်ပွဲဝင်ဓာတ်ပုံများကို ပြပွဲအဖြစ် ခင်းကျင်းပြသပေးသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်များအနက်မှ ဆုရရှိသည့် ဓာတ်ပုံပိုင်ရှင်အား အကောင်းဆုံးဆုအဖြစ် ရွေးချယ်ပေးအပ်သွားမည်ဖြစ်ကြောင်း အီတလီသံရုံးမှ သတင်းထုတ်ပြန်ထားသည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို မတ် ၂၈ ရက်နောက်ဆုံးထားကာ အင်းလျားလမ်းရှိ အီတလီသံရုံးသို့ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။ **မေဦးမိုး**

## တောင်သာမြို့နယ်၌ ရာသီဥတုဖောက်ပြန်မှုကြောင့် ကြက်သွန်နီအထွက်နှုန်း လျော့ကျဆုံးရှုံးနိုင်

**တောင်သာ မတ် ၁၁**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်၌ မတ်လပထမပတ်က ကြက်သွန်နီအပင်၏ အဖျားပိုင်း၌ ခြောက်ကပ်ကာ ပိုးများတွေ့ရ၍ အထွက်နှုန်း လျော့ကျကာ ဆုံးရှုံးမှုများ ရှိလာနိုင်ကြောင်း သိရသည်။ **(ယာပုံ)**

"ဒီနှစ်ရာသီဥတုက မမှန်ဘူး။ မိုးအုံ့တယ်။ နှင်းကျတယ်။ နေကပူသလို မပူသလိုနဲ့ဖြစ်တယ်။ ကြက်သွန်ကနေ့ပူပြီး ညပိုင်းအေးနေမှ ဖြစ်တာ။ တောက်တဲ့မီးကျတယ်လို့ပြောတာပဲ။ မှိုဆေးဖျန်းလည်းမရဘူး။ ကုန်းမြေမှာ အစောပိုင်းစိုက်သူတွေက ဥတော့ဆင်းပြီး အထွက်မကောင်းတော့ဘူး၊ ချောင်းစံသမားတွေဆိုရင် စိုက်ချိန်လည်း နောက်ကျတော့ ဥမရနိုင်တော့ဘူး"ဟု စိုက်ခင်းပိုင်ရှင်ဦးလှမိုးက ပြောသည်။

ကြက်သွန်နီတစ်ဧကအတွက် ကုန်ကျစရိတ်မှာ ခြောက်သိန်းမှ ၁၀ သိန်းဝန်းကျင်အထိရှိနေရာ အထွက်နှုန်းအပြင် ဈေးနှုန်းကောင်းရရှိမှသာ အဆင်ပြေမည်ဖြစ်၍ ဒေသခံများအနေဖြင့် စိုးရိမ်မှုများရှိနေကြကြောင်း သိရသည်။ **လင်းလက်ကြယ်(တောင်သာ)**



## သတိပေးနှိုးဆော်ချက်

၁။ တာမွေ(၅)ခွဆုံတွင် "Y "ပုံသဏ္ဌာန်ခုံးကျော်တံတားတည်ဆောက်လျက်ရှိရာ ၂၀၁၆ ခုနှစ် မတ်လ ၇ ရက်နေ့မှ ၁၆ ရက်နေ့အထိ ည ၁၀ နာရီမှမနက် ၅ နာရီအတွင်း လမ်းဆုံရှိ PB-1၊ PU-1 နှင့် PH-1 ဆုံရာတွင် တံတားသံပေါင်များတပ်ဆင်မည်ဖြစ်သဖြင့် လမ်း(၅)ခွဆုံရှိလမ်း ၅လမ်းအားခေတ္တပိတ်မည်ဖြစ်ပါသည်။

၂။ ထိုသို့ညပိုင်းခေတ္တလမ်းပိတ်ရာတွင် မော်တော်ယာဉ်များအနေဖြင့် အောက်ဖော်ပြပါလမ်းများမှ လမ်းလွှဲခြင်းများ ဆောင်ရွက်မည်ဖြစ်ပါသည်-

- (က) ဗညားဒလလမ်းအတိုင်း တောင်မှမြောက်သို့လာသောယာဉ်များသည်(ကျောက်မြောင်းမီးပွိုင့်) ကျိုက္ကဆံလမ်းမှလမ်းလွှဲခြင်း။
- (ခ) ဦးချစ်မောင်လမ်းအတိုင်း မြောက်မှတောင်သို့လာသော ယာဉ်များသည် အနောက်မြင်းပြိုင်ကွင်းလမ်းမှ လမ်းလွှဲခြင်း။
- (ဂ) အရှေ့မြင်းပြိုင်ကွင်းလမ်းအတိုင်း မြောက်မှတောင်သို့လာသောယာဉ်များသည် ကျိုက္ကဆံလမ်းမှ လမ်းလွှဲခြင်း။
- (ဃ) သမိန်ဗရမ်းလမ်း(တာမွေပလာဇာရှေ့) အရှေ့မှအနောက်သို့ လာသောယာဉ်များသည် ကျိုက္ကဆံလမ်းမှ လမ်းလွှဲခြင်း။
- (င) အရှေ့ရွှေဂုံတိုင်လမ်းသို့ အနောက်မှအရှေ့သို့ လာသောယာဉ်များသည်(ရွှေဂုံတိုင်မီးပွိုင့်) ကမ္ဘာအေးဘုရားလမ်းမှလမ်းလွှဲခြင်း။

၃။ သို့ဖြစ်၍ ၂၀၁၆ ခုနှစ် မတ်လ ၇ ရက်နေ့မှ ၁၆ ရက်နေ့ည ၁၀ နာရီမှနံနက် ၅ နာရီအတွင်း ဖြတ်သန်းသွားလာမည့် မော်တော်ယာဉ်များအနေဖြင့် အထက်ဖော်ပြပါလမ်းလွှဲများမှ မောင်းနှင်သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## မတ် ၁၁ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၆ ခုနှစ် မတ် ၁၁ ရက် (သောကြာနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ပေါ်ဆန်း(ဆန်) | ရွှေဘို | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၄၈၅၀၀ မှ ၅၁၀၀၀ | အဟောင်း |
| ၂။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၈၅၀၀ မှ ၄၁၅၀၀ | အသစ် |
| ၃။ | ဧရာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၅၀၀ မှ ၂၃၀၀၀ | အသစ် |
| ၄။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၁၀၀၀ | အသစ် |
| ၅။ | မြီးတိုး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၂၅၀၀ မှ ၂၄၀၀၀ | အသစ် |
| ၆။ | သုခ(ဆန်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃၅၀၀ မှ ၂၄၅၀၀ | အသစ်/ရှယ် |
| ၇။ | မတ်ပဲ FAQ/RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၈၇၅၀၀ | |
| ၈။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၅၅၀ မှ ၁၈၇၀ | |
| ၉။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ တောင်တွင်း၊ မိတ္ထီလာ၊ မင်းဘူး၊ မင်းလှ၊ မြစ်သား၊ ပျော်ဘွယ်၊ မြင်းခြံ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၅၀ မှ ၆၇၅ | ရှယ် |
| ၁၀။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၀၅၀ | ရှယ်၊လတ် |
| ၁၁။ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၄၅၀ မှ ၂၇၅၀ | ထူး ၂၊ ၃၊ ၄၊ ၅ |
| ၁၂။ | ငရုတ်(မိုးထောင်) | ညောင်ရမ်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၆၀၀ မှ ၂၇၀၀ | |
| ၁၃။ | အာလူး | တပ်ကုန်း၊ ဆင်ဖြူကျွန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၂၀ မှ ၆၉၀ | ဆွဲ, A1,OK, S1,S2,S3 |
| ၁၄။ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၆၀၀ မှ ၂၅၀၀ | |
| ၁၅။ | လိမ္မော်သီး | | တစ်ပိဿာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၂၀၀ မှ ၁၈၀၀ | |
| ၁၆။ | စတော်ဘယ်ရီသီး | | တစ်ဘူး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၅၀၀ | |
| ၁၇။ | ကန်စွန်းဥ | | တစ်ပိဿာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၇၀၀ | |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် မတ် ၁၁**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **(မိုး/ဇလ)**

# ကလေးငယ်များအား ထိုးခဲ့သောဆေးကို အန္တရာယ်ကင်း/မကင်း မြန်မာနိုင်ငံ၏အကောင်းဆုံးဓာတ်ခွဲခန်းတွင် အသေးစိတ်စမ်းသပ် စစ်ဆေးမှုပြုလုပ်နေ၊ ကလေးငယ်များ ရောဂါဖြစ်ပွားမှုကို ယခုဆေးကြောင့် ဟုတ်/မဟုတ် ဖော်ထုတ်သွားမည်ဖြစ်

**နေပြည်တော် မတ် ၁၁**

ပြီးခဲ့သည့် ရက်ပိုင်းအတွင်း ပဲခူးမြို့အထွေထွေရောဂါကုဆေးရုံကြီး၌ မွေးကင်းစကလေးငယ်များအား အသည်းရောင်အသားဝါ ကာကွယ်ဆေးထိုးပြီးနောက် နောက်ဆက်တွဲ ကျန်းမာရေးပြဿနာဖြစ်ပွားခဲ့ပြီး မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်အတွင်းရှိ ကျေးရွာအချို့၌လည်း ဦးနှောက်ရောင်ရောဂါ သံသယဖြစ်စဉ်များ ဖြစ်ပွားခဲ့သည်။

ယင်းကိစ္စရပ်များနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ယနေ့နံနက် ၁၁ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန၌ ပြုလုပ်ခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် **(ယာယီ)**နှင့် ညွှန်ကြားရေးမှူးချုပ်တို့က ရှင်းလင်းပြောကြားသည်။

**အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း**က ပဲခူးမြို့၌ ဖြစ်ပွားခဲ့သည့် ကိစ္စနှင့်ပတ်သက်၍ ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ကလေးငယ်များ ကာကွယ်ဆေးထိုးပြီးနောက်ပိုင်း အသက်ရှူကျပ်ခြင်း၊ ရှုတ်တရက် တက်ခြင်းများဖြစ်ခဲ့ကြောင်း၊ ကနဦးစစ်ဆေးချက်များအရ မွေးကင်းစကလေးများတွင် ပိုးဝင်၍ဖြစ်သည့် လက္ခဏာများ တွေ့ရကြောင်း၊ မည်သည့်အတွက်ကြောင့် ဖြစ်ရသည်ကို အသေးစိတ်သိရှိနိုင်ရန် သမားတော်များ၊ ကလေးအထူးကုများ၊ သက်ဆိုင်ရာအထူးကုဆရာဝန်များပါဝင်သည့်အဖွဲ့များဖွဲ့၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း၊ လက်ရှိအချိန်တွင် အဖြေအချို့ကို ရရှိထားပြီးဖြစ်ကြောင်း၊ ရောဂါဖြစ်နေသည့် ကလေးများကို သေချာစောင့်ကြပ်ကြည့်ရှုကုသနိုင်ရန်အတွက်လည်း စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း။

သာစည်မြို့နယ်ကိစ္စနှင့်ပတ်သက်၍ မတ် ၅ ရက်နှင့် ၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်အတွင်း ကျေးရွာများ၌နေထိုင်သည့် အသက်(၅ နှစ်)မှ (၉ နှစ်)အရွယ် ကလေးငယ်ခုနစ်ဦး ရုတ်တရက်တက်ခြင်း၊ အန်ခြင်း၊ သတိလစ်ခြင်း စသည့် ဦးနှောက်ရောင်ရောဂါလက္ခဏာများဖြင့် မိတ္ထီလာအထွေထွေရောဂါကုဆေးရုံကြီးသို့ တက်ရောက်ခဲ့ကြောင်း၊ ယင်းအနက်မှ ကလေးငယ်အချို့ အသက်ဆုံးရှုံးမှုရှိခဲ့ကြောင်း၊ သတင်းကြားလျှင်ကြားချင်း ဖြစ်စဉ်အခြေအနေများ စုံစမ်းရေးနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ဖြစ်ပွားခဲ့သည့် ကျေးရွာများအပါအဝင် သာစည်မြို့နယ်အတွင်းရှိသည့် ကျေးရွာများ၌ ရောဂါကူးစက်ခြင်းရှိ/မရှိ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ ဆောင်ရွက်နေကြောင်း ပြောကြားသည်။



**ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာစိုးလွင်ငြိမ်း**က ပဲခူးဖြစ်စဉ်နှင့်ပတ်သက်၍ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်က ရောဂါနှစ်မျိုးလောက်သာ ကာကွယ်နိုင်သည့် အခြေအနေမှ အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံများနည်းတူ ယခုရောဂါ ၁၃ မျိုးအထိ ကာကွယ်ဆေးထိုး၍ ကာကွယ်နိုင်ပြီဖြစ်ပါကြောင်း။

မွေးမွေးချင်း ကလေးငယ်များထိုးနိုင်သည့် ကာကွယ်ဆေးနှစ်မျိုးရှိပြီး တစ်မျိုးမှာ ဘီစီဂျီကာကွယ်ဆေးဖြစ်ကာ ကျန်တစ်မျိုးမှာ အသည်းအရောင်အသားဝါကာကွယ်ဆေးဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးပြီး နောက်ဆက်တွဲဖြစ်ရပ်များ ဖြစ်ပွားမှုမရှိစေရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်း၍ ကျန်းမာရေးဝန်ထမ်းများကို သင်တန်းများ ပေးထားပြီးဖြစ်ကြောင်း၊ ဆေးနှင့်ပတ်သက်၍ ရောင်းသည့်ဆေးဆိုင်၌ ဆေးသိုလှောင်ပုံ၊ ဆေးလက်ကျန်ရှိ/မရှိ၊ အဆိုပါဆေးများ ဆရာမလက်ထဲသို့ ရောက်လာသည့် အဆင့်အထိ စစ်ဆေးမှုများ ပြုလုပ်နေပြီး ဆေးနှင့်ပတ်သက်သည့် အချက်အလက်များကို စုဆောင်းနေကြောင်း။

သာစည်မြို့နယ်ဖြစ်စဉ်နှင့်ပတ်သက်၍ ရောဂါကာကွယ်နှိမ်နင်းရေးအဖွဲ့ကို ဖြစ်ပွားသည့်ကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်စေခဲ့ပါကြောင်း၊ မတ် ၅ မှ ၁၀ ရက်အတွင်း ဦးနှောင်ရောင်ရောဂါသံသယဖြစ်ပွားသူကိုးဦး တွေ့ရှိခဲ့ကြောင်း၊ လေးဦးသေဆုံးခဲ့ပြီး ငါးဦးကို မိတ္ထီလာဆေးရုံကြီး၌ ကြပ်မတ်ကုသမှုကြောင့် သက်သာလျက်ရှိကြောင်း၊ ရောဂါဖြစ်ပွားသူ နောက်ထပ်မရှိကြောင်း၊ ဖြစ်ပွားခဲ့သည့်ရွာများ၌ ယာယီဆေးခန်းများဖွင့်၍ နေ့စဉ်စောင့်ကြပ်ကြည့်ရှုနေကြောင်း၊ ထို့ပြင် လူနာအသစ်များကို ရှာဖွေ၍ အိမ်အထိလိုက်လံကုသပေးနေပြီး လိုအပ်ပါက ဆေးရုံသို့ပို့ဆောင်ကုသပေးကြောင်း၊ ရောဂါဖြစ်ပွားခဲ့သည့်ကျေးရွာများ၌ ကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်သည့်အတွက် ရောဂါဖြစ်ပွားလာလျှင်လည်း ပြင်းထန်မှုမရှိနိုင်ကြောင်းနှင့် အသက်ဆုံးရှုံးမှုကို ကာကွယ်ပေးနိုင်ကြောင်း၊ ယခုအချိန်တွင် သာစည်မြို့နယ်အတွင်း ရောဂါဖြစ်ပွားခဲ့သည့် နေရာများကို ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာမြင့်ဟန်က ကလေးငယ် ၁၄ ဦး အသည်းရောင်အသားဝါဆေးထိုးပြီးသည့် နောက်ပိုင်းတွင် ရုတ်တရက်တက်ခြင်း၊ အသက်ရှူကျပ်ခြင်း လက္ခဏာများတွေ့ရကြောင်း၊ ကလေးတစ်ဦးစီ၏ အခြေအနေကို သေချာစောင့်ကြည့်ပြီး လိုအပ်သည့်ကုသမှုများ ပေးခဲ့ကြောင်း၊ ရောဂါပြင်းထန်သောကလေးများကို ရန်ကင်းကလေးဆေးရုံ၌ ပြုစုစောင့်ရှောက်နေကြောင်း၊ ဖြစ်စဉ်တွင် ကလေးငယ် ၂၈ ဦးပါဝင်သည့်အတွက် ကျန်ကလေးငယ်များကို ဆေးရုံသို့ ပြန်ခေါ်၍ စောင့်ကြပ်ကြည့်ရှုကုသမှုများ ဆောင်ရွက်ပေးနေကြောင်း။

မတ် ၁၁ ရက် **(ယနေ့)**နံနက် ၁၁ နာရီ သတင်းပေးချက်အရ ကလေးငယ်များ၏ အခြေအနေမှာ ထပ်မံဆိုးရွားလာခြင်းမရှိဘဲ တည်ငြိမ်သည့်အခြေအနေရှိကြောင်းနှင့် လိုအပ်သည့် ကုသမှုများ လုပ်ဆောင်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

**အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်**က အသက်ဇီဝနှင့်ပတ်သက်ပြီး ထုတ်လုပ်ထားသည့် ဆေးများကို WHO က အသိအမှတ်ပြုမှသာ လက်ခံစစ်ဆေးပါကြောင်း၊ ယခုဆေးသည် WHO ၏ အသိအမှတ်ပြုထားသော ဆေးဖြစ်သည့်အတွက် အန္တရာယ်ကင်းနိုင်သည်ဟု ယူဆနိုင်ကြောင်း၊ သို့သော်လည်း ကလေးငယ်များအား ထိုးခဲ့သောဆေးကို အန္တရာယ်ကင်း/မကင်း မြန်မာနိုင်ငံ၏ အကောင်းဆုံးဓာတ်ခွဲခန်း၌ အသေးစိတ်စမ်းသပ် စစ်ဆေးမှုပြုလုပ်နေကြောင်း၊ စစ်ဆေးနေဆဲဖြစ်သည့် ယခုဆေးကို ရောင်းဝယ်ခြင်းမပြုရန် တားမြစ်ထားပါကြောင်း၊ ကလေးငယ်များ ရောဂါဖြစ်ပွားမှုကို ယခုဆေးကြောင့် ဟုတ်/မဟုတ် ဖော်ထုတ်သွားမည်ဖြစ်ကြောင်း၊ သေချာအောင်ဖော်ထုတ်စစ်ဆေးပြီး ယခုဆေးကြောင့် ဖြစ်ပါက ကုမ္ပဏီကြီးများ၊ WHO၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသည့် မီဒီယာများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြသည်။

**(သတင်းစဉ်)**

# မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးရွာတချို့မှ ကလေးခုနစ်ဦး ဦးနှောက်ရောင်ရောဂါဖြစ်ပွားပြီး လေးဦးသေဆုံးကြောင်းသိရ

**မိတ္ထီလာ မတ် ၁၁**

မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးရွာတချို့၌ မတ် ၅ ရက်က စတင်ပြီး ကလေးငယ်တချို့ ဦးနှောက်ရောင်ရောဂါဖြစ်ပွားခဲ့ပြီး မြို့နယ်ပြည်သူ့ဆေးရုံမှတစ်ဆင့် ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသစဉ် ရောဂါဖြစ်ပွားသည့် ကလေးငယ်ခုနစ်ဦးအနက် လေးဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သာစည်မြို့နယ် အင်းကုန်းကျေးရွာမှ ဦးကျော်သူငွေး၏ ငါးနှစ်အရွယ် ကလေးငယ်မောင်ငွေးခိုင်ဦးသည် ဦးနှောက်ရောင်ရောဂါ စတင်ဖြစ်ပွားပြီး မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးကုသမှုခံယူပြီးနောက် မကျီးကန်ကျေးရွာအုပ်စု ပွင့်ကန်ကျေးရွာနေ ဦးစိုးလင်းအောင်၏ သားသမီးများဖြစ်သည့် မောင်နေနေဦး(၉ နှစ်)၊ မနှင်းနှင်းအောင် (၅ နှစ်)၊ မောင်ထက်နိုင်ဖြိုး (၇ နှစ်)၊ ပွင့်ကန်ကျေးရွာနေ ဦးစိုးခိုင်၏သားဖြစ်သူ မောင်အောင်ဘုန်းမြတ် (၅ နှစ်)၊ ဘုရားလေးကုန်းကျေးရွာနေ ဦးသန်းအောင်၏ သားဖြစ်သူ မောင်မာဝေယာ (၈ နှစ်)၊ သမန်းကန်ကျေးရွာနေ ဦးဝင်းနိုင်၏ သမီး မအေးချမ်းဝေ (၅ နှစ်)တို့တွင်လည်း ဦးနှောက်ရောင်ရောဂါများဖြစ်ပွားပြီး မြို့နယ်ဆေးရုံမှတစ်ဆင့် မိတ္ထီလာခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှုခံယူခဲ့ကြသည်။ ယင်းကလေးငယ် ခုနစ်ဦးအနက် မတ် ၅ ရက်တွင် မောင်ငွေးခိုင်ဦး၊ မတ် ၇ ရက်တွင် မောင်နေနေဦး၊ မတ် ၉ ရက်တွင် မနှင်းနှင်းအောင်တို့သည် ခရိုင်ပြည်သူ့ဆေးရုံကြီး၌ သေဆုံးသွားခဲ့ပြီး မောင်မာဝေယာသည် မတ် ၉ ရက်တွင် ခရိုင်ပြည်သူ့ဆေးရုံကြီးမှ အိမ်အပြန်လမ်းတွင် သေဆုံးသွားခဲ့သည်။

ယင်းရောဂါ ဖြစ်ပွားသည့် ကျေးရွာများနှင့် အနီးဝန်းကျင်သို့ မတ် ၁၀ ရက်က တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာမျိုးသန့်နိုင်၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဇော်ဝင်းနိုင်၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်နှင့် တာဝန်ရှိသူများ သွားရောက်ကာ နေအိမ်များ၌ရှိသည့် ရေဆိုးမြောင်းများ စနစ်တကျ ရှင်းလင်းတူးဖော်ရေး၊ ကျန်းမာရေးဦးစီးဌာန၏ ညွှန်ကြားမှုနှင့်အညီ လူနေအိမ်များ၌ ကျွဲ၊ နွား တိရစ္ဆာန်များအား လူနေအိမ်များအနီးနှင့် လူနေအိမ်များတွင် ချည်နှောင်မွေးမြူထားခြင်းမပြုရေး၊ ကလေးငယ်များ နေပူထဲတွင် သွားလာနေထိုင်ခြင်းမပြုဘဲ အရိပ်ရသောနေရာများ၌ နေထိုင်စေရေး၊ ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအစာများ စားသုံးရေး၊ ကျေးရွာပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အထူးအလေးထား ဆောင်ရွက်ရန် ကျေးရွာဒေသခံများနှင့် တွေ့ဆုံပညာပေးဆွေးနွေးပြီး သေဆုံးသွားသည့်ကလေးငယ်များ၏ မိသားစုဝင်များအား နှစ်သိမ့်အားပေးကြသည်။ လက်ရှိတွင် မိတ္ထီလာခရိုင် ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေသည့် ကျန်ကလေးငယ်များ၏ မိသားစုဝင်များအား တာဝန်ရှိသူများက တတ်စွမ်းသရွေ့ထောက်ပံ့ငွေများ ပေးအပ်ကူညီခဲ့ကြောင်း သိရသည်။

**စွမ်းရည်(ထီလာ)**

# စစ်တွေမြို့၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွား

**စစ်တွေ မတ် ၁၁**

စစ်တွေမြို့ ဓညဝတီ(ခ)ရပ်ကွက် မေယုလမ်း အိမ်အမှတ်(၁၀၉) နေအိမ်ခြံဝင်းအတွင်း မတ် ၁၀ ရက် ည ၁၁ နာရီ မိနစ် ၂၀ ခန့်က ကျယ်လောင်သောပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း ကနဦး သိရသည်။

အခင်းဖြစ်ပွားရာနေရာသို့ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်း၊ ဒေသကွပ်ကဲမှု စစ်ဌာနချုပ် ကွပ်ကဲရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ စစ်မြေပြင်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများပူးပေါင်း၍ အဆိုပါနေအိမ်နှင့်ဝန်းကျင်ကို အသေးစိတ်ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

အဆိုပါပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ပေါက်ကွဲရာ နေရာတစ်ဝိုက်နှင့် ယင်းနေအိမ်ယာဘက်ခြမ်း အုတ်နံရံတွင် သံတိုသံစများထိမှန်ခံရသည်ဟု ယူဆရသော အပေါက်ငယ်များ ဖြစ်ပေါ်ခဲ့ကြောင်း မျက်မြင်တစ်ဦး၏ ပြောပြချက်အရ သိရသည်။ ပေါက်ကွဲမှုဖြစ်စဉ်ကို အသေးစိတ် စုံစမ်းစစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် အသံဗုံးတစ်မျိုးဟု ခန့်မှန်းယူဆလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# မြန်မာကလပ်အသင်းယှဉ်ပြိုင်မည့် မဲခေါင်တိုယိုတာဖလားပြိုင်ပွဲ နိုဝင်ဘာလတွင် ကျင်းပမည်

သတင်း - ညီမြတ်သော်တာ
ဓာတ်ပုံ - ဖိုးသော်ဇင်

**ရန်ကုန် မတ် ၁၁**

မဲခေါင်ဒေသအတွင်း နိုင်ငံများမှ ကလပ်အသင်းများအတွက် ကျင်းပလျက်ရှိသည့် ၂၀၁၆ မဲခေါင်တိုယိုတာဖလားပြိုင်ပွဲကို နိုဝင်ဘာလတွင် စတင်ကျင်းပသွားမည်ဖြစ်သည်။

မြန်မာကလပ်အသင်းများမှာ အဆိုပါပြိုင်ပွဲကို ၂၀၁၄ ခုနှစ်က စတင်ယှဉ်ပြိုင်ခဲ့ပြီး သုံးနှစ်ဆက် ယှဉ်ပြိုင်ခြင်းဖြစ်သည်။ ၂၀၁၆ ပြိုင်ပွဲအတွက် ပြိုင်ပွဲညှိနှိုင်းအစည်းအဝေးကို မတ် ၉ ရက်က ထိုင်းနိုင်ငံ၌ ကျင်းပခဲ့ပြီး ပထမအဆင့်ပွဲစဉ်များကို နိုဝင်ဘာ ၅ ရက်၊ ဒီဇင်ဘာ ၂၃ရက်နှင့် ၂၇ ရက်တို့တွင် လည်းကောင်း၊ ဆီမီးဖိုင်နယ်ကို ဒီဇင်ဘာ ၃၁ ရက်တွင် လည်းကောင်း၊ ဗိုလ်လုပွဲကို ဇန်နဝါရီ ၄ ရက်နှင့် ၈ ရက်တို့တွင် နှစ်ကျော့စနစ်ဖြင့် လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သောကြောင့် မြန်မာကလပ်အသင်း၏ ပွဲစဉ်ကို ဒီဇင်ဘာလမှ ယှဉ်ပြိုင်ခွင့်ရရန် တောင်းဆိုခဲ့ရာ အောင်မြင်ခဲ့သည်။ ပထမအဆင့်တွင် မြန်မာ၊ ဗီယက်နမ်နှင့် လာအိုကလပ်အသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယင်းပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရမည့်အသင်းမှာ ဗီယက်နမ်ကလပ်အသင်းနှင့် ပွဲကို ဒီဇင်ဘာ ၂၃ ရက်တွင် အဝေးကွင်း၌ လည်းကောင်း၊ လာအိုကလပ်အသင်းနှင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက်တွင် မြန်မာနိုင်ငံ၌လည်းကောင်း ကစားရမည်ဖြစ်သည်။ ကမ္ဘောဒီးယားကလပ်အသင်းမှာ ဆီမီးဖိုင်နယ်၊ ထိုင်းကလပ်အသင်းမှာ ဗိုလ်လုပွဲအဆင့်တို့မှ ကစားရမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပသည့် ၂၀၁၅ ခုနှစ်အတိုင်း ကျင်းပခြင်းဖြစ်ပြီး ဗိုလ်လုပွဲကို နှစ်ကျော့ ကျင်းပခြင်းသာ ပြောင်းလဲခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အဆိုပါပြိုင်ပွဲကို ၂၀၁၆ MNL အမှတ်ပေးပြိုင်ပွဲတွင် ဗိုလ်စွဲသည့်အသင်းကို စေလွှတ်မည်ဖြစ်ပြီး ယင်းအသင်း မယှဉ်ပြိုင်နိုင်မှသာ ရှုံးထွက်ချန်ပီယံအသင်း(သို့) အမှတ်ပေးပြိုင်ပွဲ၌ ဒုတိယဆုရရှိသည့်အသင်းကို ယှဉ်ပြိုင်စေမည်ဖြစ်သည်။ မြန်မာကလပ်အသင်းများဖြစ်သည့် ဧရာဝတီအသင်းမှာ ၂၀၁၄ ပြိုင်ပွဲတွင် ဒုတိယရရှိခဲ့ပြီး ၂၀၁၅ ပြိုင်ပွဲတွင် ရန်ကုန်အသင်းမှာ ပထမအဆင့်မှ ထွက်ခဲ့ရသည်။

မဲခေါင်တိုယိုတာဖလားပြိုင်ပွဲကို ၂၀၁၄ ခုနှစ်က စတင်ကျင်းပခဲ့ပြီး ပထမအကြိမ်တွင် ထိုင်းအသင်း မပါဝင်ဘဲ အသင်းလေးသင်းဖြင့် ကျင်းပခဲ့သည်။ မြန်မာကိုယ်စားပြုကလပ် ဧရာဝတီအသင်းမှာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီး ဗီယက်နမ်ကလပ် ဘင်ဒေါင်းအသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ ၂၀၁၅ ပြိုင်ပွဲတွင် ထိုင်းကလပ်ပါဝင်လာခဲ့ပြီး ပြိုင်ပွဲကျင်းပသည့်ပုံစံပြောင်းလဲခဲ့သည်။ မြန်မာကလပ် ရန်ကုန်အသင်းမှာ အိမ်ကွင်း၌ လာအိုကလပ် လာအိုတိုယိုတာအသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သော်လည်း ကမ္ဘောဒီးယားကလပ် အန်ကောအသင်းကို အဝေးကွင်း၌ သုံးဂိုးပြတ် ရှုံးနိမ့်ခဲ့သောကြောင့် ဆီမီးဖိုင်နယ်နှင့် လွဲချော်ခဲ့ရသည်။ ဗိုလ်လုပွဲတွင် ထိုင်းကလပ် ဘူရီရမ်အသင်းက ကမ္ဘောဒီးယားကလပ် အန်ကောအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။



၂၀၁၅ ပြိုင်ပွဲတွင် ရန်ကုန်အသင်းနှင့် လာအိုတိုယိုတာအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

# မန်ယူနှင့်စပါးတို့ အဝေးကွင်း၌ ဂိုးပြတ်ရှုံးနိမ့်

ယူအီးအက်ဖ်အေ ယူရိုပါလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်များကို မတ် ၁၁ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားကြရာ အင်္ဂလန်အသင်းနှစ်သင်းဖြစ်သည့် လီဗာပူးနှင့် မန်ယူတို့ ပွဲစဉ်တွင် လီဗာပူးတို့ အန်ဖီးလ်ကွင်း၌ မန်ယူကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဂျာမန်ကလပ် ဒေါ့မွန်နှင့် အင်္ဂလန်ကလပ် စပါးတို့ပွဲတွင် စပါးအသင်း ဂျာမန်မြေ၌ သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရသည်။



လီဗာပူးနှင့် မန်ယူတို့ပွဲစဉ်တွင် နှစ်သင်းစလုံး ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ကြသည်။ လီဗာပူးအသင်းသည် ပထမပိုင်းမိနစ် ၂၀ တွင် ပယ်နယ်တီကန်ခွင့်ရပြီး တိုက်စစ်မှူး စတားရစ်က ဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်း ၇၃ မိနစ်တွင် လယ်လာနာ ဖန်တီးပေး၍ ကွင်းလယ်ကစားသမား ဖာမီနိုက လီဗာပူးအတွက် ဒုတိယအနိုင်ဂိုးသွင်းယူခဲ့သည်။ (ဝဲပုံ) လီဗာပူးအသင်းသည် ဘောလုံးပိုင်ဆိုင်မှု အသာစီးရရှိခဲ့ပြီး ဂိုးကန်သွင်းမှု အများဆုံး ခြိမ်းခြောက်နိုင်ခဲ့ကာ မန်ယူဂိုးသမား ဒီဂီယာ လက်စွမ်းပြ ကာကွယ်မှုကြောင့်သာ ဂိုးမပြတ်ခဲ့ပေ။

ဒေါ့မွန်နှင့် စပါးတို့ပွဲစဉ်တွင် အိမ်ရှင်ဒေါ့မွန်အသင်းသည် ၄-၁-၄-၁ ပုံစံဖြင့် လည်းကောင်း၊ စပါးအသင်းသည် ၄-၂-၃-၁ ကစားကွက်ဖြင့် လည်းကောင်း ပွဲထွက်လာခဲ့ကြသည်။ ပွဲစပြီးအချိန်မှာပင် အိမ်ရှင်ဒေါ့မွန်အသင်း ဖိအားပေးကစားခဲ့ပြီး မိနစ် ၃၀ တွင် တိုက်စစ်မှူး အူဘာမီယန်းက အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်း ၆၁ မိနစ်တွင် ဆူဘိုတစ် ခေါင်းတိုက်ချပေးရာ ကွင်းလယ်ကစားသမား မာကိုရုစ်က အနီးကပ်သွင်းယူခဲ့သည်။ မိနစ် ၇၀ တွင် မာကိုရုစ်က ဒေါ့မွန်အတွက် တတိယအနိုင်ဂိုးကို ထပ်မံသွင်းယူခဲ့သည်။ ယူရိုပါလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်များကို မတ် ၁၇ ရက်တွင် ပြန်လည်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အခြားပွဲစဉ်များအဖြစ် ယူကရိန်းကလပ် ရှက်တာဒိုးနက်နှင့် ဘယ်လ်ဂျီယံကလပ် အန်ဒါလက်ချ်တို့ပွဲစဉ်တွင် ရှက်တာဒိုးနက်အသင်း အိမ်ကွင်း၌ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဆွစ်ဇာလန်ကလပ် ဘေဆယ်နှင့် စပိန်ကလပ်ဆီဗီလာတို့ပွဲတွင် ဂိုးမရှိ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

တူရကီကလပ် ဖီနာဘာချီက ပေါ်တူဂီကလပ် ဘရာဂါကို တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရပြီး စပိန်ကလပ် ဗီလာရီးရဲလ်က ဂျာမန်ကလပ်လေဗာကူဆင်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ စပိန်နှစ်သင်းတွေ့ဆုံမှုတွင် ဘီလ်ဘာအိုက တစ်ဂိုး-ဂိုးမရှိဖြင့် ဗလင်စီယာကိုအနိုင်ရပြီး ချက်ကလပ် စပါတာပရပ်နှင့် အီတလီကလပ် လာဇီယိုတို့ တစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ **သီဟ**


## တိုးမြှင့်ပင်စင်ကိစ္စဆက်သွယ်ဆောင်ရွက်ပါရန်ထပ်မံနှိုးဆော်ခြင်း

လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းများမှ ပင်စင်ခံစားခွင့်ရှိသည့် သက်ပြည့်ပင်စင်၊ နှစ်ပြည့်ပင်စင်၊ နာမကျန်းပင်စင်၊ အထူးပင်စင်၊ မိသားစုပင်စင်ခံစားနေကြသော ပင်စင်စားများအားလုံးကို လူကိုယ်တိုင်တွေ့ဆုံ၍သော်လည်းကောင်း၊ သတင်းစာမှ ကြော်ငြာထည့်သွင်း၍သော်လည်းကောင်း တိုးမြှင့်ပင်စင်ခံစားနိုင်ရန် နှိုးဆော်ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ နှိုးဆော်ဆောင်ရွက်ခဲ့သော်လည်း အောက်ဖော်ပြပါ ပင်စင်စားနှစ်ဦးမှာ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းများသို့ တိုးမြှင့်ပင်စင်ခံစားနိုင်ရန် ဆက်သွယ်လျှောက်ထားခြင်းမရှိပါသဖြင့် အမြန်ဆက်သွယ်ဆောင်ရွက်ပါရန် ထပ်မံနှိုးဆော်ကြေညာအပ်ပါသည်။

| စဉ် | အမည် | ရာထူး | ပင်စင်အမျိုးအစား |
|---|---|---|---|
| (၁) | ဒေါ်နွယ်နွယ်စိန် | ဦးစီးအရာရှိ(တတိယတန်း) | သက်ပြည့်ပင်စင် |
| (၂) | ဒေါ်ခင်ဆုနိုင် (ဒေါ်ဖြူ၏သမီး) | အမှုထမ်း၊တပ်ကြပ်ကြီး (အစားခန့်) | မိသားစုပင်စင် |

လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းများ

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅ခုနှစ် ရေဘေးနှင့်သဘာဝဘေးအန္တရာယ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် အခြေခံပညာကျောင်းများပြုပြင်ရန် ဂျပန်နိုင်ငံအစိုးရ၏ ထောက်ပံ့လှူဒါန်းငွေဖြင့် ပညာရေးဝန်ကြီးဌာနနှင့် JICAတို့ ပူးပေါင်းဆောင်ရွက်ပါမည်။ ယင်းကိစ္စအတွက် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် JICA တို့ပူးပေါင်း၍ တိုင်းဒေသကြီး/ပြည်နယ်များရှိ သဘာဝဘေးဒဏ်ခံရသည့် အခြေခံပညာကျောင်းများအား ကျောင်းဆောင်သစ်များ ဆောက်လုပ်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားဆောက်လုပ်ရေးကုမ္ပဏီပိုင်လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၁-၃-၂၀၁၆ရက်
(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၃၁-၃-၂၀၁၆ရက်
(ဂ) **တင်ဒါဖွင့်လှစ်မည့်ရက်** - ၆-၄-၂၀၁၆ရက်
(ဃ) **တင်ဒါတင်သွင်းရမည့် နေရာ** - အခြေခံပညာဦးစီးဌာန ရုံးအမှတ် ၁၃၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်

၂။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၇၆၈၇၊ ၀၆၇-၄၀၇၆၉၄၊ ၀၆၇-၄၀၇၆၉၀တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မှတ်ချက်။** ၂၀၁၆ခုနှစ် ဒီဇင်ဘာလတွင် လုပ်ငန်းပြီးစီးရမည် ဖြစ်ပါသည်။

**တင်ဒါကြီးကြပ်ရေးအဖွဲ့**

**မွေးသက္ကရာဇ် အမှန်**

ဟသ်ာတမြို့၊ ကံလုကျေးရွာအုပ်စု၊ ကံလုရွာမနေ ဦးအောင်မြင့်၏သမီး မနေခြည်ဦး၏ မွေးသက္ကရာဇ်အမှန်မှာ ၃-၆-၁၉၉၁ ဖြစ်ပါသည်။

**မနေခြည်ဦး**

## 7Stars (ရာထူးဝင်သင်တန်းကြီး)

☆ PPTT - 3 (ပုံမှန်တန်းခွဲ / အနီးကပ်)
☆ PGDMA - 17 (ပုံမှန်တန်းခွဲ / အနီးကပ်)
☆ ပြည်တွင်းအခွန် (အငယ်တန်းစာရေး ၊ ရုံးအကူ)

အပြည့်စုံဆုံးမှတ်စုများကို ရောင်းချပေးနေပါပြီ။ နယ်သို့ပို့ပေးသည် ။

ရရှိနိုင်သော စာအုပ်ဆိုင်များ -
☆ ရန်ကုန် - 7Stars ရာထူးဝင်သင်တန်းကြီး ၊ ရာပြည့်စာအုပ်ဆိုင်များ
☆ မန္တလေး - ညို့ စာပေ ( ဗထူးကွင်းဘေးတိုက်တန်း )
☆ နေပြည်တော် (မြို့မဈေး) - ရွှေရည်ဝင်း စာပေ ၊ ရွှေမင်းသား စာပေ
☆ တောင်ငူ - ထွန်း စာပေ

တိုက်(18 / 3B) ၊ သပြေညိုကွန်ဒို(၁)၊ ဦးထွန်းလင်းခြံလမ်း ၊ လှည်းတန်း ၊ ကမာရွတ်မြို့နယ် ၊ ရန်ကုန်မြို့။ 09. 789 10 7733 , 09.799860155, 09421052736 , 09.780080052

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၊ ဇီဇဝါအိမ်ရာ၊ မြေကွက်အမှတ် (၂၉၉/၃၂)၊ ဧရိယာ ၀ ဒသမ ၁၃၀ ဧကသည် နှစ် ၆၀ မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဦးတင့်ဆွေဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အဆောက်အအုံအားအရောင်းအဝယ်စာချုပ် (၇၈၂/၂၀၁၆)တင်ပြ၍ ဒေါ်နန်းမြင့်မြင့်စိုး၁၃/ကမန(နိုင်)၀၂၃၈၆၁ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထားမူရင်းအပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့် မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## သန်းခွေးနှင့်ရောင်းရင်းများ မှ သကြိန်ခရီးစဉ်များ

April 1, 8, 11, 12, 17, 22, 29 ထွက်မည် ကျိုက်ထီးရိုး / ချောင်းသာ (သကြိန်တွင်း-ခနေ့ခင်)

☆ ရွှေစက်တော်နှင့်လမ်းဘုရားစုံ(၄)ရက်။ ဆက်၍ ပုဂံ၊ ပုပ္ပါး(၅)ရက်(တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ) (မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ)(၈)ရက်။ အားလုံးပါ (၁၁)ရက်။ ☆ ရွှေစက်တော်၊ ရခိုင်၊ မြောက်ဦး၊ စစ်တွေ၊ ငပလီ(၈)ရက်။ ☆ ရွှေစက်တော်၊ အလောင်းတော်(၅)ရက်။ ☆ မန္တလေး၊ မုံရွာ၊ အလောင်းတော်၊ ပြင်ဦးလွင်(၅)ရက် ☆ မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်၊ ရွှေလီ(၇)ရက်။ ☆ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ (၅)ရက်။ လွိုင်ကော်ပါ (၆)ရက်။ ☆ အင်းတော်ကြီး-ရွှေမဉ္ဇူ၊ မြစ်ကြီးနား၊ မေခ-မလိခမြစ်ဆုံ၊ ရွှေဘိုဘုရားစုံ (၈)ရက်။ ☆ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက္ကမီ၊ စက်ခဲ (၆)ရက်။ မြိတ်ပါ (၈)ရက်။ Mar 11,18,25 ☆ ကျိုက်ထီးရိုး၊ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်ခဲ (၃)ရက်။ ☆ ဇလွန်☆ပြည်၊ အကောက်တောင်၊ နဂါးရစ် သကြိန်ခရီးစဉ်များကြိုတင်လက်မှတ်ရောင်းပြီ ☆ မဲလံဆံတော်ရှင်(နေ့ချင်းပြန်-စနေ၊ တနင်္ဂနွေ)

အမှတ်(၄၂၄)၊ ရွှေဘုံသာလမ်း Ph: 01-380141, 01-241863, 09-43043109, 09-73251422

## နေမင်းခြင်္သေ့ ရာထူးဝင်သင်တန်းကြီး

☆ PPTT (ဆရာမဝင်ခွင့်)
☆ PGDMA
☆ ပြည်တွင်းအခွန်ဦးစီးဌာန

➢ မှတ်စုမှတ်တမ်းနှင့် ပတ်သက်ပြီး အပြည့်စုံဆုံးဖြစ်သည်ဟု အာမခံသည်။
➢ နယ်ဝေးကျောင်းသားများအတွက် စာအုပ်ဖတ်ရှုရုံနှင့် အောင်မြင်နိုင်ပါသည်။

စာအုပ်များကို အောက်ပါမြို့ကြီးများရှိ ကိုယ်စားလှယ်ဆိုင်များတွင် လွယ်ကူစွာ ဝယ်နိုင်ပြီ။

မန္တလေး/နေပြည်တော်/ပြည်/မကွေး/မော်လမြိုင်/တောင်ကြီး/တောင်ငူ/ ကျောက်ပန်းတောင်း/ပုံရွာ/မိတ္ထီလာ/ချောက်/ပုသိမ်/ပေါင်းတည်

ဝိုဝ်းရန် ။ ။ အနော်ရထာအိမ်ရာဝင်းအတွင်း လှည်းတန်းမှတ်တိုင်နှင့်ကပ်လျက် Ice Berry ရေမှုန်စားရုံးဆိုင် လှည်းတန်း၊ကမာရွတ်မြို့နယ်။ ☎ Ph: 9 4200 42200, 09 26433 5331, 09 2530 33923

# ချမ်းမြသာစည်မြို့နယ်၌ နွေရာသီပညာဒါနအခမဲ့သင်ကြား



**မန္တလေး မတ် ၁၁**

ရဲရင့်နှလုံးသားပရဟိတလူငယ်အသင်းမှ ကြီးမှူးဖွင့်လှစ်သောယဉ်ကျေးလိမ္မာ ဗုဒ္ဓဘာသာအခြေခံနှင့် ကျောင်းသင်ခန်းစာများကို နွေရာသီပညာဒါနအဖြစ် အခမဲ့ သင်ကြားခြင်းကို မတ် ၉ ရက်မှ စတင်၍ မန္တလေးမြို့ချမ်းမြသာစည်မြို့နယ် ဓိဋ္ဌာန်အောင်သာယာရွှေကူဆုတောင်းပြည့်မြတ်စွာဘုရား ဓမ္မာရုံ၌ ဖွင့်လှစ်သည်။

"ကျွန်တော်တို့ ၂၀၁၀ ပြည့်နှစ်ကတည်းကဖွင့်လှစ်ခဲ့တာ။ ဒီနှစ်ဆိုခုနစ်နှစ်ရှိပါပြီ။ ဒီမှာတတ်နေတဲ့ကလေးတွေက တချို့ကကျောင်းတက်ကြတယ်။ တချို့ကကျောင်းမနေကြပါဘူး။ ဒါပေမယ့် ပညာကိုသင်ချင်ကြတယ်။ စာတတ်ချင်တယ်။ မိသားစုစားဝတ်နေရေးကြောင့် အလုပ်တစ်ဖက်နဲ့အတန်းကျောင်းကို မတတ်ဘဲ စာလာသင်တဲ့ ကလေးတွေပါပါတယ်။ တချို့တွေက အလားအလာရှိပါတယ်။ စာမသင်ခင်မှာ ဘုရားရှိခိုးတယ်။ တရားထိုင်တယ်။ ပြီးမှ စာသင်ပါတယ်။ ကလေးတွေ ယဉ်ကျေးလိမ္မာဖို့နဲ့ အဓိကစာတတ်မြောက်ဖို့ပဲဖြစ်ပါတယ်။ ပြီးတော့ ပြည်သူ့နီတိလည်း သင်ကြားပေးပါတယ်"ဟုသင်တန်းနည်းပြ ဦးမြင့်အောင်မိုးက ပြောသည်။

"ကျွန်တော်တို့ သင်တန်းကိုကျောင်းတွေစတင်လက်ခံတဲ့ မေလ ၂၅ ရက်နဲ့ ၂၆ ရက်လောက်ထိ သင်ကြားသွားမှာပါ။ ကျွန်တော့်အနေနဲ့ ပညာဒါနသင်ကြားပေးနိုင်မယ့် ဆရာဆရာမများကို ဖိတ်ခေါ်ချင်ပါတယ်။ ကျောင်းသားကျောင်းသူများအတွက် သင်ကြားရေးအထောက်အကူပြုဗလာစာအုပ်၊ ဘောပင်၊ ခဲတံနဲ့အာဟာရဒါန လှူဒါန်းလိုသူများအနေနဲ့လည်း ရဲရင့်နှလုံးသားပရဟိတလူငယ်အသင်းနဲ့ ချိတ်ဆက်ပြီး လှူဒါန်းနိုင်ပါတယ်"ဟု ဆရာဦးမြင့်ကျော်က ပြောပြသည်။

အဆိုပါသင်တန်းအား ဆရာသုံးဦး၊ ဆရာမတစ်ဦးဖြင့် ဖွင့်လှစ်သင်ကြားနေပြီး သာယာကုန်းရပ်ကွက်၊ ဇရာထွန်း(၁)(၂)၊ သာယာရွှေကူရပ်နှင့်မြစ်အနောက်ဘက် ကမ်းဘေးမှ ကလေးငယ် ၁၀၀ ကျော် တက်ရောက်ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# နွေစပါးစံပြကွက် အထူးအထွက်ကောင်း

**လက်ပံတန်း မတ် ၁၁**

လက်ပံတန်းမြို့နယ် ချမ်းသာကုန်းကျေးရွာ ကွင်းအမှတ်(၁၁၇၁)ရှိ တောင်သူ ဦးမြင့်ရွှေ၏ နွေစပါးစံပြကွက် အထူးအထွက်ကောင်းမျိုးပုလဲသွယ်စိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုနှင့် မြေအသုံးချဌာနခွဲမှ ဆောင်ရွက်ထားရှိသော ဓာတ်မြေဩဇာနှုန်းထား ယှဉ်ပြိုင်စမ်းသပ်ကွက်ကို ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးလှမြင့်က မတ်လပထမပတ်တွင် ကွင်းဆင်းကြည့်ရှုခဲ့သည်။

ဆက်လက်၍ ပုလဲသွယ်တစ်ဧကတင်း ၂၀၀ ကျော်ထွက်ရှိရေးအတွက် ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျေးလက်မီးလင်းရေးဆိုလာတပ်ဆင်

**မာန်အောင် မတ် ၁၁**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် မာန်အောင်မြို့နယ်အတွင်း ကျေးရွာ ၁၃ ရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်ထောင်စုခွင့်ပြုရန်ပုံ ငွေကျပ် ၁၇၂ ဒသမ ၈ သန်းဖြင့် ကျေးလက်မီးလင်းရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။

ယခုအခါ ဆိုလာတပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူးနှင့်အဖွဲ့သည် မတ်လပထမပတ်က ကွင်းဆင်းစစ်ဆေးခဲ့သည်။ အဆိုပါကျေးရွာ ၁၃ ရွာဖြစ်သည့် အထက်ပြင်၊ ကင်းဇွန်း၊ သင်းပေါင်းခြံ၊ တိုက်ကျွန်း၊ စွန်ပန်းချောင်း၊ အောင်စည်ပြင်၊ မကျည်ကုန်း၊ တောင်ရင်း၊ သရော်တော၊ လုံးကြီးကုံး၊ ပန်းခြံချောင်းနား၊ မီးလောင်ထောင့်နှင့် ပလင်ကျေးရွာတို့တွင် ကျေးလက်မီးလင်းရေးဆိုလာ ၈၆၄ ယူနစ်တပ်ဆင်ပြီးစီးခဲ့ကြောင်း သိရသည်။

**(၁၅၇)**

# ဆိုင်ကယ်များပေါ် အပိုဆိုင်ကယ်တင်ဆောင်မောင်းနှင်မှုအား ပညာပေးတားမြစ်

**သီပေါ မတ် ၁၁**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်သည် မူဆယ်-လားရှိုး-မန္တလေးသွား ပြည်ထောင်စုလမ်းမကြီး၏ အဓိကဆက်သွယ်ပေးသည့် အရေးပါသော လမ်းကြောင်းဖြစ်ပြီး နေ့စဉ်ယာဉ်ကြီး ယာဉ်ငယ်အစီးပေါင်း နှစ်ထောင်ကျော်နှင့် သုံးဘီးယာဉ်၊ မော်တော်ဆိုင်ကယ်များ စဉ်ဆက်မပြတ်သွားလာလျက်ရှိရာ ယာဉ်ကြီးများမှာလည်း မြို့တွင်း၌ ယာဉ်ကြောအတိုင်းမဟုတ်ဘဲ စည်းကမ်းမဲ့စွာ ရပ်နားလျက်ရှိသဖြင့် ယာဉ်တိုက်မှုအန္တရာယ်မှာ တစ်နေ့တခြား မြင့်တက်နေသည့်အပြင် ဂုတ်တွင်းလမ်း၌လည်း ယာဉ် ကြောပိတ်ဆို့မှုများ မကြာခဏဖြစ်ပွားလျက်ရှိသည်။

ထို့အပြင် မတ် ၈ ရက်က အဆိုပါ မူဆယ်-မန္တလေးလမ်းကြောင်းတွင်ပင် မော်တော်ဆိုင်ကယ်ကယ်ရီသမားများသည် ဆိုင်ကယ်တစ်စီးပေါ်၌ထပ်ဆင့်ပြီး ဆိုင်ကယ်တစ်စီး သို့မဟုတ် နှစ်စီးစသည်ဖြင့် တင်ဆောင်ကာ မနိုင်ဝန်ကို အရှိန်ပြင်းစွာ သယ်ဆောင် သွားလာနေသဖြင့် **(အောက်ပုံ)** ယာဉ်ထိန်းရဲတပ်ဖွဲ့ တာဝန်ခံ(သီပေါ) တပ်ကြပ်ကြီး ဝင်းဇော်လတ်နှင့်အဖွဲ့မှ တင်ဆောင်သွားလာခြင်းမပြုရန် ပညာပေးဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# စာရေးဆရာအသင်းအလုပ်အမှုဆောင်အသစ် ပြန်လည်ရွေးချယ်ပွဲကျင်းပ

**နေပြည်တော် မတ် ၁၁**

နေပြည်တော် ပျဉ်းမနားမြို့နယ်စာရေးဆရာအသင်း ၂၀၁၆ မှ ၂၀၂၀ ပြည့်နှစ်အထိ အလုပ်အမှုဆောင်အသစ် ပြန်လည်ရွေးချယ်တင်မြှောက်ပွဲကို ပျဉ်းမနားမြို့ အမှတ်(၁)မြို့မဈေးအပေါ်ထပ်ရှိ မြို့နယ်စာရေးဆရာအသင်းရုံးခန်း၌ မတ်လပထမပတ်က ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စာရေးဆရာအသင်းနာယက ဦးလှမြင့်က အမှာစကားပြောကြားပြီး အလုပ်အမှုဆောင်များရွေးချယ်ရာတွင် ဥက္ကဋ္ဌအဖြစ် ဒေါ်လှဲ့လှဲ့မေ (မရွှေမြိုင်-ပျဉ်းမနား)၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဦးထွန်းကျော်မင်း(ကိုကြီးကျော်-ပျဉ်းမနား)၊ အတွင်းရေးမှူးအဖြစ် ဦးထွန်းထွန်းစိုး(တနိုင်ခ)၊ တွဲဖက်အတွင်းရေးမှူးအဖြစ် ဦးကျော်ကျော်(စေးလားနွယ်)၊ ဘဏ္ဍာရေးမှူးအဖြစ် ဒေါ်ခင်ငြိမ်းအေး(မေချို-ပျဉ်းမနား)၊ အလုပ်အမှုဆောင်များအဖြစ် ဦးမောင်မောင်ဦး(ကိုဦး-တိုင်းရင်းဆေး)၊ ဦးဗညား(ဗညားကျော်ကျော်) တို့ဖြင့် အလုပ် အမှုဆောင်ခုနစ်ဦးကို ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

ထို့နောက် ညီလာခံကိုယ်စားလှယ်အဖြစ် ဦးထွန်းကျော်မင်း(ကိုကြီးကျော်) နှင့် ဦးထွန်းထွန်းစိုး(တနိုင်ခ)အား ရွေးချယ်ခဲ့ကြောင်း သိရသည်။

**ကိုကြီးကျော်**

# ကျေးလက်နေအမျိုးသမီးငယ်များအား အလုပ်အကိုင်အခွင့်အလမ်းအသိပညာပေး

**မြိုင် မတ် ၁၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ်ရှိ ကျေးရွာများမှ အမျိုးသမီးငယ်များအား အလုပ်အကိုင်အခွင့်အလမ်းလက်မှုအတတ်ပညာနှင့် အသိပညာပေးမှုများကို မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် အက်ရှင်အေဒ့်မြန်မာတို့ပူးပေါင်း၍ နှမ်းဆီကန်ကျေးရွာ၊ မြေရင့်၊ တွင်းမကျေးရွာနှင့် ဝါးရင်းချိုင်ကျေးရွာတို့တွင် မတ် ၉ ရက်က ပညာပေးဟောပြောပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပညာပေးဟောပြောပွဲ၌ မြိုင်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စုထွေးမာက အမှာစကားပြောကြားပြီး အက်ရှင်အေဒ့်မြန်မာမှ အစီအစဉ်အရာရှိ ဒေါ်အိအိခိုင်က အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်စေရန်အတွက် ကျေးရွာလေးရွာမှ သင်တန်းသူ ၃၀၀ကျော်အား လက်ရက်ကန်း၊ စက်ချုပ်၊ သဘာဝဆိုးဆေး၊ ကျောက်သွေးခြင်း လက်မှုပညာ အတတ်သင်တန်းကို တစ်ဦးချင်း ထိရောက်စွာသင်ကြားပေးပြီး သင်တန်းသူမိသားစုများကို လွှဲပြောင်း ညွှန်းပို့စနစ်အနေဖြင့် ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ဆောင်ရွက်ပေးခဲ့ကြောင်း Action-aid အဖွဲ့က ပြောသည်။

**စိန်မြိုင်(မြိုင်)**

# မြန်မာ့အလင်းမြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့မှ ကျန်းမာရေးစရိတ်ထောက်ပံ့

**ရန်ကုန် မတ် ၁၁**

မြန်မာ့အလင်းသတင်းစာတိုက်၏ ၂၀၁၆-၂၀၁၇ ခုနှစ် မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့အမှုဆောင်အဖွဲ့သစ်၏ ပထမအကြိမ်အစည်းအဝေးနှင့် မျက်စိခွဲစိတ်ဝေဒနာရှင်အဖွဲ့ဝင် မြို့နယ်သတင်းထောက်တစ်ဦးအား ကျန်းမာရေးထောက်ပံ့ငွေ ပေးအပ်ပွဲကို မတ်လပထမပတ်က ရန်ကုန်မြန်မာ့အလင်းသတင်းစာတိုက် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ထို့နောက် မျက်စိဝေဒနာခွဲစိတ်ကုသခဲ့သော ဦးခင်မောင်သော် (ကမာရွတ်မြို့နယ်သတင်းထောက်)အား နာယကများ၊ ဥက္ကဋ္ဌဦးစိုးဝင်း(ကျောက်တန်း)၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်(ရန်ကင်း)နှင့် အမှုဆောင်များက ကျန်းမာရေးထောက်ပံ့ငွေကျပ် ၅၀၀၀၀ ကို ထောက်ပံ့ခဲ့ကြကြောင်း သိရသည်။ **(ဝ၂၅)**



# ချောင်းဆုံတွင် မွေးမြူရေးပညာပေးသင်တန်းဖွင့်

**ချောင်းဆုံ မတ် ၁၁**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကြီးမှူးကာ ကျွဲ၊ နွား စသည့် တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့် ရောဂါများကို ကြိုတင်ကာကွယ်သည့်အနေဖြင့် မွေးမြူရေးပညာပေးသင်တန်းဖွင့်ပွဲကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ မတ် ၈ ရက်က ကျင်းပသည်။

သင်တန်းတွင် ကျွဲ၊ နွားများတွင် ဖြစ်ပွားတတ်သည့် ပေါင်ပုပ်လက်ပုပ်ရောဂါများ၊ ဒေါင့်သန်းရောဂါ၊ ခွာနာလျှာနာရောဂါ၊ လည်ချောင်းကွဲရောဂါများအကြောင်း၊ မွေးမြူရေးနှင့် ပတ်သက်သည့် နည်းစနစ်များအကြောင်းကို သင်တန်းဆရာလေးဦးတို့က စာတွေ့လက်တွေ့ဖြင့် ၁၀ ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရမည်းသင်း၌ အိမ်ထောင်စုဝင်များအား ထင်များဝေငှပေး

**ရမည်းသင်း မတ် ၁၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ပျဉ်ပြားကျေးရွာအိမ်ထောင်စုဝင်များအား ထင်များဝေငှပေးအပ်ပွဲကို မတ်လ ဒုတိယပတ်က ကျင်းပရာ ရမည်းသင်းခရိုင်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးအေးသန်းနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူကျေးရွာသားများ တက်ရောက်ကြသည်။

ရမည်းသင်းမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ခုနှစ် သဘာဝတောထိန်းလုပ်ငန်းစဉ် (၈)ရပ်မှ တစ်ခုဖြစ်သော ဓမ္မတာမျိုးဆက်ခြင်းဧက ၂၀၀ ပြုလုပ်ရာမှထွက်ရှိလာသော ထင်း(၂၃. ၇၆)တန်ကို အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ပျဉ်ပြားကျေးရွာ အိမ်ထောင်စု ၁၀၀ ကို တစ်အိမ်ထောင်လျှင် ထင်း ဝ. ၂၄ တန်နှုန်းဖြင့် အခမဲ့ဝေငှပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်ဝင်းအောင်(ရမည်းသင်း)**

# ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**စစ်ကိုင်း မတ် ၁၁**

စစ်ကိုင်းခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား အသက် ၁၉ နှစ်အောက် အမျိုးသားကလပ်ပေါင်းစုံဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို စစ်ကိုင်းမြို့ပိုးတန်းရပ်ရှိ ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာန ပြည်သူ့အားကစားကွင်း၌ မတ် ၉ ရက်က ကျင်းပခဲ့သည်။

ဗိုလ်လုပွဲကိုကြယ်ဖြူအသင်းနှင့်ဇေယျာရတနာအသင်းတို့ ယှဉ်ပြိုင်ကစားပြီး ကြယ်ဖြူအသင်းကနှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိပြီး ဆုချီးမြှင့်ပွဲတွင် ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဌေးကို၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှမျိုးထွန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စန်းဝင်းနှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုတို့က တံခွန်စိုက်ဆုဖလားနှင့် တစ်ဦးချင်းဆု၊ အသင်းလိုက်ဆုများကိုချီးမြှင့်ခဲ့ကြသည်။

**မျိုးဝင်း(စစ်ကိုင်း)**



# နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများအတွက် အလှူငွေများလှူဒါန်း

**လားရှိုး မတ် ၁၁**

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့မှ မီးဘေးသင့်ပြည်သူများအတွက် ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ လားရှိုးမြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ရွှေကုန်သည်ကြီးများအသင်းတို့က အလှူငွေပေးအပ်ပွဲကို လားရှိုးမြို့ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၁၀ ရက်က ကျင်းပခဲ့သည်။

ရှမ်းပြည်နယ် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းဆိုင်ပူးက မီးဘေးသင့်ပြည်သူများအား လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရှမ်းပြည်နယ်နှင့် လားရှိုးမြို့နယ် စည်ပင်သာယာရေးကော်မတီများက အလှူငွေကျပ် ၂၃၅ သိန်းကျော်ကိုလည်းကောင်း၊ ရွှေကုန်သည်ကြီးများ အသင်းက အလှူငွေကျပ် ၁၀ သိန်းကိုလည်းကောင်း မီးဘေးသင့်ပြည်သူများကိုယ်စား ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ထွန်းတို့ထံ ပေးအပ်လှူဒါန်းခဲ့ကြသည်။

**ဟန်ဌေး(လားရှိုး)**



# ကျေးရွာများ၌ မီးဘေးကာကွယ်ရေး ဟောပြောပွဲနှင့် မီးငြှိမ်းသတ်မှု သရုပ်ပြပွဲပြုလုပ်

**ဂန့်ဂေါ မတ် ၁၁**

ပူပြင်းခြောက်သွေ့သည့် နွေရာသီတွင် မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေးဟောပြောပွဲများကို ဂန့်ဂေါမြို့နယ် မီးသတ်ဦးစီးဌာနကကြီးမှူး၍ ခေါင်းတုံကျေးရွာနှင့် ဘော်ပြင်းကျေးရွာများ၌ မတ် ၈ ရက်နှင့် ၉ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲများတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းလင်းက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးသန်းထက်အောင်က မီးဘေးသည် လူသားအရင်းအမြစ်နှင့် သဘာဝအရင်းအမြစ်အားလုံးကို ဖျက်ဆီးပစ်နိုင်သော ဘေးဆိုးတစ်ခုဖြစ်ကြောင်း၊ မီးဘေးအန္တရာယ်ကင်းဝေးရေးအတွက် သတိပြုရမည့်အချက်များ၊ အရေးပေါ်မီးငြှိမ်းသတ်ရေးနည်းလမ်းများကို ဟောပြောကာ မီးငြှိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြခဲ့သည်။ ဟောပြောပွဲများအပြီးတွင် မီးဘေးလုံခြုံရေး ပညာပေးလက်ကမ်းစာစောင်များကိုလည်း ဒေသခံပြည်သူများအား ဝေငှပေးခဲ့ကြောင်း သိရသည်။

**(၁၀၁)**

# မိတ္ထီလာအဝေးပြေးယာဉ်ရပ်နားစခန်းသစ် ဖွင့်လှစ်နိုင်ရေး နေရာဟောင်းမှ ဂိတ်ပိုင်ရှင်များနှင့် ညှိနှိုင်းလျက်ရှိ

**မိတ္ထီလာ မတ် ၁၁**



မိတ္ထီလာမြို့ ရန်ကုန်-မန္တလေးကားလမ်းမအနီး အောင်ဇေယျာရပ်ကွက်နယ်မြေတွင် တည်ဆောက်ပြီးသွားသည့် အဝေးပြေးယာဉ်ရပ်နားစခန်းသစ်ကို စတင်ဖွင့်လှစ်နိုင်ရေးအတွက် ယခင် စုပေါင်းအဝေးပြေးယာဉ်ရပ်နားစခန်းဟောင်းမှ မော်တော်ယာဉ်ဂိတ်ပိုင်ရှင်များနှင့် မော်တော်ယာဉ်ဂိတ်နှင့် ဆိုင်ခန်းရောင်းချရေးကော်မတီတို့ ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း သိရသည်။

ဇေယျာရွှေတိုးကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ခဲ့သည့် မိတ္ထီလာအဝေးပြေး ယာဉ်ရပ်နားစခန်းသစ်သည် တည်ဆောက်ရေးလုပ်ငန်းများအားလုံး ပြီးစီးသွားပြီဖြစ်၍ မူလနေရာမှ မော်တော်ယာဉ်ဂိတ်ပိုင်ရှင်များ ပြောင်းရွှေ့ဖွင့်လှစ်နိုင်ရေးအတွက် မော်တော်ယာဉ်ဂိတ်နှင့် ဆိုင်ခန်းရောင်းချရေး ကော်မတီက ယာဉ်ရပ်နားစခန်းသစ် နေရာတွင် မော်တော်ယာဉ်ဂိတ်တစ်ခု အတွက် အခန်းတစ်ခန်းလျှင် ကျပ်သိန်း ၄၂၀ ဖြင့် ရောင်းချပေးသော်လည်း ရောင်းချသည့်ဈေးနှုန်းမှာ ယာဉ်ဂိတ်ပိုင်ရှင်များဘက်မှ ငွေကြေးမတတ်နိုင်သည့် ပမာဏဖြစ်နေသဖြင့် ဆွေးနွေးညှိနှိုင်းနေခြင်းဖြစ်ကြောင်း သိရသည်။

"အခုတော့ မိတ္ထီလာအဝေးပြေးယာဉ်ရပ်နားစခန်းသစ် ဖွင့်လှစ်နိုင်ဖို့အတွက် ယခင် ယာဉ်ရပ်နားစခန်းဟောင်းနေရာက ယာဉ်ဂိတ်ပိုင်ရှင်တွေနဲ့ ဆွေးနွေးညှိနှိုင်းနေတုန်းပဲရှိပါသေးတယ်။ ယာဉ်ရပ်နားစခန်းသစ်မှာ မော်တော်ယာဉ်ဂိတ်တစ်ခုအတွက် ဆိုင်ခန်းတစ်ခန်း ကျပ် ၄၂၀ သိန်းနဲ့ ရောင်းချပေးပေမယ့် အများစုက မတတ်နိုင်ကြဘူး။ အချို့ဂိတ်ပိုင်ရှင်တွေက တန်ဖိုးနည်းအခန်းဆောက်ပေးစေချင်တယ်။ အဲဒီလိုသဘောလေးတွေရှိတော့ ပြေပြေလည်လည်ဖြစ်အောင် အပြန်ပြန်အလှန်လှန် ဆွေးနွေးညှိနှိုင်းနေတုန်းရှိပါသေးတယ်"ဟု ယာဉ်ဂိတ်၊ ဆိုင်ခန်းများ ရောင်းချရေးကော်မတီဥက္ကဋ္ဌ ဦးစောဌေးက ပြောသည်။

အချို့ ယာဉ်ဂိတ်ပိုင်ရှင်များမှာ နေရာဟောင်းမှ ဂိတ်ခန်းတစ်ခန်းအတွက် နေရာသစ်တွင် တစ်ခန်းပြန်လည်ရရှိလိုသူများလည်း ရှိကြောင်း မြို့နယ်ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်မြင့်ထံမှ သိရသည်။ "လက်ရှိမူလဂိတ်ဟောင်းနေရာကနေ အခု အသစ်တည်ဆောက်ပြီးစီးသွားတဲ့ ယာဉ်ရပ်နားစခန်းသစ်နေရာကို ပြောင်းရွှေ့ဖို့ ညှိနှိုင်းတဲ့အခါမှာ ဂိတ်ပိုင်ရှင်တွေ အနေနဲ့ ဈေးနှုန်းမတတ်နိုင်တဲ့ အနေအထားမှာရှိလို့ အဲဒီဈေးနှုန်းထက်လျှော့နည်းစေချင်ပြီး မူလဂိတ်ခန်းတစ်ခန်းအစား ဂိတ်ခန်းသစ်တစ်နေရာကို ပြန်ရလိုတဲ့ ဂိတ်ပိုင်ရှင်တွေလည်းရှိနေတော့ ဆွေးနွေးညှိနှိုင်းတဲ့အဆင့်မှာပဲ ရှိနေသေးတယ်"ဟု ဦးခင်မောင်မြင့်က ပြောသည်။

ယခင်စုပေါင်းယာဉ်ရပ်နားစခန်းနေရာတွင် မူလဂိတ်ခန်းပိုင် မော်တော်ယာဉ်အသင်းပေါင်း ၂၆ သင်း၊ ပူးတွဲဖွင့်လှစ်ထားသော အသင်း ၂၂ သင်း စုစုပေါင်း ၄၈ သင်းရှိသော်လည်း လက်ရှိဖွင့်လှစ်ပြေးဆွဲနေသည့် ယာဉ်အသင်းမှာ ၁၉ သင်းခန့်သာရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# သောက်သုံးရေရှားပါးပြတ်လပ်မှု ကြုံတွေ့နိုင်သည့် ကျေးရွာသို့ ရေသယ်ယာဉ်များဖြင့် ရေဖြန့်ဝေပေးနိုင်ရန် စီစဉ်ထား

**ပေါင် မတ် ၁၁**

ယခုနှစ် အယ်နီညို အကျိုးသက်ရောက်မှုဖြစ်စဉ်ကြောင့် မွန်ပြည်နယ် ပေါင်မြို့နယ် ဥက္ကံကျေးရွာတွင် ရွာတွင်းရှိရေများ ခန်းခြောက်လာပြီး သောက်သုံးရေအခက်အခဲနှင့် ကြုံတွေ့နေရသဖြင့် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မတ် ၉ ရက်တွင် ရေများသွားရောက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်ကျော်လတ်နှင့်အဖွဲ့က အဆိုပါကျေးရွာသို့ သောက်ရေ လီတာ ၄၀၀၀ ကို ရေသယ်ယာဉ်ဖြင့် သွားရောက်ဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။

ဥက္ကံကျေးရွာသည် အိမ်ခြေ ၁၁၅အိမ်နှင့် လူဦးရေ ၇၇၆ ဦးရှိပြီး ပင်လယ်ကမ်းနားကျေးရွာဖြစ်၍ ယခင်က သောက်သုံးရေအတွက် မိုးရေလှောင်ကန်များကိုသာ အားကိုးသုံးစွဲခဲ့ရကြောင်း၊ ယခုနှစ်တွင် မိုးရေလှောင်ကန်သို့ ရေဝင်ရောက်မှုနည်းပါးခြင်းနှင့် အပူချိန်မြင့်မားခြင်းတို့ကြောင့် ရေပြတ်လပ်မှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း ကျေးရွာများတွင် အယ်နီညိုရာသီဥတုကြောင့် သောက်သုံးရေပြတ်လပ်ပါက ဒေသခံပြည်သူများ အဆင်ပြေစေရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ပင်လယ်နှင့်နီးသော ကွင်းရွာများဖြစ်သည့် ကျေးရွာအုပ်စု ၁၀ အုပ်စုမှ ကျေးရွာ ၂၂ ရွာသို့ ရေသယ်ယာဉ်များဖြင့် ရေပေးဝေ၍ လတ်တလော ရေပြတ်လပ်မှုကို ဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျေးရွာများတွင် လယ်ယာလုပ်ငန်းများအပြင် ထရံရက်လုပ်ငန်းကိုပါ တွဲဖက်လုပ်ကိုင်

**တပ်ကုန်း မတ် ၁၁**

နေပြည်တော် တပ်ကုန်းမြို့နယ် ဗျိုင်းအင်းကျေးရွာအုပ်စု ဗျိုင်းအင်းကျေးရွာမှ ပြည်သူများအနေဖြင့် အဓိကလုပ်ငန်းဖြစ်သော လယ်ယာလုပ်ငန်းများနှင့် တွဲဖက်၍ ဝါးဖြင့်ပြုလုပ်သော လုပ်ငန်းအမျိုးမျိုးဖြစ်သည့် စပါးပုတ်၊ တောင်း၊



ဝါးကပ်နှင့် ထရံရက်လုပ်ငန်းများကို လုပ်ကိုင်ကြရာ ယခုအချိန်သည် အိမ်အသစ်ဆောက်လုပ်ခြင်း၊ အိမ်ပြုပြင်ခြင်းများ လုပ်ကိုင်သော ပွင့်လင်းရာသီကာလဖြစ်သည့်အလျောက် ထရံများ အရောင်းအဝယ်ကောင်းမွန်၍ ဝါးလုပ်ငန်းလုပ်ကိုင်သူနှင့် အလုပ်သမားများလည်း နေ့စဉ်ဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ထရံရက်လုပ်ငန်းတစ်ခုမှာ အလုပ်သမား သုံးဦးကနေ ငါးဦးလောက်အထိ ဝင်လုပ်ကိုင်ကြတယ်။ တစ်ဦးကို ထရံနှစ်ချပ်လောက်ပြီးတော့ နေ့တွက်ခ ကျပ် ၄၀၀၀ နဲ့အထက်ရကြတော့ သူတို့လည်း အဆင်ပြေတာပေါ့"ဟု ဗျိုင်းအင်းကျေးရွာမှ ဝါးလုပ်ငန်းလုပ်ကိုင်သူ ဦးဇော်ဇော်က ပြောသည်။

ဗျိုင်းအင်းကျေးရွာသည် တပ်ကုန်းမြို့အရှေ့ဘက် နှစ်မိုင်ခန့်အကွာတွင်ရှိပြီး ဝါးလုပ်ငန်းအတွက် ဝါးများကို မြို့ပေါ်မှ အလုံးလိုက်ဝယ်ယူ၍ ခွဲခြမ်းပြီး ထရံဆိုက်မျိုးစုံ ရက်လုပ်ရောင်းချကြောင်း၊ ယခုရာသီကာလတွင် အရောင်းတွင်ကျယ်ပြီး နေ့တွက်ဖြင့် လုပ်ကိုင်သူတစ်ဦးလျှင် တစ်ရက်ဝင်ငွေ ကျပ် ငါးထောင်ခန့် ရရှိနေကြောင်း သိရသည်။

**တင်စိုးလွင်**

# နှစ် (၈၀)ပြည့် ပြင်ဦးလွင်နာရီစင်ကြီးအား ဆေးအသစ်သုတ်၍ ရောင်စုံမီးများတပ်ဆင်

**ပြင်ဦးလွင် မတ် ၁၁**

ပြင်ဦးလွင်မြို့၏ အထင်ကရအမှတ်သင်္ကေတတစ်ခုဖြစ်သည့် နာရီစင်မှ နာရီကြီးကို ၁၉၃၄ ခုနှစ်က အင်္ဂလန်နိုင်ငံ ဂီးလက်အင်ဂျွန်ဆင်(Gillete and Johnson Co.) ကုမ္ပဏီမှ ထုတ်လုပ်ခဲ့သည်။ ဗြိတိသျှပဉ္စမမြောက် ဂျော့ဘုရင်၏ နန်းစံသက် (၂၅)နှစ်မြောက် ငွေရတုသဘင်အထိမ်းအမှတ်အဖြစ် ထုတ်လုပ်ခဲ့သော နာရီငါးလုံးအနက် တစ်လုံးအပါအဝင်ဖြစ်ကြောင်း သိရသည်။

နာရီတပ်ဆင်ရန် နာရီစင်ကြီးကို ၁၉၃၅ ခုနှစ်တွင် ရန်ကုန်မြို့မှ ကလပ်အင်ဂရေ့ချ် ဆောက်လုပ်ရေးကုမ္ပဏီ(Clark and Graig Co.) မှ တာဝန်ယူဆောက်လုပ်ပေးခဲ့ပြီး ၁၉၃၆ ခုနှစ် စက်တင်ဘာလတွင် နာရီစင်ကြီးကို ခမ်းနားထည်ဝါစွာ ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

ပြင်ဦးလွင်နာရီစင်ကြီးမှာ အမြင့် ၇၅ ပေရှိပြီး အရပ်လေးမျက်နှာမှ နေ့ရောညပါမြင်နိုင်သည့် အချင်းလေးပေခွဲစီရှိသော ဒိုင်ခွက်ကြီးလေးခုပါရှိပြီး ဝက်စ်မစ်စတာချိုင်းမ်(West Mister Chime)ခေါ် ခေါင်းလောင်းလေးလုံးနှင့် ခေါင်းလောင်းကြီးတစ်လုံး ပါရှိလေရာ ခေါင်းလောင်းလေးလုံးမှာ ၁၅ မိနစ်လျှင် တစ်ကြိမ် သံစုံဂီတသံများ ကျူးရင့်ထွက်ပေါ်ပေး၍ ခေါင်းလောင်းကြီးမှာ တစ်နာရီပြည့်တိုင်း သံစုံများနှင့်အတူ သတ်မှတ်နာရီအတိုင်း အချက်ကျကျအပြည့်တီးပေးသည့် ခေါင်းလောင်းကြီးဖြစ်ကြောင်း သိရသည်။

ပြင်ဦးလွင်နာရီစင်ကြီးမှာ အင်္ဂလန်နိုင်ငံမှ ပါလီမန်လွှတ်တော်အဆောက်အအုံတွင် တပ်ဆင်ထားသော ဘစ်ဘင်(Big Ben ) နာရီကြီးနှင့် အမျိုးအစား၊ စက်ကိရိယာ၊ တည်ဆောက်ပုံတူညီပြီး ယနေ့အချိန်အထိ ပြင်ဦးလွင်မြို့သူ မြို့သားများအတွက် အချိန်မှန်မှန် သံစုံတေးသံများထွက်ပေါ်လျက်တာဝန်ကျေပွန်စွာ ထမ်းရွက်ပေးနေသည်မှာ ယခု ၂၀၁၆ ခုနှစ်တွင် နှစ်(၈၀)ပြည့်ပြီဖြစ်ကြောင်း သိရသည်။

ပြင်ဦးလွင်မြို့တွင် နာရီစင်ကြီးမရှိမီ ကိုလိုနီခေတ်က မြို့သူ မြို့သားများ အချိန်နာရီကို တိကျစွာသိရှိကြစေရန် မြို့အဝင်ကျောက်တောင်ပေါ်မှ အမြောက်သံများပစ်ဖောက်ပေးခဲ့ရပြီး နာရီစင်ကြီးပေါ်လာခဲ့ချိန်မှစ၍ အမြောက်သံများရပ်နားခဲ့ရသည်။ ယခုအခါ ပြင်ဦးလွင်မြို့၏ နှစ်(၈၀)ပြည့်နာရီစင်ကြီးကို ပြန်လည်မွမ်းမံကာ ဆေးများသုတ်၍ ရောင်စုံမီးအလှများ အသစ်တပ်ဆင်လျက်ရှိကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**




## သတင်းတိုများ

### (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ဖွင့်လှစ်

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာအုပ်စု၌ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲကို မတ် ၉ ရက်က ကျင်းပခဲ့သည်။ ဖွင့်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစန်းမောင်၊ တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမိုးဆွေနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

**အောင်မင်း(ဘိုကလေး)**

### ယဉ်ကျေးမှုကျင့်ဝတ်နှင့် ကိုယ်ကျင့်အဘိဓမ္မာသင်တန်းဖွင့်

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ အမှတ်(၁)ရပ်ကွက် သာသနာ့လက်ာရ ကျောင်းကြီးကျောင်းတိုက်၌ စတုတ္ထအကြိမ် ယဉ်ကျေးမှုကျင့်ဝတ်နှင့် ကိုယ်ကျင့်အဘိဓမ္မာသင်တန်း ဖွင့်ပွဲကို မတ် ၉ ရက်က ကျင်းပခဲ့ပြီး မြို့နယ်သာသနာရေးဦးစီးဌာနမှူး ဦးကျော်မျိုးလှိုင်က အမှာစကားပြောကြား၍ ဖွင့်လှစ်ခဲ့သည်။ သင်တန်းကို နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ တစ်လကြာ ဖွင့်လှစ်မည်ဖြစ်ကာ အလှူရှင်များက နေ့စဉ်အာဟာရဒါန နေ့လယ်စာ ကျွေးမည်ဖြစ်ကြောင်း၊ သင်တန်းတွင် ထူးချွန်စွာ အောင်မြင်သူများကို ဂုဏ်ပြုဆုများ ထိုက်တန်စွာချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်တုန်း)**

### ဓမ္မာစရိယနှင့် ပထမပြန် စာအောင်သံဃာများအား ဂုဏ်ပြုပူဇော်

မွန်ပြည်နယ် မုဒုံမြို့နယ် ပဉ္စမအကြိမ် ဓမ္မာစရိယနှင့် (၅၈)ကြိမ်မြောက် ပါဠိပထမပြန် စာမေးပွဲတွင် အောင်မြင်သော သံဃာတော်များအား ဂုဏ်ပြုပူဇော်ခြင်းနှင့် စာအောင်ဆုနှင်းသဘင်ကို မုဒုံမြို့ရှိ ကဏ္ဍာသယ သာသနာ့ဗိမာန်တော်ကြီး၌ မတ် ၈ ရက်က ကျင်းပခဲ့ရာ မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းနိုင်ဦးက ဓမ္မာစရိယဘွဲ့တံဆိပ်တော်ရ သံဃာတော်ငါးပါးအား ဆုတံဆိပ်နှင့် အောင်လက်မှတ်များ ပေးအပ်ဂုဏ်ပြုကာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထင်နှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုများ ကပ်လှူခဲ့သည်။

**မုဒုံမောင်မောင်**

# မီးဘေးလုံခြုံရေး ပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်မှုသရုပ်ပြလေ့ကျင့်ခြင်း ပြုလုပ်

**နမ့်စန် မတ် ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်တွင် မီးဘေးကာကွယ်ရေးအတွက် အသိပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြခြင်းများကို မြို့မဈေးအနီးရှိ ဆတိုးဆုတောင်းပြည့်ဘုရားဝင်းအတွင်း၌ မတ် ၈ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် လွိုင်လင်ခရိုင် မီးသတ်ဦးစီးဌာနမှူး ဦးဇော်ဝင်းက မီးဘေးလုံခြုံရေးနှင့်ပတ်သက်၍ သတိပြုရမည့်အချက်များ၊ မီးလောင်မှုဖြစ်ပွားပါက အရေးပေါ်မီးငြိမ်းသတ်နည်းများနှင့် ဆောင်ရွက်ရမည့် အစီအမံများကို ဟောပြောခဲ့ပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမြတ်သူက လျှပ်စစ်အန္တရာယ်ကြောင့် မီးလောင် မှုဖြစ်ပွားစေနိုင်သော အကြောင်းရင်းများနှင့် မီးလောင်မှုဖြစ်ပွားပါက လုပ်ဆောင်ရမည့် လုပ်ငန်းများကို ဒေသခံပြည်သူအား ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှူးနှင့် မီးသတ်ဝန်ထမ်းများက မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်နည်း၊ အကူပစ္စည်းများဖြင့် အလွယ်မီးငြိမ်းသတ်နည်းအမျိုးမျိုးကို လည်းကောင်း၊ မီးသတ်ပိုက်ဖြင့် မီးငြိမ်းသတ်နည်းများကိုလည်းကောင်း ဒေသခံပြည်သူများအား လက်တွေ့သရုပ်ပြခဲ့သည်။

ဟောပြောပွဲအပြီးတွင် မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာနမှ မီးဘေးကာကွယ်ရေးအတွက် ထုတ်ဝေထားသော ပညာပေးလက်ကမ်းစာစောင်များကိုလည်း မြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတို့က ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သူရအောင်(ပြန်/ဆက်)**



**ကသာခရိုင် ဟိတရေမ္မစကူးလ်အဖွဲ့မှကြီးမှူး၍ ယဉ်ကျေးလိမ္မာသော ကျောင်းသားလူငယ်များ ဖြစ်လာစေရေးအတွက် နွေရာသီ ဟိတရေမ္မစကူးလ် တစ်လသင်တန်းဖွင့်ပွဲကို ကသာမြို့နယ် အမှတ်(၅)ရပ်ကွက် စိန်ကုန်းဘုန်းကြီးကျောင်း၌ မတ် ၉ ရက်က ကျင်းပစဉ်။** ငွေအိုး(ကသာ)

# အယ်နီညိုရာသီဥတု အကျိုးသက်ရောက်မှုကြောင့် သီးနှံအထွက်နှုန်းလျော့နည်းမှုမရှိစေရန် ဆွေးနွေး

**မော်လမြိုင်ကျွန်း မတ် ၁၁**

အယ်နီညိုရာသီဥတုနှင့် နောက်ဆက်တွဲအကျိုးဆက်များကြောင့် ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ တောင်သူများ စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများ အထွက်နှုန်းလျော့နည်းကျဆင်းမှု မရှိစေရေးအတွက် ကြိုတင်ကာကွယ်နည်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများအား မဲဇလီဦးတိုကျေးရွာ၌ မတ် ၉ ရက်က တွေ့ဆုံ၍ အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသိန်းငွေနှင့် တာဝန်ရှိသူများက အယ်နီညိုရာသီဥတုကြောင့် သီးနှံအထွက်နှုန်းလျော့နည်းမှုမရှိစေရေးအတွက် သက်တမ်းတိုသော အထွက်ကောင်းမျိုးများ စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေးနှင့် ပိုးမွှားအန္တရာယ်ကာကွယ်ရေး စသည့်နည်းလမ်းများကို ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ ဆွေးနွေးပွဲသို့ မဲဇလီဦးတိုကျေးရွာအုပ်စုအတွင်းရှိ စခန်းချောင်း၊ အရှေ့စုရွာသစ်၊ ကျော်နု၊ ထန်းလျက်ချောင်းနှင့် ကဇန်းချောင်းကျေးရွာများမှ တောင်သူလယ်သမားများ တက်ရောက်ခဲ့ကြသည်။ **မော်ကျွန်းမြင့်အောင်**



# အယ်နီညိုအကျိုးသက်ရောက်မှုနှင့်ပတ်သက်၍ ဟောပြောပွဲများပြုလုပ်

**ဂန့်ဂေါ မတ် ၁၁**

အယ်နီညိုအကျိုးသက်ရောက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ဂန့်ဂေါမြို့နယ် ဘော်ပြင်းရွာမှ ဒေသခံပြည်သူများအား ပညာပေးဟောပြောပွဲကို ကျေးရွာဓမ္မာရုံ၌ မတ် ၉ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းလင်းက ဟောပြောပွဲကျင်းပခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အဆိုပါဟောပြောပွဲတွင် ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမြင့်က အပူဒဏ်အန္တရာယ်ကျရောက်နိုင်မှု၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာအေးက အယ်နီညိုရာသီဥတုဖြစ်ပေါ်နိုင်မှုနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရန် အချက်များနှင့် စိုက်ပျိုးရေးနည်းပညာများ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်လွင်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးသန်းထက်အောင်က မီးသတိပြုရေး စသည်တို့ကို ရှင်းလင်းဟောပြောဆွေးနွေးခဲ့သည်။ အလားတူ အသိပညာပေးဟောပြောပွဲကို မတ် ၈ ရက် နေ့လယ်ပိုင်းကလည်း ညောင်လယ်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ဆက်လက်ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(၁၀၁)**

# ကရင်ပြည်နယ်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားနည်းချက်၊အားသာချက်နှင့် လိုအပ်ချက်များ ဆွေးနွေး

**ဘားအံ မတ် ၁၁**

ကရင်ပြည်နယ်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အားနည်းချက်၊ အားသာချက်နှင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်ချက်များကို ကရင်ပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစောခရစ္စတိုဖာနှင့် ပြည်နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ ကရင်ပြည်နယ်ကုန်သည်စက်မှုလုပ်ငန်းအသင်း၊ ရော်ဘာလုပ်ငန်းရှင်များအသင်းနှင့် ခရိုင်နှင့် မြို့နယ်များမှ စိုက်ပျိုးရေးဦးစီးဌာနမှူးများ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ တွေ့ဆုံ၍ မတ် ၈ ရက်က ဆွေးနွေးခဲ့ကြောင်း သိရသည်။



ဘားအံမြို့ရှိ ပြည်နယ်စိုက်ပျိုးရေးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးက ပြည်နယ်၏ စီးပွားရေးသည် လယ်ယာကဏ္ဍကို အဓိကအမှီပြုနေရကြောင်း၊ ပြည်နယ်၏ (GDP) တွင် လယ်ယာကဏ္ဍမှာ ၂၈ ဒသမ ၁ ရာခိုင်နှုန်း ပါဝင်နေကြောင်း၊ သို့ဖြစ်၍ တောင်သူလယ်သမားအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အစိုးရသက်တမ်းကာလတာအတွင်း ဆောင်ရွက်နိုင်ခဲ့မှုနှင့် အခြေခံအဆောက်အအုံ Intrastructure များ တည်ဆောက်ပေးနိုင်မှု အခြေအနေများကို ဆွေးနွေးသည်။

ထို့နောက် ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းလှိုင်ဦးက စိုက်ပျိုးရေးကဏ္ဍတိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်၊ ယခုနှစ်တွင် ကြုံတွေ့နိုင်သည့် အယ်နီညိုရာသီဥတုအတွက် ပြင်ဆင်ထားရှိမှု၊ အရံမျိုးစုဆောင်းထားရှိမှု အခြေအနေနှင့် ဒေသအတွက် မျိုးစေ့ထုတ်လုပ်ငန်းထူထောင်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ကရင်ပြည်နယ် ကုန်သည်စက်မှုလုပ်ငန်းအသင်း အတွင်းရေးမှူး ဦးစိုးသိန်းက အသင်းအနေဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တောင်သူလယ်သမားအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ လယ်ယာကဏ္ဍတိုးတက်ရေးအတွက် ကူညီလုပ်ဆောင်ပေးမည့် အစီအစဉ်များကိုလည်းကောင်း၊ ခရိုင်နှင့်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးများက မိမိတို့ ဒေသအလိုက်ဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ တောင်သူလယ်သမား ကိုယ်စားလှယ်များက မျိုးကောင်းမျိုးသန့်ရရှိရေးနှင့် သီးနှံဈေးနှုန်းဈေးကွက် ခိုင်မာစွာရှိရေး စသည့်လိုအပ်ချက်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ကရင်ပြည်နယ်တွင် နွေစပါးနှင့် မိုးစပါးစိုက်ဧကပေါင်း ခြောက်သိန်းကျော်ရှိပြီး တစ်နှစ်လျှင် ပျမ်းမျှ စပါးတင်း ၄၆ သန်းကျော် ထွက်ရှိကာ အခြားစိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် ရော်ဘာဧက ၂ ဒသမ ၆ သိန်းရှိပြီး အစေးလှီးဧက ၁ ဒသမ ၃ သိန်းရှိကြောင်း၊ ဆီထွက်သီးနှံ စိုက်ပျိုးမှုမှာ ဧက ၈၂၈၀၀ ရှိပြီး ပဲမျိုးစုံစိုက်ဧက ၁ ဒသမ ၅ သိန်းရှိကြောင်း သိရသည်။ အဆိုပါ စိုက်ပျိုးရေးလုပ်ငန်းများ၏ အထွက်နှုန်းတိုးတက်ရေးနှင့် အာမခံဈေးနှုန်းရရှိရေးအတွက် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပွဲမှ သိရသည်။

**စောမျိုးမင်းသိန်း(ဘားအံ)**



# မိတ္ထီလာမြို့နယ် သာသနာ့နုဂ္ဂဟအသင်းကြီး၏ ပရိယတ္တိစာမေးပွဲ နဝမအကြိမ်ကျင်းပ

**မိတ္ထီလာ မတ် ၁၁**

မိတ္ထီလာမြို့နယ်မှ ဩဝါဒါစရိယ ဆရာတော်ကြီးများ ကြီးမှူးစစ်ဆေးသည့် သာသနာ့နုဂ္ဂဟအသင်းကြီး၏ နဝမအကြိမ်မြောက် ပရိယတ္တိစာမေးပွဲကို နန်းတော်ကုန်းရပ်ကွက် သဒ္ဓမ္မဝံသာရုံ ပါဠိတက္ကသိုလ် ပရိယတ္တိစာသင်ကျောင်းတိုက် ပညာဓိကတန်းဆောင်း၌ မတ် ၉ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ပရိယတ္တိစာမေးပွဲသည် နန်းတော်ကုန်းရပ်ကွက် သဒ္ဓမ္မဝံသာရုံ ပါဠိတက္ကသိုလ် ပရိယတ္တိစာသင်ကျောင်းတိုက်ကြီး၏ ဩဝါဒါစရိယ ဆရာတော်ကြီးများက ကြီးမှူး၍ နှစ်ရက်ကြာကျင်းပသော ကျောင်းတွင်းစာမေးပွဲဖြစ်ပြီး စာမေးပွဲတွင် စာချတန်းအတွက် ၁၂ ပါး၊ သီလက္ခန်အတွက် ခြောက်ပါး၊ အဠသာလိနီတွင် ငါးပါး၊ အကြီးတန်းတွင် ၂၅ ပါး၊ အလတ်တန်းတွင် ၁၄ ပါး၊ အငယ်တန်းတွင် ခြောက်ပါး စုစုပေါင်း ၆၈ ပါးဖြေဆိုခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ ကျင်းပ

**တွံတေး မတ် ၁၁**

လူသရန်ဝေါ(လ်)ဖက်ဒရေးရှင်း(မြန်မာ) (Lutheran world Federation Myanmar) နှင့် ကျေးရွာနေပြည်သူများပူးပေါင်းပြီး အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အခမ်းအနားကို တွံတေးမြို့နယ် ပသီကျေးရွာ အစည်းအဝေးခန်းမ၌ မတ် ၈ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပသီကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးလှဝင်းက အမှာစကားပြောကြားပြီး လူသရန်ဝေါ(လ်)ဖက်ဒရေးရှင်း(မြန်မာ)မှ ကျေးရွာစွမ်းဆောင်ရည်မြှင့်တင်ရေးတာဝန်ခံ ဦးဝဏ္ဏထွန်းက အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ရွှေက လူကုန်ကူးမှုတားဆီးကာကွယ်တိုက်ဖျက်ရေး ဆောင်ရွက်နေမှုများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူးဒေါ်သန်းသန်းအေးက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့၏ ရည်ရွယ်ချက်များ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးသက်ဦးက အမျိုးသမီးများနှင့် စာပေ၊ ယဉ်ကျေးမှုဆိုင်ရာ အကြောင်းအရာများ စသည်တို့ကို ဆွေးနွေးခဲ့ကြပြီး အခမ်းအနားသို့ ကျေးရွာ ၁၀ ရွာမှ အမျိုးသမီးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

# မိတ္ထီလာတွင် နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်

**မိတ္ထီလာ မတ် ၁၁**

မိတ္ထီလာမြို့ရှိ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ကြက်တောင်အားကစားခန်းမ၌ နွေရာသီအားကစားသင်တန်းများဖွင့်ပွဲကို မတ် ၁၀ ရက်က ကျင်းပခဲ့ကြောင်းသိရသည်။

ကျောင်းသားလူငယ်များအနေဖြင့် နွေရာသီအားလပ်ချိန်များကိုအကျိုးရှိစွာအသုံးချနိုင်ရေး၊ ကျန်းမာကြံ့ခိုင်သည့် မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာရေး၊ အားကစားတွင် ထူးချွန်သည့်လူငယ်များ မွေးဖွားပေးနိုင်ရေး စသည့် ရည်ရွယ်ချက်များဖြင့် နွေရာသီအားကစားသင်တန်းများကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ခရိုင်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံက အမှာစကားပြောကြားသည်။ ထို့နောက် ကြက်တောင်သင်တန်းသားများအတွက် တီရှပ်အင်္ကျီများကို ဇင်ယော်ကြက်တောင်ကလပ်မှ ပံ့ပိုးပေးအပ်ပြီး နွေရာသီအားကစားသင်တန်းတွင် ပါဝင်သည့် မြန်မာ့သိုင်း၊ ကရာတေးဒိုနည်းပြများနှင့် သင်တန်းသားအဖွဲ့သားများက သရုပ်ပြကစားကြသည်။

နွေရာသီအားကစားသင်တန်းများအဖြစ် ဘောလုံး၊ ကြက်တောင်၊ မြန်မာ့သိုင်း၊ ကရာတေးဒို အားကစားနည်းလေးမျိုးကို သင်တန်းသား ကျောင်းသားကျောင်းသူများအား တစ်လကြာလေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ရေဘေးသင့် အခြေခံပညာကျောင်းများသို့ စာရေးကိရိယာများ ထောက်ပံ့

**ပွင့်ဖြူ မတ် ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်းရှိ ရေဘေးသင့်အခြေခံပညာကျောင်းများ ပြန်လည်ထူထောင်ရေးအတွက် စာရေးကိရိယာများကို ပဲခူးတိုင်းဒေသကြီး တောင်ငူတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဆရာဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများက မတ် ၉ ရက်က ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ် ပညာရေးမှူးရုံး၌ ကျင်းပသည့် ထောက်ပံ့လှူဒါန်းပွဲတွင် တန်ဖိုးကျပ် ၁၃ သိန်းနီးပါးရှိ ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာများနှင့် အလှူငွေ ၁၈၀၈၇၀၀ ကျပ်ကို တောင်ငူတက္ကသိုလ်မှ ကထိကဒေါ်ကေသီက ပွင့်ဖြူမြို့နယ် ဒုတိယပညာရေးမှူး ဦးဝမ်းတင်ထံ ပေးအပ်လှူဒါန်းခဲ့သည်။

ပွင့်ဖြူမြို့နယ်အတွင်း၌ ပြီးခဲ့သည့်နှစ် ဇူလိုင်နှင့် ဩဂုတ်လအတွင်းက ရေဘေးသင့်ခဲ့သော အခြေခံပညာကျောင်းပေါင်း ၁၁၄ ကျောင်းရှိကြောင်းနှင့် တောင်ငူတက္ကသိုလ်မှ လှူဒါန်းသည့် ထောက်ပံ့ပစ္စည်းနှင့် အလှူငွေများကို အခြေခံပညာကျောင်းပေါင်း ၃၀ သို့ ရွေးချယ်ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

**မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းမှ သောက်သုံးရေအခက်အခဲကြုံတွေ့နေရသော စလေကျေးရွာအုပ်စု ဆည်တော်ကြီးကျေးရွာ အမှတ်(၆) ရပ်ကွက်နှင့် အမှတ်(၁၂) ရပ်ကွက်များသို့ သောက်သုံးရေများကို မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက အဖွဲ့ပိုင် ဂါလန် ၃၂၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီးဖြင့် မတ် ၇ ရက်က ဖြန့်ဝေပေးစဉ်။**

စိုးကျော်သူထွေး(မတ္တရာ)



# ယဉ်ကျေးလိမ္မာနှင့် အခြေခံအင်္ဂလိပ်စာသင်တန်း ဖွင့်လှစ်

**ရွှေပြည်သာ မတ် ၁၁**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၉)ရပ်ကွက်ရှိ ကိုးသုံးလုံးကျောင်းတိုက်ဆရာတော်မှ ကြီးမှူးဖွင့်လှစ်သည့် ဆဌမအကြိမ်မြောက် ယဉ်ကျေးလိမ္မာနှင့် အခြေခံအင်္ဂလိပ်စာသင်တန်းဖွင့်ပွဲကို မတ် ၁၀ ရက်က ကျင်းပခဲ့ပြီး သင်တန်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ အလှူရှင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့သည်။ သင်တန်းကို မတ် ၁၀ ရက်မှ ၂၄ ရက်အထိ နေ့စဉ်ဖွင့်လှစ်မည်ဖြစ်ပြီး အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှု၊ မြန်မာစာ၊ အဘိဓမ္မာနှင့် အင်္ဂလိပ်စာသဒ္ဒါအခြေခံ ဘာသာရပ်များကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်သန်းကြည်(ရွှေပြည်သာ)**

# အသင်းကြီးတွေ အမှတ်ပြည့်ရဖို့ရှိနေတဲ့ ဘွန်ဒက်လီဂါပွဲစဉ် (၂၅)

မိုးမြင့်လင်းလက်

**ဘွန်ဒက်လီဂါပွဲစဉ် (၂၆)ကတော့ မတ် ၁၂ ရက် ညပိုင်းနဲ့ ၁၃ ရက်တွေမှာ ယှဉ်ပြိုင်ကစားဖို့ ရှိနေပါတယ်။ တန်းစီဇယားကို ထိပ်ဆုံးက ငါးမှတ်အသာနဲ့ ဦးဆောင်နေတဲ့ ဘိုင်ယန်မြူးနစ်တို့က ရမှတ်ပြတ်သားစွာနဲ့ ထိပ်ဆုံးကပြေးနေနိုင်ဖို့ ဒီပွဲစဉ်မှာလည်း အနိုင်ရအောင် ကြိုးစားပါလိမ့်မယ်။ ဒါ့အပြင် တန်းဆင်းဇုန်ထဲက ရုန်းထွက်ဖို့ကြိုးစားနေတဲ့ အသင်းတွေရဲ့ အားထုတ်မှုတွေကလည်း ပြင်းထန်မှာမို့ အကြိတ်အနယ်ရှိပြီး ရသမျိုးစုံပေးစွမ်းနိုင်ဦးမယ့် ပွဲတွေအဖြစ် မြင်တွေ့ရပါဦးမယ်။**



### ဘိုင်ယန်မြူးနစ်နှင့် ဝါဒါဘရီမင်

ဝါဒါဘရီမင်နဲ့ဆုံတိုင်း ဘိုင်ယန်မြူးနစ်တို့က အိမ်ကွင်း၊ အဝေးကွင်းတွေမှာ ဂိုးပြတ်သွင်းနိုင်ပွဲယူခဲ့တာချည်း ဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်တို့က အခုတလော သရေပွဲ၊ ရှုံးပွဲတွေနဲ့ ကြုံတွေ့နေရလို့ ဒီပွဲမှာတော့ အောင်ပွဲကို မဖြစ်မနေရှာဖွေတော့မှာဖြစ်ပါတယ်။ ဝါဒါဘရီမင်ရဲ့အားနည်းချက်က ခံစစ်ပိုင်း ချွတ်ယွင်းမှုဖြစ်ပြီး အဝေးကွင်းမှာ ပေးဂိုးများနေတာမို့ သတိထားရမှာပါ။ ဘိုင်ယန်မြူးနစ်တို့က ဒီနှစ်မှာ ဘွန်ဒက်လီဂါကို ရယူဖို့ အကောင်းဆုံးအခြေအနေတွေ ရှိနေတာကြောင့် ဒီပွဲမှာတော့ သုံးမှတ်အပြည့်ရယူဖို့ ကြိုးစားပါလိမ့်မယ်။ ဘိုင်ယန်မြူးနစ်တို့က အနိုင်ရလဒ်ကို ထွေးပိုက်အောင်ပွဲခံပါလိမ့်မယ်။

### ဂလာဘတ်နှင့်ဖရန့်ဖတ်

တန်းဆင်းဇုန်ထဲ ကျဆင်းနေတဲ့ ဖရန့်ဖတ်တို့ကတော့ ဂလာဘတ်ကွင်းမှာ ခြေကုန်ဖွင့်ပြီး ကစားတော့မှာဖြစ်ပါတယ်။ ဖရန့်ဖတ်ရဲ့ အဝေးကွင်းရလဒ်က အားရစရာမရှိပေမယ့် ရမှတ်လိုအပ်နေတာမို့ ဒီပွဲမှာတော့ ခံစစ်အခြေပြုပြီး တန်ပြန်တိုက်စစ်နဲ့ ကစားပါလိမ့်မယ်။ ဂလာဘတ်ရဲ့ အိမ်ကွင်းရလဒ်က အကောင်းဆုံးပုံစံရရှိနေပြီး တိုက်စစ်မှူးတွေကလည်း အိမ်ကွင်း၊ အဝေးကွင်းမရွေး ဂိုးရအောင် သွင်းယူနိုင်ပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှုသုံးပွဲရလဒ်ကို ကြည့်ရင်တစ်ပွဲစီနိုင်ပြီး တစ်ပွဲသရေဖြစ်ထားပါတယ်။ ဘွန်ဒက်လီဂါသမိုင်းမှာ ဒီနှစ်သင်းဆုံတွေ့ခဲ့မှုကို ကြည့်ရင် ဂလာဘတ်က ၂၈ ပွဲနိုင်ပြီး ဖရန့်ဖတ်က ၃၂ ပွဲနိုင်ကာ သရေ ၂၃ ပွဲ ဖြစ်ထားပါတယ်။ ရလဒ်တွေ ဆက်တိုက်ဆိုးရွားနေတဲ့ ဖရန့်ဖတ်တို့ကတော့ ဒီပွဲမှာ တစ်မှတ်ရရင်ပဲ ရလဒ်ကောင်းလို့ သတ်မှတ်ရမှာ ဖြစ်ပါတယ်။

### ဟန်နိုဗာနှင့်ကိုလုံး

တန်းစီဇယားအောက်ဆုံးကို ရောက်ရှိနေတဲ့ ဟန်နိုဗာတို့အတွက်တော့ အသင်းလိုက်ကစားအားကောင်းတဲ့ ကိုလုံးအသင်းကို ကစားရခက်ခဲပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံခဲ့မှုကို ကြည့်ရင်တော့ ဟန်နိုဗာတို့ရှုံးပွဲမရှိခဲ့ပါဘူး။ ကိုလုံးတို့ကလည်း အခုတလော ခြေစွမ်းကျဆင်းနေပြီး နိုင်ပွဲနဲ့ဝေးကွာနေတာမို့ အခုပွဲဟာ နှစ်သင်းစလုံးအတွက် အမှတ်ခွဲယူရကိန်း ဆိုက်သွားဖို့များနေပါတယ်။

### ဟော့ဖန်ဟိမ်းနှင့်ဝုဖ်ဘတ်

ဝုဖ်ဘတ်တို့က ဟော့ဖန်ဟိမ်းကို အနိုင်ရအောင် ကစားနိုင်ပါတယ်။ တန်းဆင်းဇုန်ထဲက ရုန်းထဖို့ကြိုးစားမယ့် ဟော့ဖန်ဟိမ်းတို့က ဝုဖ်ဘတ်ကို ခက်ခက်ခဲခဲ ကစားရမှာဖြစ်ပေမယ့် မျှော်လင့်ချက်လည်း ထားလို့မရတဲ့ အနေအထားပါပဲ။ ဒါပေမယ့် အဝေးကွင်းမှာ ရလဒ်မကောင်းတတ်တဲ့ ဝုဖ်ဒတ်ကို ခြေရည်တူကစားပြီး ဟော့ဖန်ဟိမ်းတို့ အနိမ့်ဆုံးတစ်မှတ်ရအောင် အားထုတ်ပါလိမ့်မယ်။

### အင်ဂိုစတက်နှင့်စတုဂတ်

တန်းစီဇယား အထက်အောက်ရပ်တည်နေကြတဲ့ အသင်းတွေဖြစ်တာမို့ ကြည့်ကောင်းမယ့်ပွဲပါပဲ။ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ဒီနှစ်သင်းရဲ့ ပွဲရလဒ်ကို ကြည့်ရင် စတုဂတ်တို့ ခြေစွမ်းကျဆင်းနေပြီး တိုက်စစ်ပိုင်းလည်း အားရစရာ မရှိပါဘူး။ ဒီပွဲမှာ အင်ဂိုစတတ်ကို ယုံကြည်ပြီး အားပေးရမှာ ဖြစ်ပါတယ်။

### ဒမ်စတက်နှင့်အော့စ်ဘတ်

တန်းဆင်းဇုန်ထဲ မကျဆင်းအောင် အားထုတ်မယ့် ဒမ်စတက်ကို တိုက်စစ်အားကောင်းတဲ့ အော့စ်ဘတ်တို့ ဘယ်လိုကျော်ဖြတ်မလဲ ကြည့်ရမှာပါ။ ဒမ်စကတ်တို့က ခြေပေါ်ရင် ထိန်းသိမ်းရခက်တဲ့အသင်း ဖြစ်ပါတယ်။ အော့စ်ဘတ်တို့ရဲ့ စွမ်းဆောင်မှုက အားရစရာမရှိပေမယ့် အိမ်ကွင်းမှာ ဒမ်စကတ်တို့ တစ်မှတ်ရအောင် ကြိုးစားပါလိမ့်မယ်။ ဒီပွဲမှာ အကြိုက်က အိမ်ရှင်ပါပဲ။ ။



## ချန်ပီယံလိဂ်နဲ့ ဝေးဖို့ရှိနေတဲ့ ချယ်လ်ဆီး

ချန်ပီယံလိဂ် ၁၆ သင်း ဒုတိယအကျော့အဖြစ် ချယ်လ်ဆီးနဲ့ ပြင်သစ်ကလပ် ပီအက်စ်ဂျီတို့ ယှဉ်ပြိုင်ကစားရာမှာ ချယ်လ်ဆီးက နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ပြီး နှစ်ကျော့ပေါင်း လေးဂိုး-နှစ်ဂိုးဖြင့် ချယ်လ်ဆီးတို့ ချန်ပီယံလိဂ်မှ ထွက်ခဲ့ရပြီ ဖြစ်ပါတယ်။ ချယ်လ်ဆီးတို့ ဒီပွဲရှုံးနိမ့်သွားတဲ့အတွက် လာမယ့် ရာသီမှာ ချန်ပီယံလိဂ်ကစားခွင့် ဆုံးရှုံးဖို့ သေချာနေပါတယ်။ ချယ်လ်ဆီးအသင်းကို အေဘရာမိုဗစ် ဝယ်ယူပြီးနောက် ပထမဆုံး အကြိမ်အဖြစ် ၁၃ နှစ်အတွင်းမှာ ချယ်လ်ဆီးတို့ ချန်ပီယံလိဂ်ကစားခွင့် ဆုံးရှုံးသွားဖို့ သေချာနေပါတယ်။ ချယ်လ်ဆီးအသင်းဟာ လက်ရှိ ပရီမီယာလိဂ်မှာ အမှတ်ပေးဇယားရဲ့ နံပါတ် (၁၀)မှာ ရှိနေတာကြောင့် စတုတ္ထနေရာမှ ၁၀ မှတ် ကွာနေပါတယ်။ လက်ကျန်ကစားဖို့ ကိုးပွဲသာ လိုပါတော့တယ်။ နည်းပြသစ်အနေနဲ့ ယူရိုပါလိဂ်ဝင်ခွင့်ရဖို့မလွယ်တဲ့ အခြေအနေနဲ့ ရင်ဆိုင်ဖို့ ရှိနေပါတယ်။ ၂၀၁၃ ခုနှစ်က အေဘရာမိုဗစ် ချယ်လ်ဆီးအသင်းပိုင်ရှင်ဖြစ်လာပြီးနောက် ပထမဆုံး အကြိမ်အဖြစ် ချန်ပီယံလိဂ်ဝင်ခွင့် ဆုံးရှုံးသွားနိုင်မယ့် အနေအထားဖြစ်ပါတယ်။

## ဘင်နီတက်ဇ်ကို အလိုရှိနေတဲ့ နယူးကာဆယ်

နယူးကာဆယ်အသင်းအနေနဲ့ ရာဖေးလ်ဘင်နီတက်ဇ်ကို နည်းပြသစ်အဖြစ် ခန့်အပ်ဖို့ အလိုရှိနေတယ်လို့ ဆိုပါတယ်။ နယူးကာဆယ်က နံပါတ်တစ် ပစ်မှတ်ကစားနေတဲ့ နည်းပြဖြစ်ပါတယ်။ လာမယ့် တနင်္လာနေ့မှာ လက်စတာသို့ မသွားရောက်မီ ဘင်နီတက်ဇ်ကို နယူးကာဆယ်က နည်းပြသစ်ခန့်ဖို့ ဆွေးနွေးနေပြီလို့ ဆိုပါတယ်။ သို့ပေမယ့် နယူးကာဆယ် အသင်းအနေနဲ့ လက်ရှိနည်းပြ မက္ကလာရင်ကို အလုပ်က ဖြုတ်ရမှာဖြစ်ပါတယ်။ နယူးကာဆယ်အသင်းဟာ ယခုနှစ် ပရီမီယာလိဂ်ကစားဖို့ လက်ကျန်ပွဲ ၁၀ပွဲသာ ကျန်ပါတော့တယ်။ ဒီ ၁၀ ပွဲမှာ နယူးကာဆယ်အသင်းကို တန်းဆင်းဇုန်အတွင်းမှာ လွတ်မြောက်ရေး အလွန်ပင်အရေးကြီးနေတာပါ။ ဘင်နီတက်ဇ်အနေနဲ့ တန်းဆင်းဇုန်အတွင်းမှာ လွတ်မြောက်အောင် ကြိုးစားပေးနိုင်လိမ့်မယ်လို့ နယူးကာဆယ် တာဝန်ရှိသူတွေက ယုံကြည်နေတာပါ။ နယူးကာဆယ်က စပိန်နိုင်ငံသားဘင်နီတက်ဇ်ကို နှစ်ရှည်စာချုပ်နဲ့ ခေါ်ယူဖို့ နီးစပ်နေပါတယ်။






## အဝါကတ် ၇၄ ကတ်ပြခဲ့တဲ့ ဒိုင်လူကြီး

လွန်ခဲ့တဲ့ ၁၂ ပွဲမှာ ကွင်းလယ်ဒိုင်လူကြီး ကားလို့စ်ဗီလက်စကိုကာဘယ်လိုဟာ အဝါကတ် ၇၄ ကတ်နဲ့ အနီကတ် ခြောက်ခု ပြခဲ့တယ်လို့ ဆိုပါတယ်။ ကာဘယ်လိုဟာ ကစားသမားတွေကို သတိပေးတဲ့နေရာမှာ သူ့ရဲ့ဘောင်းဘီအိတ်ထဲက အဝါကတ်တွေ၊ အနီကတ်တွေ ထုတ်ဖို့ ဝန်လေးကြောက်ရွံ့နေတတ်သူ မဟုတ်ဘူးလို့ ဆိုပါတယ်။ တနင်္ဂနွေနေ့က လီဗာပူးနဲ့မန်ယူတို့ ကစားတဲ့ပွဲမှာ ဂျိမ်းမီနာနဲ့ ဂျူအန်မာတာတို့ကို အနီကတ်ပြထုတ် ပယ်ခဲ့ပါတယ်။ အသက် ၄၄ နှစ်အရွယ်သာရှိသေးတဲ့ ကွင်းလယ်ဒိုင်လူကြီး ကာဘယ်လိုဟာ ၂၀၀၄ ခုနှစ် ကတည်းက လာလီဂါဒိုင်လူကြီး ဖြစ်ခဲ့ပါတယ်။ သူဟာ လွန်ခဲ့တဲ့ ၁၂ ပွဲမှာ အဝါကတ် ၇၄ ကတ်နဲ့ အနီကတ် ခြောက်ကတ် ပြခဲ့ပါတယ်။ ကာဘယ်လိုဟာ ဒီပို့တီဗိုနဲ့ မာလာဂါတို့ စနေနေ့က ကစားခဲ့တဲ့ပွဲမှာလည်း အဝါကတ် ရှစ်ခုနဲ့ အနီကတ် တစ်ခု ပြခဲ့ပါတယ်။ သူဟာ အဝါကတ်နဲ့အနီကတ်အများဆုံးပြတဲ့ ဒိုင်လူကြီးအဖြစ် လူသိများလာခဲ့ပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# ကျန်းမာရေးစစ်တမ်းကောက်ယူခြင်းဖြင့် စီမံချက်နှင့်စီမံကိန်းများအတွက် အသုံးဝင်မည်

**ကန့်ဘလူ မတ် ၁၁**

မြန်မာနိုင်ငံ၏ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်း(၂၀၁၅-၂၀၁၆) Myanmar Demographic and Health Survey(MDHS 2015-2016) ကောက်ယူခြင်းအားဖြင့် ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံချက်နှင့်စီမံကိန်းများဖော်ထုတ်ဆောင်ရွက်ခြင်း၊ အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများအတွက် အသုံးဝင်မည်ဖြစ်ကြောင်း သိရသည်။

ကျန်းမာဆိုင်ရာ အချက်အလက်များဖြစ်သော မွေးဖွားခြင်း၊ အိမ်ထောင်ပြုခြင်း၊ ကိုယ်ဝန်ဆောင်ခြင်း၊ သားသမီးရယူခြင်း၊ မျိုးဆက်ပွားကျန်းမာရေးသားဆက်ခြားနည်းလမ်းများကို သိရှိအသုံးပြုခြင်း၊ မိခင်နို့တိုက်ကျွေးခြင်း၊ အာဟာရပြည့်ဝမှု အခြေအနေ၊ မိခင်နှင့်ကလေးကျန်းမာရေး၊ HIV/AIDS နှင့် ပတ်သက်သော ဗဟုသုတ၊ သဘောထားနှင့် အပြုအမူများ စသည့်သတင်းအချက်အလက်များကိုကောက်ယူခြင်းအားဖြင့် ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံချက်နှင့်စီမံကိန်းများ ဖော်ထုတ်ဆောင်ရွက်ခြင်း၊ အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများအတွက် အသုံးဝင်မည်ဖြစ်ကြောင်း သိရသည်။

MDHS စစ်တမ်းကိုမြန်မာနိုင်ငံတွင် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ပထမဦးဆုံးအကြိမ်အဖြစ် စတင်ကောက်ယူနေခြင်းဖြစ်ပြီး စစ်တမ်းအတွက်ဘဏ္ဍာရေးအထောက်အပံ့ကို USAID မှ ပံ့ပိုးပေးကာ နည်းပညာဆိုင်ရာ အထောက်အပံ့များကို ICF International က ပံ့ပိုးကူညီထားသည်။ စစ်တမ်းကို အဓိကအကောင်အထည်ဖော် ကောက်ယူနေသောအဖွဲ့အစည်းမှာ ကျန်းမာရေးဝန်ကြီးဌာနဖြစ်ပြီး မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကျန်းမာရေးဆိုင်ရာ အချက်အလက်များကွင်းဆင်းစာရင်းကောက်ယူမှုများကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်က စတင်ဆောင်ရွက်ခဲ့ရာ မေလအတွင်း အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။



ထန်းကုန်းကျေးရွာ၌ စစ်တမ်းကောက်ယူနေစဉ်။

မြန်မာနိုင်ငံ၏ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်း(၂၀၁၅-၂၀၁၆)ကိုစစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကောက်ယူလျက်ရှိရာ ကန့်ဘလူမြို့နယ် ထန်းကုန်းကျေးရွာ၌ ဦးဇော်ထက်အောင်ခေါင်းဆောင်သည့်အဖွဲ့က မတ် ၉ ရက်တွင် စစ်တမ်းများကောက်ယူခဲ့ကြောင်း သိရသည်။

စစ်တမ်းကောက်အဖွဲ့သည် စာရင်းကောက်နည်းလမ်းများအရ စနစ်တကျရွေးချယ်ထားသော အိမ်ထောင်စုများရှိ အသက် ၁၅ နှစ်မှ ၄၉ နှစ်အတွင်း အမျိုးသမီးများ၊အမျိုးသားများကိုသီးခြားစီ တစ်ဦးချင်းမေးခွန်းလွှာများဖြင့် မေးမြန်း၍ ကောက်ယူလျက်ရှိကြောင်း၊ အိမ်ထောင်စုတစ်ခုတွင် အမျိုးသမီးနှင့်ကလေးများအား သွေးအားနည်းမှုရှိ မရှိ စစ်တမ်းကောက်ခြင်း၊ အရပ်အမြင့်၊ ကိုယ်အလေးချိန်တိုင်းထွာခြင်းများကို ဆောင်ရွက်ခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးနှင့်အဖွဲ့က လာရောက်ကြည့်ရှုအားပေးခဲ့သည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# မူးယစ်ဆေးဝါး၊ လူကုန်ကူးမှုနှင့် ယာဉ်စည်းကမ်းဆိုင်ရာများ ပညာပေးဟောပြောပွဲ မြဝတီ၌ပြုလုပ်

**မြဝတီ မတ် ၁၁**

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် အောင်မြေရွှေဘုံ အုပ်ချုပ်ရေးမှူးရုံးရှေ့၌ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများ ပညာပေး ဟောပြောပွဲကို မတ် ၈ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် အမှတ်(၃၂) မူးယစ်တပ်ဖွဲ့စု၊ မြဝတီမှ တပ်ဖွဲ့စုမှူး ရဲမှူးအောင်စည်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ၊ ကော်ရှူခြင်း၏ ဆိုးကျိုးများ စသည့်အကြောင်းအရာများကိုလည်းကောင်း၊ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသံခဲက ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေဆိုင်ရာများကိုလည်းကောင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်ဟန်ကိုကိုဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ ခရိုင်ကျန်းမာရေး ဦးစီးဌာနမှ ကျန်းမာရေးမှူး ဦးလှဦးက မူးယစ်ဆေးဝါးကြောင့်ဖြစ်ပေါ်လာမည့် ကျန်းမာရေးဆိုင်ရာများကိုလည်းကောင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်မှ ဒုရဲမှူးမျိုးဇင်က လူကုန်ကူးမှုဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ ခရိုင်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးစိုးနောင်က မူးယစ်ဆေးဝါးဆိုင်ရာများကိုလည်းကောင်း အမှတ်(၄)ရပ်ကွက်နေပြည်သူများအား အသိပညာပေး ဟောပြောခဲ့သည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**



# နွေစပါးလျာထားကေပြည့်မီရေး အလေးထားဆောင်ရွက်နေ



**မြိုင် မတ် ၁၁**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ဆူးဝင်းကျေးရွာအုပ်စု ဝက်ဖိုးကျေးရွာ၌ မြိုင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခင်ဦး၊ ကွင်းတာဝန်ခံနှင့် ဝန်ထမ်းများက အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး စုပေါင်းပျိုးထောင်မှုများကို မတ် ၈ ရက်က ပြုလုပ်ခဲ့ပြီး မြို့နယ်ဦးစီးမှူးက အမှာစကားပြောကြားကာ လက်ထောက်ဦးစီးမှူး ဦးမောင်မောင်ဦးက သိပ္ပံနည်းကျ စိုက်ပျိုးစနစ်၏ အခြေခံဖြစ်သော ပေါင်စနစ်ပျိုးထောင်ခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကာ ဝန်ထမ်းများက ပေါင်ပျိုးထောင်ခြင်း လက်တွေ့သရုပ်ပြပြီး ဒေသခံတောင်သူများက စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

မြိုင်မြို့နယ်သည် မိုးခေါင်ရေရှားဒေသဖြစ်သော်လည်း ဒေသဆန်ဖူလုံရေးအတွက် စပါးကို အဓိကထားစိုက်ပျိုးသော မြို့နယ်ဖြစ်ရာ ၂၀၁၅-၂၀၁၆ ခုနှစ် နွေစပါး လျာထားဧကပြည့်မီရေးနှင့် တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် တိုင်းဒေသကြီးနှင့် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနများက ကြီးမှူး၍ မြို့နယ်ဦးစီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ကျော်မြင့်**

# ပက်မြန်မာ၏ ကျန်းမာရေးစီမံချက်ဝင်ကျေးရွာများ၌ တွေ့ဆုံဆွေးနွေးပွဲပြုလုပ်

**မတ္တရာ မတ် ၁၁**

INGO အဖွဲ့အစည်းတစ်ခုဖြစ်သော ပက်မြန်မာ(Pact Myanmar)ကျန်းမာရေးစီမံချက်နှင့် အမျိုးသမီးစွမ်းအားမြှင့်အဖွဲ့ ရန်ကုန်ရုံးချုပ်မှ စီမံကိန်းမန်နေဂျာများဦးဆောင်၍ နိုင်ငံခြားသားများပါဝင်သောအဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်အတွင်းမှ ကျန်းမာရေးစီမံချက်ဝင်ကျေးရွာများဖြစ်သည့် ကျောက်စရစ်ကုန်း(မ)ကျေးရွာအုပ်စု တမာကုန်းကျေးရွာနှင့် လင့်စဉ်ကုန်းကျေးရွာများမှ အမျိုးသမီး စွမ်းအားမြှင့်အဖွဲ့များနှင့် မတ် ၉ ရက်က တွေ့ဆုံ၍ ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် အဆိုပါကျေးရွာများရှိ အမျိုးသမီးစွမ်းအားမြှင့်အဖွဲ့များက အဖွဲ့လိုက် တွေ့ဆုံဆွေးနွေးခဲ့ပြီး ပက်မြန်မာ စီမံကိန်းဝင်ကျေးရွာများသို့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ထားသော ငွေကြေးများမှ ရရှိလာသောအကျိုးအမြတ်များကို ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများတွင် ဆောင်ရွက်ထားရှိမှုနှင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးအကဲဖြတ်ခြင်း၊ လိုအပ်ချက်များကို ပံ့ပိုးကူညီခြင်း၊ အကြံပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **စိုးကျော်သူထွေး(မတ္တရာ)**

# တံမြက်စည်းပင်များ ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိ

**ခမောက်ကြီး မတ် ၁၁**

တနင်္သာရီတိုင်းဒေသကြီး ခမောက်ကြီးမြို့နယ်မှ ထွက်ရှိသော တံမြက်စည်း(ဂျူတံ)များ ယခုအခါ လှိုင်လှိုင်ပေါ်ထွက်လျက်ရှိပြီး ယခုနှစ်တွင် ဒေသတွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်တစ်ခုအနေဖြင့် ထိုင်းနိုင်ငံသို့ပါ တင်ပို့ရောင်းချလျက်ရှိကြောင်း အလုပ်ရုံများမှ သိရသည်။

တံမြက်စည်းများသည် ခမောက်ကြီးဒေသအတွင်းရှိ တောတောင်များတွင် အများဆုံးထွက်ရှိသည့် အလေ့ကျပေါက်သော အပင်တစ်မျိုးဖြစ်ပြီး အပင်တစ်ထောင်ပါဝင်သည့်အစည်းကို မြန်မာငွေကျပ် ၃၆၀၀ ခန့်နှုန်းဖြင့် ရောင်းချပြီး ထိုင်းနိုင်ငံသို့ ထိုင်းဘတ်ငွေ ၁၀၀ နှုန်းဖြင့် ပို့ဆောင်လျက်ရှိသည်။ ယခုနှစ်တွင် ကုန်ချောမထုတ်သောကြောင့် နိုင်ငံခြားငွေရှာပေးသော ရာသီပေါ်တံမြက်စည်းလုပ်ငန်းကြောင့် ဒေသခံပြည်သူများ၏ ဝမ်းရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုကြောင်း အမှတ်(၃)ရပ်ကွက်နေ ဒေသခံတစ်ဦးက ပြောသည်။

တံမြက်စည်းအလုပ်ရုံရှင်တစ်ဦးက "အများစုကတော့ ခမောက်ကြီးမြို့နယ်နဲ့ အနီးတစ်ဝိုက်ကထွက်ရှိတဲ့ (ဂျူပင်)တံမြက်စည်းတွေကို လာသွင်းတာများပါတယ်။ ရုံတွေက ကုန်ကြမ်းတွေကို တစ်ပင်တစ်ကျပ်နှုန်းနဲ့၊ အပင်သေးဆိုရင် တစ်ပင်ပြား ၈၀ အထိနှုန်းနဲ့ သတ်မှတ်ဝယ်ယူကြပါတယ်"ဟု ပြောသည်။

တံမြက်စည်းပင်များသည် ယခုနှစ်တွင် ခမောက်ကြီးမြို့နယ်အတွင်းရှိ ရော်ဘာခြံများအတွင်းနှင့် တောင်ကမ်းပါးယံများ၌ အများအပြား အလေ့ကျပေါက်ရောက်ပြီး သီးခြားစိုက်ပျိုးရန်မလိုသဖြင့် ဒေသခံများအနေဖြင့် ငွေအရင်းအနှီးစိုက်ထုတ်စရာမလိုသော လုပ်ငန်းတစ်ခု ဖြစ်သည်။ သို့ရာတွင် တံမြက်စည်းရရှိရန်အတွက် တောနင်းပြီးရှာဖွေကာ ချိုးယူရသည့်အတွက် အလွန်ပင်ပန်းသည်။ ရရှိလာသည့်အပင်များကို နေပူလှမ်းကာ တံမြက်စည်းတွင်ကပ်ငြိနေသည့်အပွင့်များကို ကြွေအောင်ရိုက်ခြွေပြီးမှ တင်ပို့ရောင်းချနိုင်ကြောင်း သိရသည်။

ယခုနှစ်တွင် ခမောက်ကြီးမြို့နယ်အတွင်း၌ တံမြက်စည်းလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်လာသူများပြားလာကြောင်းလည်း အမှတ်(၃)ရပ်ကွက်မှ တံမြက်စည်းလုပ်ငန်းလုပ်ကိုင်သူ ဦးသန်းဝင်းက ပြောသည်။ အဆိုပါ တံမြက်စည်းပင်ကို ထားဝယ်အခေါ်ဖြင့် လှဲပင်ဟုခေါ်ကာ အထက်အညာဒေသများတွင် ဂျူပင်ဟု ခေါ်ကြကြောင်း၊ အများအားဖြင့် တံမြက်စည်းပင်ဟုခေါ်ကြကြောင်း သိရသည်။

**မောင်မောင်(ပြန်/ဆက်)**



# မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ ITPEC စာမေးပွဲကျင်းပမည်

**ရန်ကုန် မတ် ၁၁**

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်က ကြီးမှူး၍ Information Technology Professionals Examination Council(ITPEC)အသိအမှတ်ပြု နည်းပညာစာမေးပွဲများကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကျင်းပမည့်စာမေးပွဲများမှာ Information Technology Passport(IT Passport)၊ Fundamental Information Technology Engineer(FE) နှင့် Applied Information Technology Engineer(AP) စာမေးပွဲများဖြစ်သည်။

IT Passport စာမေးပွဲသည် နည်းပညာဆိုင်ရာ အခြေခံဗဟုသုတများရှိပြီး နည်းပညာနှင့်သက်ဆိုင်သော လုပ်ငန်းနယ်ပယ်များတွင် လုပ်ကိုင်နေသူများအတွက်လည်းကောင်း၊ FE စာမေးပွဲသည် နည်းပညာဆိုင်ရာ အခြေခံကျွမ်းကျင်ကာ Programmer နှင့် Program ဒီဇိုင်းရေးဆွဲသူအဖြစ် လုပ်ကိုင်နေသူများ၊ ဆော့ဖ်ဝဲနည်းပညာ နယ်ပယ်တွင် လုပ်ကိုင်နေသူများအတွက်လည်းကောင်း၊ AP စာမေးပွဲသည် အိုင်တီနည်းပညာ ဗဟုသုတများနှင့် ကျွမ်းကျင်မှုများကို လက်တွေ့နယ်ပယ် တွင် အသုံးချနိုင်သူများ၊ နည်းပညာဆိုင်ရာ နယ်ပယ်တွင် အဆင့်မြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်လိုသူများအတွက်လည်းကောင်း၊ ကျွမ်းကျင်မှုအသိအမှတ်ပြု အောင်လက်မှတ်ရရှိစေမည့် စာမေးပွဲများဖြစ်ကြောင်း သိရသည်။

စာမေးပွဲများသို့ ကွန်ပျူတာတက္ကသိုလ် ကျောင်းသား ကျောင်းသူများ၊ နည်းပညာတက္ကသိုလ် ကျောင်းသား ကျောင်းသူများ၊ ကွန်ပျူတာပညာရှင်အသင်းဝင်များနှင့် နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ် ရရှိလိုသူများ မည်သူမဆို ဝင်ရောက်ဖြေဆိုနိုင်ကြောင်း သိရသည်။ စာမေးပွဲများကို ဧပြီ ၂၄ ရက်တွင် ရန်ကုန်မြို့ MICT Park ၌ကျင်းပစစ်ဆေးမည်ဖြစ်ပြီး IT Passport စာမေးပွဲအတွက် စာမေးပွဲကြေးမှာ ကျပ်နှစ်သောင်းနှင့် FE စာမေးပွဲအတွက် စာမေးပွဲကြေးမှာ ကျပ်သုံးသောင်း ဖြစ်သည်။ စာမေးပွဲဖြေဆိုရန်အတွက် ဧပြီ ၉ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်ပြီး အသေးစိတ်အချက်များကို မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဖုန်း-၀၁-၆၅၂၃၀၇ နှင့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း(MCPA) ဖုန်း-၀၁-၆၅၂၂၇၆ တွင် စုံစမ်းနိုင်သည်။

အဆိုပါ စာမေးပွဲများမှ FE စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုလိုသူများ အထောက်အကူဖြစ်ရန်နှင့် ဖြေဆိုသူတိုးလာရေးအတွက် စာမေးပွဲအထောက်အကူပြု သင်တန်းကိုလည်း မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်က မတ် ၅ ရက်မှ စ၍ MICT Park အဆောင်(၁၄)ရှိ ကနောင်ဟပ်ဘ်၌ ဖွင့်လှစ်သင်ကြားလျက်ရှိပြီး ဧပြီ ၃ ရက်အထိ အပတ်စဉ် စနေ၊ တနင်္ဂနွေ ၁၀ ရက်ကြာ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။



၂၀၁၅ အောက်တိုဘာလက ကျင်းပသော စာမေးပွဲတွင် ဖြေဆိုနေသူများ။

**သတင်း-သူရဖြိုး၊ "ဓာတ်ပုံ-MCPA**

## New Product

## ဆမ်ဆောင်း၏ မော်ဒယ်အမြင့်ဆုံး Galaxy S7 နှင့် Galaxy S7 edge ဖုန်းသစ်များ

Samsung Galaxy S7 နှင့် Galaxy S7 edge ဖုန်းများသည် ဆမ်ဆောင်းမှ အသစ်ထွက်သည့် စမတ်ဖုန်းမော်ဒယ်သစ်များ ဖြစ်ပြီး လက်ရှိထွက်ထားသည့် မော်ဒယ်အမြင့်ဆုံးဖုန်းများဖြစ်သည့် S6 နှင့် S6 edge များကို လုပ်ဆောင်ချက်သစ်များတိုး၍ အဆင့်မြှင့်တင်ထားသော ဖုန်းများဖြစ်သည်။ နိုင်ငံတကာဈေးကွက်တွင် ဖေဖော်ဝါရီလလယ်ပိုင်းက စတင်မိတ်ဆက်ပြီး ပြည်တွင်းဈေးကွက်၌ မတ် ၂၀ ရက်တွင် စတင်ရောင်းချမည်ဖြစ်သည်။

Galaxy S7 သည် မျက်နှာပြင်အကျယ် ၅ ဒသမ ၁ လက်မရှိပြီး Super AMOLED မျက်နှာပြင်ကို အသုံးပြုထားကာ Resolution မှာ 1440 x 2560 pixels အထိ ရှိသည်။ မျက်နှာပြင်ကို Corning Gorilla Glass 4 ဖြင့် ကာကွယ်ထားသည်။ ဂျီအက်စ်အမ်ဆင်းကတ်နှစ်ကတ် ထည့်သွင်းအသုံးပြုနိုင်ပြီး အင်တာနက် အသုံးပြုမှုအတွက် 4G(LTE)ကို ထောက်ပံ့ပေးနိုင်သည်။

အန်းဒရွိုက်ဗားရှင်း အနေဖြင့် နောက်ဆုံးထွက်ဖြစ်သည့် 6.0(Marshmallow)ကို အသုံးပြုထားသည်။ Octa core 2.3 Ghz CPU တွင် ထပ်အဆင့်မြှင့်တင်ထားသည့် CPU ကို အသုံးပြုထားကာ RAM 4GB နှင့် မင်မိုရီမှာ 32GB နှင့် 64 GB ဖြစ်သည်။ ထူးခြားချက်မှာ SD ကတ် ထပ်စိုက်အသုံးပြုလိုပါက 200GB အထိ ထပ်တိုး၍သုံးနိုင်အောင် ထောက်ပံ့ပေးထားခြင်းဖြစ်သည်။



ကင်မရာပိုင်းအနေဖြင့် ၅မဂ္ဂါပစ်ဇယ်ရှိ ရှေ့ကင်မရာနှင့် ၁၂ မဂ္ဂါပစ်ဇယ်ရှိ နောက်ကင်မရာများကို အဆင့်မြင့် လုပ်ဆောင်ချက်များစွာဖြင့် ပေါင်းထည့်ပေးထား၍ မှတ်တမ်းဓာတ်ပုံနှင့် ဗွီဒီယိုများရိုက်ခြင်း၊ ဆယ်လ်ဖီရိုက်ခြင်းများအတွက် စိတ်တိုင်းကျစေမည်ဖြစ်သည်။ ဘက်ထရီမှာ 3000 mAh ဖြစ်သည်။

Galaxy S7 edge သည် မျက်နှာပြင်အကျယ် ၅ ဒသမ ၅ လက်မရှိပြီး အနားစွန်းများသည် ယခင်ထွက်ခဲ့သော S6 Edge ကဲ့သို့ ကွေးနေသည်မှလွဲ၍ လုပ်ဆောင်ချက်အများစုနှင့် ဟာ့ဒ်ဝဲများမှာ Galaxy S7 နှင့် တူသည်။ ဘက်ထရီပိုင်းတွင် 3600 mAh ဘက်ထရီကို အသုံးပြုထားသည်။

ဆမ်ဆောင်း Galaxy S7 နှင့် S7 Edge များတွင် ယခင်က ထွက်ခဲ့သော S6 နှင့် S6 Edge တို့မှ အားနည်းချက်အချို့ကို ပြုပြင်ထားသလို လုပ်ဆောင်ချက်သစ်များစွာကိုလည်း ထည့်သွင်းထားသည်ကိုလည်း တွေ့ရသည်။ S6 တွင် ခုံးထွက်နေသော ကင်မရာကို ပို၍ကျစ်လျစ်စေရန် ပြောင်းလဲထားခြင်းကဲ့သို့ အသေးစိတ်ပြုပြင်မှုများအပြင် ဖုန်နှင့် ရေဒဏ်များကို ကာကွယ်နိုင်သည့် စနစ်များ၊ လျင်မြန်စွာ အားသွင်းနိုင်မည့် ကြိုးမဲ့အားသွင်းစနစ်၊ ပရော်ဖက်ရှင်နယ် ကင်မရာများတွင်သာ ပါဝင်သည့် Dual Pixel Camera နည်းပညာနှင့် မြင်ကွင်းကျယ်ရိုက်ကူးရာတွင် လှုပ်ရှားမှုများကို ပါအောင်ရိုက်နိုင်မည့် Motion Panorama၊ ဂိမ်းများကို ဆော့ချိန်တွင် ဖုန်းဘက်ထရီပူလာခြင်းမှ ကာကွယ်နိုင်သည့် စနစ်များ၊ ဂိမ်းဆော့သူများအတွက် အထောက်အကူပြုမည့် Game Launcher၊ ဆမ်ဆောင်း၏ အခြားထုတ်ကုန်များဖြစ်သော Gear စမတ်နာရီနှင့် Samsung VR များနှင့်ချိတ်ဆက်နိုင်မည့် စနစ်များ စသည်ဖြင့် အဆင့်မြှင့်တင်မှုများ ပါဝင်သည်။

ဆမ်ဆောင်း Galaxy S7 နှင့် S7 edge ကို ပြည်တွင်း၌ မတ် ၂၀ ရက်တွင် ပရိုမိုးရှင်းအစီအစဉ်များဖြင့် စတင်ရောင်းချမည်ဖြစ်ပြီး လက်ရှိအချိန်တွင် အကြိုမှာယူမှုကို လက်ခံနေပြီဖြစ်ကာ S7 edge ရောင်းဈေးမှာ ကျပ်ကိုးသိန်းဖြစ်သည်။**သူရဖြိုး**



## နှစ်ကုန်တွင် အူရီဒူးကွန်ရက် ၉၀ ရာခိုင်နှုန်းအထိ လွှမ်းခြုံနိုင်မည်

**ရန်ကုန် မတ် ၁၁**

မိုဘိုင်းအော်ပရေတာတစ်ခု ဖြစ်သော အူရီဒူးအနေဖြင့် ပြည်တွင်း၌ ဝန်ဆောင်မှုပေးနေသော မိုဘိုင်းကွန်ရက်ကို ၂၀၁၆ ခုနှစ်အကုန်တွင် နိုင်ငံလူဦးရေ၏ ၉၀ ရာခိုင်နှုန်းအထိ လွှမ်းခြုံပေးနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ မတ် ၈ ရက်က ပြုလုပ်သည့် အူရီဒူး၏ တောက်ပကောင်းမွန်တဲ့ အနာဂတ်ဆီသို့ အစီအစဉ်သစ် မိတ်ဆက်ပွဲတွင် အူရီဒူး၏ အမှုဆောင်အရာရှိချုပ် Mr. Rene Meza က "လက်ရှိမှာ အူရီဒူးရဲ့ကွန်ရက်က မြန်မာလူဦးရေ ၈၀ ရာခိုင်နှုန်းအထိ လွှမ်းခြုံပေးထားပြီး ၂၀၁၆ အကုန်ပိုင်းမှာ ၉၀ ရာခိုင်နှုန်းလောက်အထိ ပေးသွားနိုင်မှာပါ၊ မြန်မာနိုင်ငံမှာ ၂၀၁၆ ဖေဖော်ဝါရီလအထိ တာဝါတိုင်ပေါင်း ၃၃၉၅ ခုအထိ စိုက်ထူပြီးစီးပြီး ၂၀၁၆ အကုန်မှာ 3G တာဝါတိုင်ပေါင်း ၄၅၀၀ အထိ စိုက်ထူသွားမှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

**သူရဖြိုး**


ZIZAWA HEALTHCARE
ဝန်ထမ်းအလိုရှိသည်။
(ပြည်တွင်း၌သာခန့်ထားရန်)

A leading healthcare company distributing Pharmaceuticals, Medical Equipments and Devices is looking for the following candidates . Submit a professional resume to the following address not later than March 31, 2016.

Pharmaceutical Division (Yangon/ Mandalay)
(1) Supervisor (Medical Sales Promotion Team) M/F (2)
Minimum 3 Year Experience in the respective field
(2) Medical Sales Representative M/F (5)
Any Graduate (Knowledge in Pharmaceuticals will be a plus)
(3) Driver M (6)
Should be able to work overtime

Medical Equipment & Device Division (Yangon/ Mandalay)
(1) Sales Executive M/F (3)
M.B.B.S, B.D.S, B.V.S, B.N.Sc, B.Med.Tech
(2) Product Specialist M/F (3)
B.Med.Tech (Radiology) / (Physiotherapy) / (Laboratory)

Zizawa Healthcare
218, Bogyoke Aung San Road,
Botahtaung Township, Yangon
Email : zizawahr@gmail.com

Remark : Only Short-listed candidate will be contacted.






**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4J-9173 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## ရေနံချေးများလွတ်လပ်စွာဝယ်ယူနိုင်ကြောင်းကြေညာခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်(၂)ရေနံချက်စက်ရုံ (ချောက်)မှထုတ်လုပ်သော ရေနံချေးများကို တစ်ဂါလန်လျှင် ကျပ် ၂၀၀၀/ (ကျပ်နှစ်ထောင်တိတိ)နှုန်းဖြင့် ရေနံချေး အသုံးပြုလိုသူများအား လွတ်လပ်စွာ ဖြန့်ဖြူးရောင်းချမည်ဖြစ်သဖြင့် စက်ရုံသို့ တိုက်ရိုက်ဆက်သွယ် ငွေပေးသွင်းဝယ်ယူနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၄၁၁၀၉၃ သို့ နေ့စဉ်ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ် ၄၆၊ နေပြည်တော်လက်အောက်ရှိ စာရင်းအင်း ဌာနခွဲနှင့် ရန်ကုန်/မန္တလေးမြို့များရှိ အောင်ဘာလေသိန်းဆုဌာနခွဲတို့တွင် အသုံးပြုသည့် အခွန်အမှတ်တံဆိပ်များ၊ တံဆိပ်ခေါင်းများနှင့် ထီစာအုပ်များအား ချောက်မြို့နယ်ရှိ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းများစက်ရုံ(ဝါဇီ)မှ သယ်ယူရန်အတွက် (မြန်မာကျပ်ငွေ)ဖြင့် မော်တော်ယာဉ်များ ငှားရမ်းလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | |
|---|---|
| **တင်ဒါတင်သွင်းရမည့်ရက်** | - ၁၈-၃-၂၀၁၆ ရက် |
| **တင်ဒါတင်သွင်းရမည့်အချိန်** | - ၁၀း၀၀နာရီ |
| **တင်ဒါတင်သွင်းရမည့်နေရာ** | - ရုံးအမှတ် ၄၆၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော် |
| **တင်ဒါစိစစ်ရွေးချယ်မည့်ရက်** | - ၂၅-၃-၂၀၁၆ ရက် |
| **တင်ဒါစိစစ်ရွေးချယ်မည့်အချိန်** | - ၁၀း၀၀နာရီ |
| **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** | - ရုံးအမှတ်၄၆၊ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော် |

အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်၄၆၊ နေပြည်တော်တွင် ၁၄-၃-၂၀၁၆ ရက်မှစ၍ ရုံးအချိန်အတွင်းရယူနိုင်ပါသည်။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များ သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**
**ဖုန်း-၀၁-၂၄၉၂၇၂၊ အောင်ဘာလေသိန်းဆုဌာနခွဲ(ရန်ကုန်)**
**ဖုန်း-၀၆၇-၄၃၀၀၂၇၊ စာရင်းအင်းဌာနခွဲ၊ နေပြည်တော်**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ကံမမြို့နယ်တရားရုံး**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၂**

ဦးမြင့်ကြိုင် **နှင့်** ၁။ ဦးစန်းလွင်
၂။ ဒေါ်အေးအေးခိုင်
၃။ ဦးတင်ထွဋ်
၄။ ဒေါ်နီနီစိုး

**တရားလို** **တရားပြိုင်များ**

တရားပြိုင် ဦးစန်းလွင်၊ ဒေါ်အေးအေးခိုင် ပြည်တော်သာရောင်းဝယ်ရေး၊ အမှတ် ၁၂၉၊ ကမ်းနားလမ်း၊ ကျောင်းကြီးအိုးတန်းရပ်၊ ပြည်မြို့(ယခု)ကျောက်ပြုတ်ကျေးရွာ၊ ကံမမြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုဦးမြင့်ကြိုင်က အပ်နှံထားသော ပဲအမျိုးမျိုး၏ ကာလတန်ဖိုးအတိုင်းရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေ ဖြစ်စေ၊သို့တည်းမဟုတ် ၎င်းအမှုနှင့်သက်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် မတ် ၂၅ ရက် (၁၃၇၇ခုနှစ် တပေါင်းလပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ အထက်အမည်ရေးသားပါရှိသူများ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာစေရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် မတ် ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးလိုက်သည်။

**(ခင်မြတ်ဇင်)**
**မြို့နယ်တရားသူကြီး**
**ကံမမြို့နယ်တရားရုံး**

### ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
## အကြောင်းကြားစာ
**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၂၂၃ နှင့်ဆက်နွှယ်သည့်**
**၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်-၁၃၂**

ဒေါ်တင်ဆွေဦး **နှင့်** ဒေါ်ခင်သီသီ
**တရားနိုင်** **တရားရှုံး**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ၃လမ်း၊ အမှတ် ၃နေ တရားရှုံး ဒေါ်ခင်သီသီ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၂၂၃တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်တင်ဆွေဦးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၆ခုနှစ် မတ်၂၉ ရက် (၁၃၇၇ခုနှစ် တပေါင်းလပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၁၆ခုနှစ် မတ် ၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးကိုကို)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

### မြန်မာနိုင်ငံ ချည်မျှင်နှင့် အထည်လုပ်ငန်းရှင်များအသင်းဖွဲ့စည်းနိုင်ရေးအတွက်
## အသင်းသားများဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံ၏အမျိုးသား ပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းမှ ဦးဆောင်၍ မြန်မာနိုင်ငံ ချည်မျှင်နှင့်အထည်လုပ်ငန်းရှင်များအသင်း (Myanmar Textile Manufactures' Association-MTMA)အား မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ ချည်မျှင်နှင့်အထည်လုပ်ငန်းရှင်များအားလုံး ကျယ်ကျယ်ပြန့်ပြန့်ပါဝင်၍ ဖွဲ့စည်းဆောင်ရွက်လိုပါသဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ စိတ်ပါဝင်စားသူ ချည်မျှင်နှင့်အထည်လုပ်ငန်းရှင်များသည် အောက်ဖော်ပြပါ လုပ်ငန်းရုံးချုပ်နှင့် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးတို့ရှိ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနရုံးများတွင် အသင်းသားပုံစံများလာရောက်ထုတ်ယူပြီး ၃၁-၃-၂၀၁၆ရက် ၁၆း၀၀နာရီအရောက် ဖော်ပြပါရုံးများသို့ ပြန်လည်ပေးပို့ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| (၁) | အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း ရုံးအမှတ်(၃၇)၊ နေပြည်တော် | စီမံရေးဌာန | ၀၆၇-၄၀၈၁၈၅၊၄၀၈၃၃၈ |
| (၂) | နေပြည်တော်ကောင်စီရုံး | ဦးစီးဌာနမှူး | ၀၆၇-၅၅၀၁၇၈၊၅၅၀၁၇၉ |
| (၃) | ရန်ကုန်တိုင်းဒေသကြီး၊တိုင်းရုံး | ဦးစီးဌာနမှူး | ၀၁-၅၅၇၄၁၆ |
| (၄) | မန္တလေးတိုင်းဒေသကြီး၊တိုင်းရုံး | ဦးစီးဌာနမှူး | ၀၂-၃၉၁၃၃၊ ၆၃၁၁၉ |
| (၅) | စစ်ကိုင်းတိုင်းဒေသကြီး၊တိုင်းရုံး | ဦးစီးဌာနမှူး | ၀၇၁-၂၃၂၀၄၊၂၆၅၀၆ |
| (၆) | မကွေးတိုင်းဒေသကြီး၊တိုင်းရုံး | ဦးစီးဌာနမှူး | ၀၆၃-၂၇၄၃၃၊ ၂၃၃၉၅ |
| (၇) | ပဲခူးတိုင်းဒေသကြီး၊ တိုင်းရုံး | ဦးစီးဌာနမှူး | ၀၅၂-၂၂၃၀၃၂၅၊၂၂၃၀၈၅၂ |
| (၈) | ဧရာဝတီတိုင်းဒေသကြီး၊တိုင်းရုံး | ဦးစီးဌာနမှူး | ၀၄၂-၂၉၁၃၈၊ ၂၉၀၉၀ |
| (၉) | တနင်္သာရီတိုင်းဒေသကြီး၊တိုင်းရုံး | ဦးစီးဌာနမှူး | ၀၅၉-၂၄၀၁၉၊ ၂၀၁၄၆ |
| (၁၀) | ကချင်ပြည်နယ်ရုံး | ဦးစီးဌာနမှူး | ၀၇၄-၂၉၃၈၆၊ ၂၂၄၁၅ |
| (၁၁) | ကယားပြည်နယ်ရုံး | ဦးစီးဌာနမှူး | ၀၈၃-၂၁၀၉၁၊ ၂၁၀၂၅ |
| (၁၂) | ကရင်ပြည်နယ်ရုံး | ဦးစီးဌာနမှူး | ၀၅၈-၂၁၁၄၀၊ ၂၄၄၃၉ |
| (၁၃) | ချင်းပြည်နယ်ရုံး | ဦးစီးဌာနမှူး | ၀၇၀-၂၂၅၅၉၊ ၂၁၀၇၄ |
| (၁၄) | မွန်ပြည်နယ်ရုံး | ဦးစီးဌာနမှူး | ၀၅၇-၂၇၀၄၁၊ ၂၁၂၀၂ |
| (၁၅) | ရခိုင်ပြည်နယ်ရုံး | ဦးစီးဌာနမှူး | ၀၄၃-၂၃၇၉၃၊ ၂၃၇၄၂ |
| (၁၆) | ရှမ်းပြည်နယ်ရုံး | ဦးစီးဌာနမှူး | ၀၈၁-၂၁၂၅၄၉၁၊၂၁၂၅၄၉၀ |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9H-5628 Toyota Passo ZNC 10 Hatch Back (4x2) ® ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇာနည်ဝင်း ၁၂/ကမတ(နိုင်)၀၀၀၁၄၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မင်္ဂလာဒုံမြို့နယ်တရားရုံးတော်၌**
**၂၀၁၆ခုနှစ် တရားမကြီးအမှုအမှတ်-၁၃**

ဦးဆုံဟိန်း(ခ)ဦးကျော်မင်း **နှင့်** ဒေါ်စိန်လှိုင်
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ ရွှေညောင်ပင် တောင်ပိုင်းရပ်ကွက်၊ အမှတ် ၂၅နေ ဒေါ်စိန်လှိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြေကွက်အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် မတ် ၁၈ရက် (၁၃၇၇ခုနှစ် တပေါင်းလဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် မတ် ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန်းဇင်မင်းထက်)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**မင်္ဂလာဒုံမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မတ္တရာမြို့နယ်တရားရုံး**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၁၈**

ဒေါ်ကြည်မြ **နှင့်** မစန်းစန်းမော်
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ကြားရွာတွင်နေထိုင်သော မစန်းစန်းမော် (ဘ)ဦးမောင်ကို (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက စပါးဖိုးငွေ ၂၄၃၈၀၀၀/- (ကျပ်နှစ်ဆယ့်လေးသိန်း သုံးသောင်းရှစ်ထောင်)တိတိအား ရလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်ကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၆ ခုနှစ် မတ် ၂၁ ရက် (၁၃၇၇ခုနှစ် တပေါင်းလဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် ရုံးချိန်းမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် မတ် ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

**(မွန်ရည်သျှန်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မတ္တရာမြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

အထက(၆)စစ်တွေ အဌမတန်းမှ မောင်ရဲရင့်လင်း၏ ဖခင်အမည်မှန်မှာ ဦးမောင်သန်းလှိုင် ၁၁/စတန(နိုင်) ၁၃၂၄၄၅ ဖြစ်ပါကြောင်း။

**ဦးမောင်သန်းလှိုင်**

## ဖခင်အမည်မှန်

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၊ မိုင်းကောင် (အထက) နဝမတန်းမှ မမာထ၏ ဖခင်အမည်မှန်မှာ ဦးကျစော ၁၃/တယန(နိုင်)၀၃၈၄၃၄ ဖြစ်ပါကြောင်း။ **ဦးကျစော**

## မွေးသက္ကရာဇ်အမှန်

မြောက်ဦးမြို့နယ်၊ သံချောင်းသစ်ကျေးရွာနေ ဦးသိန်းအေးမောင်၏သမီး မခိုင်ဇာဦး၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်အရ ၈-၁၂-၁၉၉၄ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

မြောက်ဦးမြို့နယ်၊ သံချောင်းသစ်ကျေးရွာနေ ဦးကျော်မောင်၏သမီး မခိုင်နွယ်ဦး၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်အရ ၉-၆-၁၉၉၄ ဖြစ်ပါကြောင်း။

## ရောင်းချရန်ကြော်ငြာစာ
**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်**
**၂၀၁၄ ခုနှစ် ဇာရီမှုအမှတ်-၃၆**

ဦးကျော်တေဇ **နှင့်** ဦးသန့်ဇင်ဦး
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ် ၂၁၉/၂၀၁၁ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၁၆ ခုနှစ် ဧပြီ ၂၈ ရက် နံနက် ၁၀း၀၀နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ နီလာလမ်းပေါ်ရှိ ဧရိယာ ပေ(၂၀×၆၀)ရှိ ပါမစ်မြေကွက်နှင့် မြေပေါ်ရှိ အမှတ်၂၂ ဟုခေါ်တွင်သော အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်များအားလုံး။

**ကြမ်းခင်းဈေး ကျပ်သိန်း ၂၀၀။**
**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခု ပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန် ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၁၆ခုနှစ် မတ် ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

**(ဒေါ်မြင့်ဝ့ါ)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိ မြောက်ရပ်၊ မြေကွက်အမှတ်(ဥ-၆၃၆၃)၊ ဧရိယာ ၀ဒသမ၁၄၆ဧက၊ ဒေါ်စန္ဒာကျော် အမည်ပေါက်နှစ်(၃၀)အငှားဂရန်မြေကွက်အား ဒေါ်အိအိမျိုးကျော် ၁၂/လမန(နိုင်) ၁၃၀၀၇၃(ဘ)ဦးမျိုးကျော်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများ တင်ပြပြီး မြေငှားဂရန်စာချုပ်အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ ဇဝနဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၁၄၇၆)၊ ဧရိယာ ၀ဒသမ၁၄၆ဧက ဦးမျိုးသော် အမည်ပေါက် နှစ်(၃၀) အငှားဂရန်မြေကွက်ကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် ၁၆၉၉(၁၆-၂-၂၀၁၆) ဖြင့် ဦးမျိုးသော်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးဝင်းထက်မော် ၉/ပမန(နိုင်)၁၄၄၈၇၈(ဘ)ဦးဂျွန်ဘမော်မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/ရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## လက်ထပ်ပြီးစီးခြင်းကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးသန်းလွင်-ဒေါ်အေးမြင့်(ကုန်သွယ်/လယ်ယာ-ငြိမ်း)တို့၏သား
မစံပယ်လွင်(Aye Chan Yeik Wook Saw Milling Industry)တို့၏မောင်

**မောင်ဖြိုးသက်အောင်**

**နှင့်**

မိုးကုတ်မြို့၊ အနောက်ပိုင်းကျပ်ပြင်ဈေးရပ်နှင့် ရန်ကုန်မြို့၊ စော်ဘွားကြီးကုန်းနေ
ဦးအောင်နိုင်-ဒေါ်မြင့်မြင့်သိန်းတို့၏ သမီးကြီး

**မစမ်းသီဂီအောင်**

တို့သည် ၂၁-၂-၂၀၁၆ရက်(တနင်္ဂနွေနေ့)တွင် Novotel Hotel ၌လက်ထပ်ကျင်းပပြီးစီးပါကြောင်းနှင့် မင်္ဂလာစံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဦးမြင့်ဆွေ(ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့)ဇနီး ဒေါ်ခင်သက်ဌေးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ဦးခင်မောင်ပြုံး(ဘဏ္ဍာရေးမှူး) မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး၊ မြန်မာနိုင်ငံဆောက်လုပ်ရေး လုပ်ငန်းရှင်များကုမ္ပဏီ(NDCG)၊ ဥက္ကဋ္ဌ သထုံမြို့နယ်အသင်း(ရန်ကုန်)နှင့်ဇနီး ဒေါ်လှလှအေး (Director) ဟိုတယ်ဂလိုရီတို့အားလည်းကောင်း၊ မေတ္တာဖြင့်မင်္ဂလာလက်ဖွဲ့ပို့ပေးပါသောဒုတိယဗိုလ်ချုပ်ကြီးတင်လှ(ငြိမ်း)၊ ပါမောက္ခဒေါက်တာမြဦး ဇနီးတို့အားလည်းကောင်း၊ ကိုယ်တိုင်တက်ရောက်ချီးမြှင့်ပေးပါသော ဦးသောင်းတင် သစ်တောညွှန်မှူး(ငြိမ်း)ဇနီးတို့အားလည်းကောင်း၊ အခမ်းနားမှူးအဖြစ် ကူညီပေးပါသော ဦးကျော်စိုးဦးအားလည်းကောင်း Cupid အဖွဲ့နှင့် ပန်းအလှဆင်ပေးခြင်း၊ မှတ်တမ်းတင်ဗီဒီယိုရိုက်ကူးပေးခြင်း မင်္ဂလာဝတ်စုံချုပ်လုပ်ပေးပါသော Aroma (Zu Zu Collection) အဖွဲ့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသောမနှင်းပွင့်ဝတ်ရည်အောင်၊ မင်္ဂလာဖန်းကိုင်ပေးပါသောမမြသက်ကြူ၊ မင်္ဂလာလက်စွပ်ဖန်းကိုင်ပေးပါသော မစုသဲအေးအောင်၊ မင်္ဂလာသတို့သားအရံများဖြစ်သော မောင်ဝင်းမြတ်ထွန်း၊ မောင်ဖြိုးကိုကို မင်္ဂလာသတို့သမီးအရံများဖြစ်သော မခင်ဆုမြတ်ဝင်း၊ မကြူသဇင်စိုးတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟတို့အားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ဖြိုးသက်အောင်-မစမ်းသီဂီအောင်**


## ရွှေအလင်းရောင်(မျက်စိ)ဖောင်ဒေးရှင်း၏ ၂၀၁၆ခုနှစ်အတွက် ရန်ပုံငွေပြက္ခဒိန်ဝယ်ယူလှူဒါန်းသူများ၏ မေတ္တာလက်ဆောင်(ကံစမ်းမဲ)ပေါက်မဲစာရင်း

ရွှေအလင်းရောင်(မျက်စိ)ဖောင်ဒေးရှင်း၏ ၂၀၁၆ခုနှစ်အတွက် ထုတ်ဝေသော ရန်ပုံငွေပြက္ခဒိန်ဝယ်ယူလှူဒါန်းသူများအတွက် မေတ္တာလက်ဆောင် (ကံစမ်းမဲ)လက်မှတ်အား ၅-၃-၂၀၁၆ရက် (စနေနေ့)တွင် ရွှေအလင်းရောင်(မျက်စိ)ဖောင်ဒေးရှင်း ရုံးခန်းတွင် ဖောင်ဒေးရှင်းအစီအစဉ်ဖြင့် အောင်မြင်စွာဖွင့်လှစ်ပြီးဖြစ်ပါသဖြင့် လှူဒါန်းမှုအပေါ် ကံတရား၏ တုံ့ပြန်မှုရရှိသူများအား ဖော်ပြအပ်ပါသည်။

| | | | | |
|---|---|---|---|---|
| ပထမဆု | ၂၆၈၇၄၆ | Nissan March (၁)စီး | ------ | ပဲခူး(အရှေ့)တိုင်းပညာရေး |
| ဒုတိယဆု | ၁၇၆၂၀၁ | ငါးကျပ်သားအခေါက်ရွှေ(၁)ပိုင်း | ဦးရွှေမောင် | ၀၉-၇၈၀၆၃၉၁၈၂ |
| တတိယဆု | ၁၅၃၁၅၃ | နှစ်ကျပ်သားရွှေဆွဲကြိုး(၁)ကုံး | မောင်နိုင်ဝင်းထွန်း | တောင်ကြီးတက္ကသိုလ် |
| စတုတ္ထဆု | ၂၂၂၂၉၇ | တစ်ကျပ်သားရွှေဆွဲကြိုး(၁)ကုံး | ------ | မကွေးတိုင်းပညာရေး |
| စတုတ္ထဆု | ၂၀၅၃၈၂ | တစ်ကျပ်သားရွှေဆွဲကြိုး(၁)ကုံး | ဒေါ်စုစုထွေး | မန္တလေးတိုင်းပညာရေး |
| စတုတ္ထဆု | ၁၃၉၃၃၃ | တစ်ကျပ်သားရွှေဆွဲကြိုး(၁)ကုံး | ထ(၁)ပင်လုံ | ရှမ်းတောင်ပညာရေး |
| ပဉ္စမဆု | ၂၇၇၇၆၈ | ဆိုင်ကယ်(၁)စီး | ဒေါ်ရီရီအေး | ဧရာဝတီတိုင်းပညာရေး |
| ပဉ္စမဆု | ၂၃၁၂၀၅ | ဆိုင်ကယ်(၁)စီး | ဒေါ်ခင်မာစန်း | ကရင်ပြည်နယ်ပညာရေး |
| ဆဋ္ဌမဆု | ၂၁၆၃၂၅ | ငါးမူးသားရွှေဆွဲကြိုး(၁)ကုံး | မောင်မျိုးလှိုင်ဝင်း | မော်လမြိုင်တက္ကသိုလ် |
| သတ္တမဆု | ၁၃၀၅၈၃ | Laptop | မသက်နှင်းအေး | ပြည်တက္ကသိုလ် |
| အဋ္ဌမဆု | ၁၈၅၀၉၉ | Aircon | ဒေါ်သန်းအေး | ပဲခူး(အနောက်)တိုင်းပညာရေး |
| နဝမဆု | ၂၄၂၀၇၄ | 32"TV | ------ | မွန်ပြည်နယ်ပညာရေး |
| ဒသမဆု | ၁၂၃၉၄၁ | တစ်မတ်သားရွှေဆွဲကြိုး(၁)ကုံး | ဦးဝင်းနိုင် | ကချင်ပြည်နယ်ပညာရေး |
| ဒသမဆု | ၂၆၆၃၆၃ | တစ်မတ်သားရွှေလက်စွပ်(၁)ကွင်း | ဦးဝင်းလှိုင် | ရှမ်း/မြောက်ပညာရေး |
| ဆုနံပါတ်-၁၁ | ၂၉၂၄၁၈ | (၃)ပဲသားရွှေလက်စွပ်(၁)ကွင်း | ဦးအောင်သူရ | မြန်မာ့စီးပွားရေးဦးပိုင် |
| ဆုနံပါတ်-၁၂ | ၂၄၉၇၆၉ | Handset | မဘူးမေ့ | ရှမ်း(အရှေ့)ပညာရေး |
| ဆုနံပါတ်-၁၃ | ၂၅၇၅၆၀ | ရေခဲသေတ္တာ | ------ | မအူပင်တက္ကသိုလ် |

ကျန်ဆုများ

| | | | | | | |
|---|---|---|---|---|---|---|
| 1.295060 | 2.295619 | 3.297415 | 4.155910 | 5.296548 | 6.171813 | 7.247007 |
| 8.201034 | 9.157027 | 10.281070 | 11.286082 | 12.126204 | 13.126840 | 14.122361 |
| 15.258712 | 16.165129 | 17.255605 | 18.246487 | 19.131840 | 20.266362 | 21.249725 |
| 22.169620 | 23.220130 | 24.177027 | 25.230601 | 26.211739 | 27.152427 | 28.242484 |
| 29.153241 | 30.277542 | 31.296841 | 32.248020 | 33.279209 | 34.279360 | 35.284011 |
| 36.207018 | 37.264976 | 38.204824 | 39.155113 | 40.161733 | 41.276160 | 42.145314 |
| 43.169869 | 44.286755 | 45.206403 | 46.168215 | 47.232371 | 48.168425 | 49.130763 |
| 50.164811 | 51.142090 | 52.282631 | 53.300303 | 54.300212 | 55.232871 | 56.295570 |
| 57.232759 | 58.120726 | 59.231201 | 60.223359 | 61.152180 | 62.164827 | 63.210287 |
| 64.285818 | 65.177417 | 66.206248 | 67.194486 | 68.187665 | 69.220061 | 70.127471 |
| 71.253767 | 72.136197 | 73.287113 | 74.187756 | 75.221312 | 76.227198 | 77.200337 |
| 78.265317 | 79.170434 | 80.217201 | 81.146594 | 82.267924 | 83.247596 | 84.259476 |
| 85.128206 | 86.216425 | 87.123939 | 88.209504 | 89.213166 | 90.287691 | 91.155101 |
| 92.136192 | 93.281791 | 94.220122 | 95.179924 | 96.297267 | 97.204242 | 98.296701 |
| 99.297396 | 100.201070 | | | | | |

**မှတ်ချက်။** ။မျဉ်းသားထားသောနံပါတ်များသည် ပြန်လည်ပေးပို့ခြင်းမရှိကြောင်းနှင့် ဆုမဲများအားလုံး ရုံးခန်းသို့ (၁၄-၃-၂၀၁၆)ရက်မှ (၂၄-၃-၂၀၁၆)ရက်အထိ စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ ရုံးချိန်အတွင်း ရုံးခန်းသို့ မိမိထံသိမ်းဆည်းရမည့် လက်မှတ်ဖြတ်ပိုင်း အထောက်အထားပြ၍ ထုတ်ယူပါရန် အကြောင်းကြားအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်း-၀၁-၃၉၇၆၉၀၊ ၀၉-၇၃၁၄၃၆၀၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မင်္ဂလာဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၁၈၉၈)၊ ဧရိယာ ၀ဒသမ၁၄၆ဧက ဦးပေါ်ခိုင်သန်း အမည်ပေါက် နှစ်(၃၀)အငှားဂရန်မြေကွက်ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၃၈၇(၂-၁၂-၂၀၁၅)ရက်ဖြင့် ဦးပေါ်ခိုင်သန်း၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးဝင်းထက်မော် ၉/ပမန(နိုင်)၁၄၄၈၇၈(ဘ)ဦးဌွန်ဘမော်မှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/ရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရွှေတိဂုံစေတီတော် (၂၆၀၄)နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် ကျင်းပမည်

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော် (၂၆၀၄)နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကြီးကို ၁၄-၃-၂၀၁၆ ရက်မှ ၂၃-၃-၂၀၁၆ ရက်အထိ ၁၀ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။

ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်၌ ကျင်းပမည့်အခမ်းအနားများမှာ ၁၄-၃-၂၀၁၆ ရက်နံနက် ၉း၀၀နာရီတွင် နှစ်ကျိပ်ရှစ်ဆူဘုရားများ လှည့်လည်ပွဲနှင့် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ဖွင့်ပွဲ၊ ၂၄-၃-၂၀၁၆ ရက် နံနက် ၉း၃၀နာရီမှ ၂၃-၃-၂၀၁၆ ရက် နံနက် ၉း၃၀နာရီအထိ သံဃာတော်အပါး ၁၂၀ တို့က နာရီပေါင်း ၂၁၆ နာရီတိုင်တိုင် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ခြင်း၊ ၂၂-၃-၂၀၁၆ ရက် တပေါင်းလဆန်း ၁၄ ရက် ညနေ ၁၆း၀၀နာရီတွင် ဆရာတော်၊ သံဃာတော် ၉၈ ပါးနှင့် သီလရှင် ၂၇ ပါး စုစုပေါင်း ၁၂၅ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ၂၃-၃-၂၀၁၆ ရက် (တပေါင်းလပြည့်နေ့) နံနက် ၅း၀၀နာရီတွင် ရင်ပြင်တော် ရာဟုထောင့်အောင်မြေ၌ ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းခြင်း၊ နံနက် ၉း၃၀နာရီတွင် ချမ်းသာကြီး တန်ဆောင်း၌ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှဝေခြင်းစသည်ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ရဟန်းရှင်လူပြည်သူများမှ ပါဝင်ကုသိုလ်ပြုလှူဒါန်းနိုင်ပါကြောင်း နိုးဆော်အပ်ပါသည်။

**ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့**

## မန္တလေးအသင်း(ရန်ကုန်) နှစ်ပတ်လည်စုံညီအစည်းအဝေး ဖိတ်ကြားလွှာ

မန္တလေးအသင်း(ရန်ကုန်)၏ (၃၉)ကြိမ်မြောက် အသင်းသားစုံညီအစည်းအဝေး၊ (၃၉)ကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲ၊ နိုင်ငံတော်ကချီးမြှင့်သောဘွဲ့ထူး၊ ဂုဏ်ထူးရသူများအား ဂုဏ်ပြုပွဲ၊ မန္တလေးချမ်းသာကြီးဆန်လှူအသင်းသို့ ဆွမ်းဆန်တော်ငွေလှူဒါန်းပွဲကို ၂၀၁၆ ခုနှစ် မတ်လ ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီတွင် အမှတ် ၆၂၈/၆၃၂ (ပထမထပ်)၊ (Royal Riverview Condo) ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ မန္တလေးအသင်းခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ နာယကကြီးများ၊ အမှုဆောင်များ၊ အသင်းဝင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**မှတ်ချက်။** ။ ပါရဂူဘွဲ့ရများ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရအသင်းဝင်များ၏ သားသမီးများ အထောက်အထားများဖြင့် ဆက်သွယ်စာရင်းပေးပို့ကြပါရန်ဖြစ်ပြီးစေတနာရှင် အလှူရှင်များ၊ အမှတ် ၆၂၈/၆၃၂၊ ပထမထပ်၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ မန္တလေးအသင်းတိုက်၊ ဖုန်း-၃၈၈၆၀၃/၃၇၅၅၉၄နှင့် တွဲဖက်အတွင်းရေးမှူး(၁) ဦးခင်မောင်ညွန့် ဖုန်း-၀၉-၂၅၀၁၈၁၀၃၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**အမှုဆောင်အဖွဲ့**
**မန္တလေးအသင်း(ရန်ကုန်)**

## စတုတ္ထအကြိမ်မြောက် အင်းစိန်စက်မှုလက်မှုသိပ္ပံ EGTI(CIVIL) ကျောင်းသား၊ ကျောင်းသူများ၏ အာစရိယပူဇော်ပွဲအခမ်းအနားဖိတ်ကြားခြင်း

၁၉၉၈ ခုနှစ်မှ ၂၀၀၂ ခုနှစ်အတွင်း စက်မှုလက်မှုသိပ္ပံ အင်းစိန် EGTI (Civil) တွင် ပညာသင်ကြားပေးခဲ့ကြသော ကျေးဇူးရှင်ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ရန်အတွက် စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကြီးကို ၃-၄-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် (၈း၀၀)နာရီမှ (၁၂း၀၀)နာရီအထိ အင်းစိန် GTI ကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျေးဇူးရှင်ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူအားလုံးတို့ မပျက်မကွက် ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျောင်းသား၊ ကျောင်းသူအားလုံး စေတနာသဒ္ဓါတို့ဖြင့် အောက်ပါအလှူငွေ ကောက်ခံသူများထံတွင် အမြန်ဆုံးဆက်သွယ်လှူဒါန်းကြပါရန် နိုးဆော်အပ်ပါသည်ခင်ဗျား။

ဆက်သွယ်ရန်

| | | | |
|---|---|---|---|
| ဦးတင်ထွန်းဇော် | ဖုန်း ၀၉-၄၃၀၃၉၈၁၆ | ဦးစိုးဝင်း | ဖုန်း ၀၉-၅၀၈၄၉၁၃ |
| ဒေါက်တာ နွယ်နီမြင့် | ဖုန်း ၀၉-၅၁၇၇၀၄၂ | ဦးသာအေး | ဖုန်း ၀၉-၄၉၃၁၀၈၃၆ |
| ဒေါ်ဝါဝါ | ဖုန်း ၀၉-၇၃၀၇၅၉၃၅ | ဒေါ်တင်တင်ထွေး | ဖုန်း ၀၉-၇၃၀၃၅၂၅၂ |

## ယဉ်ကျေးလိမ္မာ(၃)ညအိပ်(၃)ရက်လူငယ် အထူးတရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်ရှိ ထေရီဓမ္မရိပ်သာကြီးအတွင်း၌ ၂၆-၃-၂၀၁၆ရက် မှ ၂၈-၃-၂၀၁၆ရက်အထိ(၃)ညအိပ်(၃)ရက် ပဋ္ဌိစ္စသမုပ္ပါဒ်သင်တန်းနှင့် လူငယ်အထူးတရားစခန်းပွဲကြီးကို ကျင်းပဖွင့်လှစ်သွားမည်ဖြစ်ပါ၍ (၈)တန်းမှ ဘွဲ့ရအထိ မည်သူမဆို ကြိုတင်စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း နိုးဆော်ဖိတ်ကြားအပ်ပါသည်။

**အကျိုးတော်ဆောင်အဖွဲ့**
**စုပေါင်းရုံးမှတ်တိုင်အနီး မှော်ဘီမြို့**
**ဖုန်း-၀၉-၅၄၀၄၃၉၄၊ ၀၉-၇၉၅၅၃၀၆၂၃**

## မဟာသင်္ကြန်အထူးဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ ဇေယျာနန္ဒာရာမဝေဠုဝန်တောရဓမ္မရိပ်သာ အရိုးတောင်အုပ်စု၊ ဇောတိဘုရားကြီးလမ်းမ၊ တွံတေးမြို့

လယ်တီမူအနာဂါမ်ဆရာသက်ကြီးနည်းဖြင့် မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးသန်း(ဒလ/ပျော်ဘွယ်ကြီး)၏ တပည့်လယ်တီကမ္မဋ္ဌာနာစရိယအရှင် ဇေယျာနန္ဒ(ပုဂံ)ဦးဆောင်သော သမထ-ဝိပဿနာအထူး ခုနစ်ရက်တရားစခန်းပွဲကြီးကို တွံတေးမြို့နယ် အရိုးတောင်အုပ်စု ဇောတိဘုရားကြီးလမ်းမ၊ ဇေယျာနန္ဒာရာမ ဝေဠုဝန်တောရ ဓမ္မရိပ်သာကြီးတွင် မဟာသင်္ကြန်ကာလ ၁၀-၄-၂၀၁၆ ရက်နေ့ ညနေမှ ၁၈-၄-၂၀၁၆ ရက် နံနက်အထိ ဖွင့်လှစ်ပါမည်။ တရားစခန်းဝင်လိုသူများကြိုတင်စာရင်းသွင်းတော်မူကြပါ။ တရားစခန်းဝင်ယောဂီများအား နံနက် အရုဏ်ဆွမ်း ၁၀၀၀၀ဝိ/-(တစ်သိန်းကျပ်)၊ နေ့ဆွမ်း ၂၀၀၀၀ဝိ/-(နှစ်သိန်းကျပ်)၊ အချိုပွဲ ၅၀၀၀ဝိ/-(ငါးသောင်းကျပ်) ညနေဖျော်ရည် ၅၀၀၀ဝိ/-(ငါးသောင်းကျပ်) ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါသည်။ ဆက်သွယ်ရန်လိပ်စာ အကျိုးတော်ဆောင်အဖွဲ့၊ ရတနာမဋ္ဌူ ဓမ္မရိပ်သာ၊ သမိုင်း ၂ လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၉၇၀၂၇၊ ၀၉-၄၉၂၄၅၇၉၉၊ ၀၉-၉၆၆၃၈၀၂၊ တွံတေးမြို့ ဦးနိုင်နိုင် ဖုန်း-၀၉-၇၉၆၂၃၉၂၉၃၊ ဒေါ်တင်တင်ခိုင်(ဓမ္မစကူးလ်) ဖုန်း-၀၉-၅၃၉၆၀၇၈

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1E/3086 Toyota vitzscp 90 S/L (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်အောင် ၇/တငန(နိုင်)၁၀၅၉၀၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဃ/၆၀၁၃၁ Jialing 90 ယာဉ်လက်ဝယ်ရှိသူ ဦးထန်ဇားဝါ ၅/ကလထ(နိုင်)၀၅၄၇၆၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကလေးမြို့)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆င/၄၃၈၃ ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်စိုး ၉/ကပတ(နိုင်)၀၇၅၈၀၁၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၈၄၅၉၉ Jialing JL90 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မျိုးမျိုးသင်း ၉/မနတ(နိုင်)၁၀၂၀၅၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

# ဒုတိယသမ္မတများအဖြစ် ဦးထင်ကျော်၊ ဦးဟင်နရီဗန်ထီးယူနှင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ(အငြိမ်းစား)တို့ကို ရွေးချယ်တင်မြှောက်



ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့၏ ဒုတိယသမ္မတရွေးချယ်တင်မြှောက်ရန်အတွက် လျှို့ဝှက်ဆန္ဒမဲပေးပြီးနောက် မဲရေတွက်နေစဉ်။ (သတင်းစဉ်)

**နေပြည်တော် မတ် ၁၁**

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့နှင့် ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့ ဒုတိယနေ့ အစည်းအဝေး များကို ယနေ့ နံနက် ၁၀ နာရီတွင် သက်ဆိုင်ရာ လွှတ်တော်အသီးသီး၌ ဆက်လက်ကျင်းပရာ ရွေး ကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစု အဖွဲ့မှ ဒုတိယသမ္မတအဖြစ် ဦးထင်ကျော်နှင့် ရွေး ကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးဟင်နရီဗန်ထီးယူတို့အား ရွေးချယ်တင် မြှောက်ကြသည်။

ယနေ့ ကျင်းပသည့် ရွေးကောက်ခံ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေး ဒုတိယနေ့တွင် တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၃၂၃ ဦး ရှိသည့်အနက် ၃၁၇ ဦး တက်ရောက်ပြီး ခြောက်ဦး ခွင့်တိုင်ကြားခဲ့ကြောင်းနှင့် ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးတွင် တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦး ရှိသည့် အနက် ၁၆၇ ဦး တက်ရောက်ပြီး တစ်ဦး ခွင့်တိုင်ကြား ခဲ့သည်။

အစည်းအဝေးအစီအစဉ်များအရ ဒုတိယသမ္မတ များကို လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်တင်မြှောက်ကြ ရာတွင် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များအစုအဖွဲ့၌ ဆန္ဒမဲပေးသူ ၃၁၇ ဦးအနက် ဦးထင်ကျော်က ထောက်ခံမဲ ၂၇၄ မဲနှင့် ဒေါက်တာ စိုင်းမောက်ခမ်းက ထောက်ခံမဲ ၂၉ မဲ ရရှိကြပြီး ပယ်မဲမှာ ၁၄ မဲရှိသဖြင့် မဲအများဆုံး ရရှိသော



ဦးထင်ကျော်
(ဓာတ်ပုံ-သတင်းစဉ်)



ဦးဟင်နရီဗန်ထီးယူ
(ဓာတ်ပုံ-ရွှေအင်းသားခင်မောင်ဝင်း)



ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ(အငြိမ်းစား)
(ဓာတ်ပုံ-သတင်းစဉ်)

*စာမျက်နှာ ၆ ကော်လံ ၃* ✱

မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

